# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၈ ခုနှစ် ၊ ဒုတိယဝါဆိုလဆန်း (၁၂)ရက် ၊ တနင်္ဂနွေနေ့ ၊ (26-7-2026) ၊ အတွဲ (၃၅) ၊ အမှတ် (၀၈၇)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး မြန်မာ့ရိုးရာအစားအစာပြိုင်ပွဲနှင့် ပြပွဲ -၂၀၂၆ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြား



ရန်ကုန် ဇူလိုင် ၂၅

ဟိုတယ်၊ ခရီးသွားလာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ကြီးကြပ်မှုဖြင့် မြန်မာနိုင်ငံ စားသောက်ဆိုင်လုပ်ငန်းရှင်များအသင်းနှင့် ပူးပေါင်း၍ ကျင်းပသည့် မြန်မာ့ရိုးရာအစားအစာပြိုင်ပွဲနှင့် ပြပွဲ-၂၀၂၆(Tastes of the Golden Land-2026) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ ရန်ကုန်ကွန်ဗင်းရှင်းစင်တာ၌ ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

စာမျက်နှာ ၁၆ ကော်လံ ၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး မြန်မာ့ရိုးရာအစားအစာ ပြခန်းများနှင့် ပြိုင်ပွဲဝင်များ၏ယှဉ်ပြိုင်နေမှုကို လှည့်လည်ကြည့်ရှုအားပေးစဉ်။

ဒုတိယဝန်ကြီး ခန့်အပ်တာဝန်ပေး

စာမျက်နှာ - ၁၉

မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့(CNG) သုံးစွဲခွင့်ပြုထားသည့် YBS ခရီးသည်တင်ယာဉ် ၁၀ စီး သတ်မှတ်ထားသည့် လမ်းကြောင်းအတိုင်း ပြေးဆွဲမှုမရှိဘဲ စက်ရုံများတွင် ဖယ်ရီပြေးဆွဲနေသည့်အတွက် ရာသက်ပန် ဓာတ်ငွေ့ဖြည့်သွင်းခွင့် ပိတ်သိမ်းအရေးယူ

စာမျက်နှာ - ၂၀

## ချင်းပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးအတွက် မွန်ပြည်နယ် အစိုးရအဖွဲ့က ထောက်ပံ့သည့် ထောက်ပံ့ပစ္စည်းများ ကလေးမြို့သို့ရောက်ရှိ

ဟားခါး ဇူလိုင် ၂၅

ချင်းပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများကို အောင်မြင်စွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ လုပ်ငန်းကဏ္ဍအလိုက် ဌာန၊အဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ ပါဝင်ဖွဲ့စည်းထားသည့်

စာမျက်နှာ ၂၂ ကော်လံ ၁

ချင်းပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးအတွက် မွန်ပြည်နယ်အစိုးရအဖွဲ့က ထောက်ပံ့သည့် ထောက်ပံ့ပစ္စည်းများ ကလေးမြို့သို့ ရောက်ရှိစဉ်။



လမင်းစီမံချက်ဖြင့် ကျောင်းသား၊ ကျောင်းသူများကို နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်ထုတ်ပေးခြင်းများ One Stop Service ဖြင့် ဆောင်ရွက်ပေးလျက်ရှိစဉ်။



## လမင်းစီမံချက်ဖြင့် ကျောင်းသား၊ ကျောင်းသူများကို နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်ထုတ်ပေးခြင်းများ One Stop Service ဖြင့် ဆောင်ရွက်ပေးလျက်ရှိ

မန္တလေး ဇူလိုင် ၂၅

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံခရိုင် အောင်မြေသာစံမြို့နယ်မှူးရုံးက ပြည်သူ့အကျိုးပြု လမင်းစီမံချက်ဖြင့် ကျောင်းဖွင့်ချိန်မှစတင်၍ အခြေခံပညာကျောင်းများ၌ ကျောင်းသား၊ ကျောင်းသူများကို နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်ထုတ်ပေးခြင်းများကို

စာမျက်နှာ ၁၇ ကော်လံ ၁

## ထူးခြားသည့် နေ့အပူချိန်များ


(၂၅-၇-၂၀၂၆)

| | | | | |
|---|---|---|---|---|
| ညောင်ဦး | ၃၈ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| မြင်းမူ | ၃၇ | ဒသမ | ၈ | ဒီဂရီဆဲလ်စီးယပ် |
| တံတားဦး | ၃၇ | ဒသမ | ၇ | ဒီဂရီဆဲလ်စီးယပ် |
| ကျောက်ဆည် | ၃၇ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် |
| ခန္တီး | ၃၇ | ဒသမ | ၂ | ဒီဂရီဆဲလ်စီးယပ် |

## လေဖိအားနည်းရပ်ဝန်း ပိုမိုအားကောင်းလာနိုင်

နေပြည်တော် ဇူလိုင် ၂၅

ယနေ့ညနေ ၃ နာရီအချိန်တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အနောက်မြောက်ပိုင်းနှင့်ယင်းနှင့်ဆက်စပ်လျက်ရှိသော အနောက်ဘင်္ဂလားပြည်နယ်ကမ်းခြေတွင်ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်း (Low Pressure Area)သည် ဆက်လက်တည်ရှိနေသည်။ အဆိုပါလေဖိအားနည်းရပ်ဝန်းသည် နောက်နှစ်ရက်အတွင်း ပိုမိုအားကောင်းလာနိုင်သည်ဟု ခန့်မှန်းရသည်။ (မိုး/ဇလ)



ရတနာပုံ
၂၀၂၆ ခုနှစ် ဇူလိုင် ၂၆ ရက်
အယ်ဒီတာ့အာဘော်

# စည်းကမ်း ကျင့်ဝတ် အလုပ်၏တန်ဖိုးနှင့် စည်းလုံးညီညွတ်သောနိုင်ငံတော်

နိုင်ငံတစ်နိုင်ငံ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်၍ အချုပ်အခြာအာဏာခိုင်မာရေးနှင့် လူမှုစီးပွားဘဝများ သာယာဝပြောရေးအတွက် အဓိကကျသော မောင်းနှင်အားမှာ အခြားမဟုတ် ထိုနိုင်ငံရှိ နိုင်ငံသူ၊ နိုင်ငံသားများ၏ စည်းလုံးညီညွတ်မှုနှင့် တာဝန်သိတတ်မှုပင် ဖြစ်သည်။ သဘာဝသယံဇာတ ပေါကြွယ်ဝခြင်းသည် တိုးတက်ရေးအတွက် အထောက်အကူပြုနိုင်သော်လည်း ၎င်းထက်ပို၍ ခိုင်မာသည့်အုတ်မြစ်မှာ စည်းကမ်းတကျ ညီညွတ်စွာ လက်တွဲဆောင်ရွက်ကြသည့် လူ့စွမ်းအားအရင်းအမြစ်၏တန်ဖိုးပင် ဖြစ်သည်။

မိမိတို့ တာဝန်ယူရာ ကဏ္ဍအသီးသီးတွင် ရိုးသားကြိုးစားစွာ လုပ်ကိုင်နေကြသော လူတစ်ဦးချင်းစီ၏ အလုပ်အကိုင်နှင့်လုပ်အားသည် မိသားစုဘဝရပ်တည်ရေးအတွက်သာမက အမျိုးသားစီးပွားနှင့် နိုင်ငံတော်အနာဂတ် တည်ဆောက်ရေးအတွက် တန်ဖိုးမဖြတ်နိုင်သောအင်အား ဖြစ်သည်။ လူတစ်ဦး၏ အလုပ်လုပ်ပုံ၊ တာဝန်ယူနိုင်စွမ်းနှင့် အလုပ်အပေါ်ထားရှိသည့် တန်ဖိုးထားမှုတို့သည် တစ်မျိုးသားလုံး၏ လုပ်အားအဖြစ် ပေါင်းစည်းသွားချိန်တွင် နိုင်ငံတော်၏ ကုန်ထုတ်လုပ်မှုဆိုင်ရာ ကြီးမားသောအကျိုးရလဒ်အဖြစ်သို့ ပြောင်းလဲသွားပေသည်။

သို့ရာတွင် တိုးတက်မှုပန်းတိုင်သို့ ထိရောက်စွာတက်လှမ်းနိုင်ရေးအတွက် မိမိတို့၏ အလုပ်အကိုင်များကို လုပ်ဆောင်ကြရာ၌ စည်းကမ်းတကျရှိခြင်း၊ သတ်မှတ်ထားသော စည်းမျဉ်းဥပဒေများကို လေးစားလိုက်နာခြင်းနှင့် သက်ဆိုင်ရာကျင့်ဝတ်များအပေါ် အလေးထားစောင့်ထိန်းခြင်းတို့ကို မလွဲမသွေ ပြုမူဆောင်ရွက်ကြရမည်ဖြစ်သည်။ စည်းကမ်းမရှိသော ပြုမူဆောင်ရွက်မှုများနှင့် ကျင့်ဝတ်မဲ့သော ဆောင်ရွက်မှုများသည် လုပ်ငန်းခွင်နှင့် လူမှုအသိုက်အဝန်းအတွင်း စနစ်တကျလည်ပတ်မှုကို အဟန့်အတားဖြစ်စေရုံမျှမက မလိုလားအပ်သော ပဋိပက္ခများနှင့် ပြဿနာများကိုလည်း ဖြစ်ပေါ်စေမည်ဖြစ်သည်။

စိန်ခေါ်မှုနှင့် အခက်အခဲမှန်သမျှကို ရင်ဆိုင်ကျော်လွှားရာတွင် စည်းလုံးညီညွတ်မှုသည် အဓိကသော့ချက်ဖြစ်သည်။ တစ်ဦးနှင့်တစ်ဦး အပြန်အလှန်လေးစားမှု၊ အစုအဖွဲ့စိတ်ဓာတ်နှင့် တာဝန်ယူမှု၊ တာဝန်ခံမှုတို့ဖြင့် လက်တွဲဆောင်ရွက်ကြသည့်အခါ အဟန့်အတားမှန်သမျှကို ကျော်လွှန်၍ အောင်မြင်မှုအသီးအပွင့်များကို ဆွတ်ခူးနိုင်မည်ဖြစ်သည်။ စည်းကမ်းပြည့်ဝပြီး ညီညွတ်သော နိုင်ငံသားတို့၏ အပြုအမူသည် မိမိတို့၏အရည်အသွေးနှင့် အလုပ်၏တန်ဖိုးကို ဖော်ညွှန်းနေသကဲ့သို့ နိုင်ငံတော်၏ ဂုဏ်သိက္ခာကိုလည်း မြင့်မားတောက်ပြောင်စေမည်ဖြစ်သည်။

ထို့ပြင် ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံတော်ကို တည်ဆောက်ရာ၌ မိမိတို့ကျရာအခန်းကဏ္ဍမှ တာဝန်သိသိ၊ သစ္စာရှိရှိဖြင့် လုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်ရေးသည်လည်း အလွန်ပင် ပဓာနကျလှသည်။ လူတစ်ဦးချင်းစီက မိမိတို့အလုပ်ကို မြတ်နိုးတန်ဖိုးထားပြီး စည်းကမ်းတကျ ညီညွတ်စွာ ပူးပေါင်းဆောင်ရွက်ကြမည်ဆိုပါက မည်သို့သောအခက်အခဲနှင့် စိန်ခေါ်မှုများပင် ကြုံတွေ့ရစေကာမူ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး ခရီးစဉ်သည် မယိမ်းမယိုင်ဘဲ ရှေ့သို့အရှိန်အဟုန်မပျက် ဆက်လက်ချီတက်နိုင်မည်ဖြစ်သည်။

သို့ဖြစ်ပါ၍ မိမိတို့ လုပ်ကိုင်ဆောင်ရွက်နေသည့် အလုပ်အကိုင်တိုင်းသည် နိုင်ငံတော်တည်ဆောက်ရေး၏ အရေးပါသော ဒေါက်တိုင်များဖြစ်ကြောင်း သတိမူလျက် တည်ဆဲဥပဒေများ၊ စည်းမျဉ်းများ၊ ကျင့်ဝတ်များကို စနစ်တကျ လိုက်နာကာ စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ဖြင့် တိုင်းပြည်နှင့် ပြည်သူ့အကျိုးကို စွမ်းစွမ်းတမံ သယ်ပိုးဆောင်ရွက်ကြပါရန် တိုက်တွန်းနှိုးဆော်လိုက်ရပေသည်။

# ရွှေဘိုခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ငှက်ပျော ကေအားလုံး ရာနှုန်းပြည့်စိုက်ပျိုးပြီးစီး



**ရွှေဘို ဇူလိုင် ၂၅**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ငှက်ပျောကေအားလုံး ရာနှုန်းပြည့် စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ရွှေဘိုခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ရွှေဘိုခရိုင်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ ငှက်ပျော ၄၀၁၉ ကေ စိုက်ပျိုးရန်လျာထားပြီး ယခုနှစ်မေလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ကေအားလုံး စိုက်ပျိုးပြီးစီးပြီ ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ရွှေဘိုခရိုင်မှာ ငှက်ပျော ကေ ၄၀၀၀ ကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ လက်ရှိအချိန်မှာတော့ ကေအားလုံး ရာနှုန်းပြည့်စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ အခုနောက်ပိုင်း လယ်ကန်သင်းတွေမှာ ငှက်ပျောစိုက်တာမျိုးလဲ တွေ့လာရပါတယ်။ ပိုးမွှားရောဂါကျရောက်မှုလဲ များသောအားဖြင့် သက်သာပါတယ်"ဟု ရွှေဘိုခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ဇာဇာမင်းက ပြောပြသည်။

ရွှေဘိုခရိုင်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ ငှက်ပျောစိုက်ပျိုးရန်အတွက် မြို့နယ်အလိုက် လျာထားမှုအနေဖြင့် ရွှေဘိုမြို့နယ်တွင် ကေ ၁၄၂၀၊ ခင်ဦးမြို့နယ်တွင် ၂၆၈ ကေ၊ ဝက်လက်မြို့နယ်တွင် ၂၃၁၁ ကေနှင့် ကျောက်မြောင်းမြို့နယ်ခွဲတွင် ကေ ၂၀ စုစုပေါင်း ၄၀၁၉ ကေတို့ ဖြစ်ကြောင်း သိရသည်။

ငှက်ပျောကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှု ဖူလုံနိုင်မည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ငှက်ပျောကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းရမည် ဖြစ်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်ဇာဇာမင်းက ပြောပြ၍ သိရသည်။

(၂၀၆)

# သာစည်မြို့နယ် သစ်စီးရေကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**သာစည် ဇူလိုင် ၂၅**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနကသစ်စီးရေကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့်အကောင်အထည်ဖော် ဆောင်ရွက်ထားရှိသော လုပ်ငန်းများကို ဇူလိုင် ၂၄ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်းသိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သာစည်မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်း၊ ဦးစီးအရာရှိ ဒေါ်တိုးတိုးစိန်နှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက သစ်စီးရေကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေဖြင့် ဆောင်ရွက်ထားသောစိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ် လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် လအလိုက် ဖြည့်သွင်းရမည့် စာရင်းဇယားပုံစံများ ပြည့်စုံမှု ရှိ၊ မရှိ စစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

သစ်စီးရေကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ဦးရေ ၄၀ ကို ငွေကျပ် ၁၅ ဒသမ ၇သန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၁၀၅ ဦးကို ငွေကျပ် ၃၀ ဒသမ ၃ သန်းနှင့် အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ ကိုးဦးကို ငွေကျပ် ၃ ဒသမ ၃သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၅၄ ဦး ရန်ပုံငွေကျပ် ၄၉ ဒသမ ၃ သန်း ထုတ်ချေးပေးထားပြီး လုပ်ငန်းများ လည်ပတ်လျက်ရှိကြောင်း သိရသည်။

ဟိန်းထက်စိုး(မလှိုင်)

# ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း ကွမ်းသီးအစိမ်းအလုံးရေအများအပြား တင်ပို့ရောင်းချနိုင်ခဲ့



**ဘိုကလေး ဇူလိုင် ၂၅**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း ကွမ်းသီးအစိမ်းအလုံးရေ အများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဘိုကလေးမြို့နယ် ကွမ်းသီးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ရီမော်က ပြောပြသည်။

ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မေလအတွင်းက ကွမ်းသီးအစိမ်း အလုံးရေ ၄၅၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇွန်လအတွင်း ကွမ်းသီးအစိမ်းအလုံးရေ ၆၄၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ ကွမ်းသီးအစိမ်းအလုံးရေ ၁၀၀ လျှင် ငွေကျပ် ၉၇၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

"ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချနေတဲ့ ကွမ်းသီးအစိမ်းတွေက အရည်အသွေးကောင်းပါတယ်။ လက်ရှိ ကွမ်းသီးအစိမ်း အလုံး ၁၀၀ ကို ငွေကျပ် ၉၇၀၀ ထိ ပေါက်ဈေးရှိပါတယ်။ ရန်ကုန်ဈေးကွက်ကို ကွမ်းသီးအစိမ်းတွေ အများအပြား တင်ပို့ရောင်းချအားကောင်းလာတော့ ကွမ်းသီးစိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်သူတွေ လုပ်ငန်းအဆင်ပြေနေပါတယ်"ဟု ဘိုကလေးမြို့နယ် ကွမ်းသီးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ရီမော်က ပြောပြသည်။

ဘိုကလေးမြို့နယ်ကထွက်ရှိသည့် ကွမ်းသီးအစိမ်းများကို ပွဲရုံပိုင်ရှင်များက ကွမ်းသီးခြံများအရောက် သွားရောက်ဝယ်ယူပြီး စနစ်တကျထုပ်ပိုးကာ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ ရန်ကုန်ဈေးကွက်မှတစ်ဆင့် အခြားဒေသများသို့ တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

ကျော်ကျော်လင်း

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊ E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။
Yadanarbon newspaper

# ချမ်းအေးသာစံမြို့နယ်၌ ရပ်ရွာဒေသဖွံ့ဖြိုးတိုးတက်ရေးခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်း(Public Talk)ကျင်းပ

**မန္တလေး ဇူလိုင် ၂၅**

မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ်တွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ပြည်သူ့စကားဝိုင်း (Public Talk)ကို ဇူလိုင် ၂၄ ရက် နံနက်ပိုင်းက ချမ်းအေးသာစံမြို့နယ် အိမ်တော်ရာဘုရားဝင်းအတွင်းရှိ ၁၄ ခန်း ဓမ္မာရုံ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ချမ်းအေးသာစံမြို့နယ် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးထွန်းထွန်းဝင်းက အမှာစကားပြောကြားပြီး မန္တလေးတိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်ဝေဝေဖြိုးက နိုင်ငံတော်အစိုးရ၏ ရက် ၁၀၀ စီမံချက်ဖြင့် ဒီမိုကရေစီစနစ်၏ အင်္ဂါရပ်များနှင့်အညီ အများပြည်သူနှင့် အစိုးရကြား ဆွေးနွေးတိုင်ပင်ရမည့် အကြောင်းကိစ္စများနှင့် အခွင့်အလမ်းများကို ဖော်ဆောင်ပေးရန်၊ မိမိရပ်ရွာတွင် ဖြစ်ပေါ်နေသည့် ကိစ္စများကို ဆွေးနွေးမှုရှိလာစေရန်နှင့် ပြည်သူများ၏ စဉ်းစားတွေးခေါ်မှုမြင့်မားလာစေပြီး ဆွေးနွေးပွဲများတွင် ပါဝင်ဆွေးနွေးတတ်သည့် အလေ့အကျင့်ကောင်းများ ဖြစ်ပေါ်လာစေရန်ရည်ရွယ်ကာ ပြည်သူ့စကားဝိုင်း ကျင်းပရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်သူ့စကားဝိုင်းတွင် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးကိုကိုထွေး၊ မန္တလေးတိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်ဝေဝေဖြိုး၊ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇေယျာငြိမ်း၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးဌာနမှူး ဦးစိုင်းထွန်းလှ၊ လှျပ်စစ်မန်နေဂျာရုံး မြို့နယ်လျှပ်စစ်မန်နေဂျာ ဒေါ်အေးအေးမျိုးနှင့် အားကစားနှင့်ကာယပညာဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနေဝင်းထွန်းတို့က "ရပ်ရွာဒေသဖွံ့ဖြိုးတိုးတက်ရေး"ခေါင်းစဉ်ဖြင့် မြို့နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် မိမိတို့သက်ဆိုင်ရာကဏ္ဍအလိုက် လုပ်ငန်းဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားပြီး တက်ရောက်လာသော ပြည်သူများက သိရှိလိုသည်များ ကိုမေးမြန်းခဲ့ရာ သက်ဆိုင်ရာ တာဝန်ရှိသူများက ပြန်လည် ဖြေကြားခဲ့ကြောင်း သိရသည်။

**ချမ်းမြေ့မောင်**

# ပြင်ဦးလွင်မြို့နယ် ဆင်ဖြူအင်းကျေးရွာ၌ VRFP စီမံကိန်းလုပ်ငန်းများ စစ်ဆေး

**ပြင်ဦးလွင် ဇူလိုင် ၂၅**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် ပြင်ဦးလွင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဆင်ဖြူအင်းကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း (VRFP) လုပ်ငန်းများ ဆောင်ရွက်နေမှုကို ဇူလိုင် ၂၄ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ပြင်ဦးလွင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဆက်နိုင်ထွန်း၊ ပြင်ဦးလွင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အိသန္တာကျော်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ဆင်ဖြူအင်းကျေးရွာ၌ ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ VRFP စီမံကိန်းရန်ပုံငွေဖြင့် စိုက်ပျိုးရေးလုပ်ငန်း ဆောင်ရွက်ထားရှိမှုများ၊ လအလိုက်စာရင်းဇယားများ ပုံမှန်ရေးသားဖြည့်သွင်းမှုရှိ၊ မရှိကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ ဆင်ဖြူအင်းကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၅၆ ဦးကို VRFP စီမံကိန်းရန်ပုံငွေကျပ် ၆၇၃ သိန်း ထုတ်ချေးပေးထားပြီး စီမံကိန်းလုပ်ငန်းများ အောင်မြင်စွာလည်ပတ် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဆက်ချစ်**

# ကျောက်မြောင်းမြို့နယ်ခွဲတွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၂၈၉၇ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ကျောက်မြောင်း ဇူလိုင် ၂၅**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ကျောက်မြောင်းမြို့နယ်ခွဲတွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၂၈၉၇ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကျောက်မြောင်းမြို့နယ်ခွဲ စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ကျောက်မြောင်းမြို့နယ်ခွဲတွင် ဟင်းသီးဟင်းရွက် ၄၉၀၃ ဧက စိုက်ပျိုးရန်အတွက် လျာထားပြီး ယခုနှစ်မေလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၂၈၉၇ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ကျောက်မြောင်း မြို့နယ်ခွဲမှာ ဟင်းသီးဟင်းရွက် ဧက ၄၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ လက်ရှိမှာ ၂၈၉၇ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေး နေပါတယ်။ မုန်ညင်း၊ ငရုတ်၊ နံနံ၊ အာလူး၊ ဂေါ်ဖီထုပ်၊ ခရမ်း၊ မုန်လာထုပ် စတဲ့သီးနှံတွေဖြစ်ပါတယ်" ဟု ကျောက်မြောင်းမြို့နယ်ခွဲ စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ပိုက ပြောပြ၍ သိရသည်။

ကျောက်မြောင်းမြို့နယ်ခွဲတွင် ဟင်းသီးဟင်းရွက်စိုက် တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက GAP နည်းစနစ်ဖြင့် စိုက်ပျိုးရန်၊ စိုက်ခင်းများမှ ထွက်ရှိလာသည့် ဟင်းသီးဟင်းရွက်များ ကျန်းမာရေးနှင့် ညီညွတ်သည့် သီးနှံဖြစ်စေရန်အတွက် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေး လျက်ရှိကြောင်း သိရသည်။

ဟင်းသီးဟင်းရွက်ကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်၍ ဟင်းသီးဟင်းရွက်ကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း ကျောက်မြောင်းမြို့နယ်ခွဲ စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ပိုက ပြောပြ၍ သိရသည်။

(၂၀၆)

# အမရပူရမြို့နယ်၌ ရပ်ရွာအခြေပြု လူကုန်ကူးမှုစိစစ်ဖော်ထုတ်ရေး သင်တန်းပို့ချ

**အမရပူရ ဇူလိုင် ၂၅**

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့၌ ရပ်ရွာအခြေပြုလူကုန်ကူးမှုစိစစ်ဖော်ထုတ်ရေး သင်တန်းပို့ချခြင်းကို ဇူလိုင် ၂၄ ရက် နံနက်ပိုင်းက အဆိုပါမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းတိုးဝင်းက အမှာစကားပြောကြားပြီး အမှတ်(၁၁) လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စု၊ မန္တလေးမှ တပ်ဖွဲ့စုမှူး ရဲမှူးခင်မာဝင်းက ရပ်ရွာအခြေပြု လူကုန်ကူးမှုစိစစ်ဖော်ထုတ်ရေး သင်တန်းနှင့်ပတ်သတ်၍ရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါသင်တန်းသို့ အမရပူရမြို့နယ်အတွင်းရှိရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ စာရေးဝန်ထမ်းများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့မှ အဖွဲ့ဝင်များစုစုပေါင်း ၁၀၆ ဦး တက်ရောက်ကြပြီး ရပ်ရွာအခြေပြုလူကုန်ကူးမှုစိစစ်ဖော်ထုတ်ခြင်းနှင့် ပတ်သတ်၍ သိသင့်သိထိုက်သည်များ၊ အချက်အလက်များနှင့်ဆက်သွယ်ရမည့်နည်းလမ်းများကို အမှတ် (၁၁) လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စု(မန္တလေး)မှ ရဲအုပ်ငွေးကိုက ရှင်းလင်းပို့ချခဲ့ကြောင်း၊ အခမ်းအနားသို့ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး၊ အမှတ် (၁၁) လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စု၊ မန္တလေးမှ တပ်ဖွဲ့စုမှူးနှင့်အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ အမျိုးသမီးရေးရာအဖွဲ့နှင့် သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**လွဲလွဲခိုင်(အမရပူရ)**

# ရေကြည်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း ညှော့မထဆန် ၂၄ ပြည်ဝင်အိတ်ရေအများအပြား တင်ပို့ရောင်းချနိုင်ခဲ့

**ရေကြည် ဇူလိုင် ၂၅**

ဧရာဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း ညှော့မထဆန် ၂၄ ပြည်ဝင်အိတ်ရေ ၄၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ရေကြည်မြို့နယ် ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်အေးအောင်က ပြောပြ၍ သိရသည်။

ရေကြည်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မေလအတွင်း ညှော့မထဆန် ၂၄ ပြည်ဝင်အိတ်ရေ ၃၅၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇွန်လအတွင်း ညှော့မထဆန် ၂၄ ပြည်ဝင်အိတ်ရေ ၄၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ ဆန်အမျိုးအစားသည် ဆန်ကြမ်းအုပ်စုတွင်ပါဝင်သည့် ဆန်အမျိုးအစားဖြစ်ကြောင်း သိရသည်။

"ပြီးခဲ့တဲ့ ဇွန်လအတွင်း ဒီဘက်ကနေ ညှော့မထဆန် ၂၄ ပြည်ဝင်အိတ်ရေ အများအပြား ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချနိုင်ခဲ့ပါတယ်။ ရေကြည်မြို့နယ်က လယ်ယာထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ကို အများဆုံးတင်ပို့ရောင်းချနေပါတယ်။ ညှော့မထဆန်ကို ရန်ကုန်ဈေးကွက်က အခုလထဲမှာလဲ အများအပြားဝယ်ယူဖို့ ချိတ်ဆက်မှုတွေရှိနေပါတယ်။ ပြီးခဲ့တဲ့ တစ်လအတွင်းမှာကော လတ်တလော အနေနဲ့ပါ ညှော့မထဆန်က အရောင်းအဝယ်ဖြစ်နေပါတယ်"ဟု ရေကြည်မြို့နယ် ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်အေးအောင်က ပြောပြသည်။

ရေကြည်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့်ဇွန်လအတွင်း တင်ပို့ရောင်းချခဲ့သည့် ညှော့မထဆန် ၂၄ ပြည်ဝင်အိတ်ရေတစ်အိတ်လျှင် ငွေကျပ် ၉၅၅၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါညှော့မထဆန်များ အရောင်းအဝယ်ကောင်းလာသည့်အတွက် စပါးစိုက်တောင်သူများ၊ ဆန်စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်များ၊ ကုန်တင်ကုန်ချလုပ်သားများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အလုပ်အကိုင်အခွင့်အလမ်း ရရှိလျက်ရှိကြောင်း ရေကြည်မြို့နယ်မှ ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်အေးအောင်က ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**



မျိုးသူ(ကုန်သွယ်မြှင့်)

# ဝယ်ယူဖို့ဆုံးဖြတ်နိုင်ရန် ဒီအချက်များစဉ်းစားပါ

ဝယ်ယူသူဖောက်သည်သည် သူ၏လိုအပ်ချက်နှင့် လိုအင်ဆန္ဒပေါ်တွင် အခြေခံ၍ ဝယ်ယူကြခြင်းဖြစ်သည်။ ကျွန်တော်တို့သည် ဝင်ငွေနည်းပါးချိန်တွင် မည်သည့်ပစ္စည်းကိုမဆို မဝယ်မီစဉ်းစားကြရသည်။ စဉ်းစားရာတွင်လည်း အမှန်လိုအပ်ချက်လား၊ လိုချင်စိတ်ပြင်းပြနေသည်လားဆိုသည်ကို မိမိစိတ်ကို မိမိဖတ်နိုင်ရန်လိုအပ်သည်။ ထို့ကြောင့် မဝယ်မီ အခိုက်အတန့်ထိ ဝယ်ယူရန်ဆုံးဖြတ်ရန် လိုအပ်သောအချက်များကို သိနေရမည်၊ ထည့်သွင်းစဉ်းစားရမည်ဖြစ်သည်။ ဝယ်ယူသူတစ်ဦးသည် မဝယ်မီ စဉ်းစားရာတွင် လိုချင်လိုက်တာဟုလည်းကောင်း၊ မိမိမီးဖိုတွင် မည်သည့်ပစ္စည်း လိုအပ်နေသည်ဟုလည်းကောင်း၊ စဉ်းစားတတ်၊ တွေးတတ်ကြသည်။ အချို့အိမ်ရှင်မများဆိုလျှင် ဈေးမသွားမီ၊ ဝယ်ရမည့်ပစ္စည်းစာရင်းကို ရေးမှတ်သွားတတ်ကြသည်။ မည်သည့်ပစ္စည်းကို လိုအပ်သည်က စတင်တွေးတတ်သည်။

ဥပမာ- အိမ်တွင်ဆန်ကုန်နေပြီ။ ဆန်ဝယ်ရန်လိုအပ်သည်ဆိုပါက မည်သည့်ဆန်အမျိုးအစားကို ဝယ်မည်နည်း။ ပေါ်ဆန်းမွှေးက ဈေးကြီးသည်၊ မနောသုခ ဝယ်သင့်သည်။ သို့သော် မနောသုခက အိမ်တွင်မည်သူတွေကကြိုက်၍ မည်သူကမကြိုက်။ ထို့ကြောင့် ပေါ်ဆန်းနှင့် သုခကို တစ်ဝက်စီဝယ်မည်။ ဝယ်ရာတွင် ၂၄ ပြည်အိတ်ကြီး နှစ်အိတ်ကို ဝယ်ထားလျှင် လချီ၍စားရမည်ဖြစ်၍ အိမ်တွင် ပိုးထိုးနိုင်သည်။ ထို့ကြောင့် ငွေလည်းမအောင်း၊ သယ်ရလည်းလွယ်။ ကုန်ကျငွေလည်း နည်းစေရန် ခြောက်ပြည်အိတ်နှစ်မျိုးဝယ်မည် စသည်ဖြင့်စဉ်းစားဆုံးဖြတ်မည်ဖြစ်သည်။ ထို့နောက် မည်သည့်ဆိုင်က ဝယ်မည်နည်း။ ဦးဘဆိုင်က အိမ်ထိလိုက်ပို့သည်၊ ဦးမြဆိုင်က အိမ်ထိမပို့။ သို့သော် ဦးမြဆိုင်က ဈေးသက်သာသည်၊ အရည်အသွေးနှင့် စက်ကြိတ်အဆင့်ကောင်းသည် စသည်ဖြင့်နှိုင်းယှဉ်မှုလုပ်ကြည့်ပြီး ဆုံးဖြတ်ချက်ကို ချမှတ်မည်ဖြစ်သည်။ ဤသို့ဝယ်ယူရန် စဉ်းစားခြင်းသည် မရှိမဖြစ်လိုအပ်ချက်အပေါ်အခြေခံ၍ စဉ်းစားခြင်းမျိုးဖြစ်သည်။

စမတ်ဖုန်းတစ်လုံးဝယ်ယူရန် စဉ်းစားပုံတွင်မူ လိုအပ်ချက်နှင့် လိုအင်ဆန္ဒရောနေတတ်သည်။ ယခုခေတ်တွင် ဖုန်းသည် မရှိမဖြစ် ဆက်သွယ်ရေးကိရိယာဖြစ်သဖြင့် ဖုန်းမရှိလျှင်၊ ဖုန်းပျက်လျှင် အသစ်ဝယ်ရန်စဉ်းစားရတတ်သည်။ ထိုအခါမျိုးတွင် လက်ဝယ်ရှိ ငွေကြေး၊ လိုချင်သောအမျိုးအစား၊ iPhone လား၊ Samsung လား၊ အခြားဈေးသက်သာသော ဖုန်းအမျိုးအစားလား စဉ်းစားရပြီဖြစ်သည်။ လိုအပ်သည်နှင့် လိုချင်သည်ကြား လွန်ဆွဲရပြီဖြစ်သည်။ လက်ဝယ်သုံးနိုင်သည့်ပမာဏဖြင့် ဝယ်ကြသည်ဖြစ်သည်။ လိုအပ်သည့် အဆင့်ထက်ကျော်၍ လိုချင်သည့်ဆန္ဒဖြင့် ဝယ်ယူခြင်းကို ပို၍ဆုံးဖြတ်တတ်ကြသည်။ ဝယ်သူနှစ်ဦးအတူလာလျှင်ပင် ထိုနှစ်ဦး၏ စဉ်းစားတွေးတောပုံချင်းပင် တူညီမည်မဟုတ်ပေ။ တစ်ခုရောင်းရလျှင် တစ်ခုအတွက် အကျိုးအမြတ်ရရှိမည်ဖြစ်ပြီး နှစ်ခုရောင်းရလျှင် နှစ်ခုအတွက် အကျိုးအမြတ်ရမည်ဖြစ်သည်။

သို့သော် ဈေးနှုန်း၊ အရေအတွက်၊ အရည်အသွေး စသည့်အချက်များကိုလိုက်၍ ဝယ်ယူသူဘက်မှ စဉ်းစားတွေးတောပုံ ပြောင်းလဲတတ်သကဲ့သို့ ဆုံးဖြတ်ချက်မှာမူ ဝန်ဆောင်မှုပေးခြင်းနှင့်လည်း ဆက်စပ်နေတတ်သည်။ ဝယ်ယူရန်လိုအပ်ချက်ကို သိရှိနိုင်ရန် ရောင်းသူ သို့မဟုတ် ဈေးကွက်ဖော်ဆောင်သူက ဝယ်ယူသူ၏စိတ်ကို ခန့်မှန်းနိုင်ခြင်းသည် ဝယ်ယူရေးလုပ်ငန်းစဉ်၏ ပထမခြေလှမ်းဖြစ်သည်။ လိုအပ်ချက်ရှိနေခြင်းက လိုအပ်သည့်ပစ္စည်းကို ဝယ်ယူရန် တွန်းအားဖြစ်လာသည်။ ထို့နောက် ဝယ်ယူလိုသောပစ္စည်းနှင့်ပတ်သက်သည့် သတင်းအချက်အလက်များကို စုဆောင်းမှတ်သားလာသည်။ သတင်းအချက်အလက်ရရှိခြင်းနှင့် ရရှိသည့်နေရာသည်လည်း ဝယ်ယူလိုစိတ်ကို တွန်းအားတစ်မျိုး

**❖ ဝယ်ယူရန်ဆုံးဖြတ်ချက်ကို မှားယွင်းချမှတ်မိပြီး ဝယ်လိုက်သည်နှင့်တစ်ပြိုင်နက် ငွေကြေးကုန်ကျမည်၊ ပစ္စည်းဝယ်ပြီးလျှင် မဖြစ်မနေသုံးသည့်အခါ လိုအပ်ချက်နှင့် ထပ်တူမညီသည်များပေါ်လာတတ်သည်။ လိမ်၍ရောင်းခံရလျှင် ပို၍ဆုံးရှုံးမည်၊ အချိန်၊ ငွေဆုံးရှုံးမည် စသည်တို့ပါဝင်လာမည်ဖြစ်၍ မဝယ်မီ စဉ်းစားဆုံးဖြတ်ခြင်းအပိုင်းသည် အရေးကြီးသည်။ ထို့ကြောင့် ဆုံးဖြတ်ချက်ချရန် စဉ်းစားတွေးခေါ်ပုံနှင့် ဆုံးဖြတ်ခြင်းတို့သည် ကြီးမားသောအလှည့်အပြောင်းအတွက် လိုအပ်ချက်ဖြစ်သည်။ ❖**

ဖြစ်စေသည်။ လူတို့၏ စိတ်ခံစားချက်များကို နားလည်သူက ရောင်းချမှုပိုမိုမည်သာဖြစ်သည်။ ထိုအဆင့်ကိုကျော်မှသာ ဝယ်ယူရန်ဆုံးဖြတ်ချက်ကို ချမှတ်တတ်ကြသည်။ ဝယ်ယူရန်စဉ်းစားသည့်အထဲတွင် ရောင်းချသူကိုယုံကြည်ရမှု၊ ပစ္စည်းနှင့်ပတ်သက်သည့် ယုံကြည်စိတ်ချရမှုတို့ကိုပါ ထည့်သွင်းစဉ်းစားတတ်သည်။ နောက်ဆုံးရွေးချယ်ခြင်းကို မိမိနှင့်အကိုက်ညီဆုံး သို့မဟုတ် ယုံကြည်စိတ်ချရဆုံးဟုထင်သော ပစ္စည်းကိုရွေးချယ်ခြင်းဖြစ်သည်။ ရွေးချယ်ပြီးနောက် ဝယ်ယူရန်ဆုံးဖြတ်ချက်ချပြီ၊ ဝယ်ယူပြီဖြစ်သည်။

**ဆုံးဖြတ်ချက်ချရန်လမ်းစဉ် သို့မဟုတ် မူဘောင်**

ဝယ်ယူရန်ဆုံးဖြတ်ချက်ချမှတ်ခြင်းကို ပစ္စည်းတစ်ခုဝယ်ယူမှုတွင် ဤမျှအထိစဉ်းစားတွေးခေါ်နေရန်လိုမည်လားဟု ပြောစရာရှိသည်။ လိုအပ်သည်။ အဘယ်ကြောင့်ဆိုသော ဝယ်ယူရန်ဆုံးဖြတ်ချက်ကို မှားယွင်းချမှတ်မိပြီး ဝယ်လိုက်သည်နှင့်တစ်ပြိုင်နက် ငွေကြေးကုန်ကျမည်၊ ပစ္စည်းဝယ်ပြီးလျှင် မဖြစ်မနေသုံးသည့်အခါ လိုအပ်ချက်နှင့် ထပ်တူမညီသည်များပေါ်လာတတ်သည်။ လိမ်၍ရောင်းခံရလျှင် ပို၍ဆုံးရှုံးမည်၊ အချိန်၊ ငွေဆုံးရှုံးမည် စသည်တို့ပါဝင်လာမည်ဖြစ်၍ မဝယ်မီစဉ်းစားဆုံးဖြတ်ခြင်း အပိုင်းသည်အရေးကြီးသည်။ ထို့ကြောင့် ဆုံးဖြတ်ချက်ချရန် စဉ်းစားတွေးခေါ်ပုံနှင့် ဆုံးဖြတ်ခြင်းတို့သည် ကြီးမားသော အလှည့်အပြောင်းအတွက် လိုအပ်ချက်ဖြစ်သည်။ ဆုံးဖြတ်ချက်ချမှတ်သည့် လုပ်ငန်းစဉ်ကို အောက်ပါအတိုင်း အဆင့်လေးဆင့်ဖြင့် ဖော်ပြနိုင်ပြီး အတိုအားဖြင့် D-E-E-P ဟုမှတ်သားနိုင်သည်-

- လိုအပ်ချက်များဖော်ထုတ်ခြင်း (Define Needs)
- ဖြေရှင်းနည်းများ ရှာဖွေခြင်း (Explore Solutions)
- နှိုင်းယှဉ်သုံးသပ်ခြင်း (Evaluate Options)
- အကောင်းဆုံးကို ရွေးချယ်ဝယ်ယူခြင်း (Purchase the best options)

**လိုအပ်ချက်များဖော်ထုတ်ခြင်း (Define Needs)**

မဝယ်မီ လိုအပ်ချက်များကို ဖော်ထုတ်စဉ်းစားထားရမည်ဖြစ်သည်။ ရောင်းသူဘက်က စဉ်းစားရာတွင် ဖောက်သည်သည် မည်သည့်ပစ္စည်းကို ဝယ်မည်၊ မည်သည့်အရည်အသွေးကို ရွေးမည်၊ မည်သည့် ဈေးနှုန်းရှိ အမျိုးအစားကို စဉ်းစားနေသည်၊ ဝယ်နိုင်သည့်အင်အားမည်မျှရှိမည် စသည်တို့ကို စဉ်းစားရသည်။ ဝယ်ယူမည့်သူ၏ ဝတ်စားပုံ၊ ပြောဆိုပုံ၊ ပါရှိလာသည့် အသုံးအဆောင် စသည်တို့ကိုလည်းကောင်း၊ သိပြီးသူဖြစ်လျှင်လည်း သူ၏နောက်ခံအင်အားထိ ကြည့်ကြရသည်လည်း ရှိတတ်သည်။ ထိုသို့အကဲဖြတ်ခြင်းသည် တစ်ခါတစ်ရံတွင်လည်း လွဲချော်တတ်သည်။ ထို့ကြောင့် ဖောက်သည်များကို အပေါ်ယံအကဲဖြတ်ခြင်းထက် စိတ်သဘောထားနှင့်စဉ်းစားပုံကို ပို၍ကြည့်ရန်လိုအပ်မည်ဖြစ်သည်။ ဖောက်သည်တစ်ဦးက ဝယ်ယူရန် စဉ်းစားရခြင်းမှာ မည်သည့်အခက်အခဲ သို့မဟုတ် မည်သည့် လိုအပ်ချက်ကြောင့်ဖြစ်သည်ကို အနီးစပ်ဆုံးသိရန် ဖော်ထုတ်နိုင်ရန် လိုအပ်သည်။ ဤသည်မှာ "လိုအပ်ချက်များကို ဖော်ထုတ်ခြင်း" အပိုင်းဖြစ်သည်။ သူ၏ပြဿနာ၊ ဝယ်သူ၏အခက်အခဲကို ဖြေရှင်းပေးခြင်းသည် ဝယ်သူကိုဆုံးဖြတ်ချက်ချနိုင်ရန် ကူညီခြင်းပင်ဖြစ်သည်။

**ဖြေရှင်းနည်းများရှာဖွေခြင်း (Explore Solutions)**

လိုအပ်ချက်ကို ဖော်ထုတ်ပြီးပြီဆိုပါက ဖြေရှင်းပေးရမည်ဖြစ်သည်။ ဖြေရှင်းနိုင်ရန်အတွက် မည်သည့်ပစ္စည်း၊ မည်သည့်ဈေးနှုန်း၊ မည်သည့်အရည်အသွေးကိုရွေးချယ်မည်၊ မည်သည့်ဆိုင်နှင့် နှိုင်းယှဉ်စဉ်းစားမည် စသည့်သတင်းအချက်အလက်များကို ရှာဖွေခြင်းနှင့် နောက်ဆုံးရောင်းပြီး ဝန်ဆောင်မှုစဉ်းစားမည်။ မိတ်ဆွေအကြံဉာဏ်ရယူမည် စသည့်နည်းလမ်းများဖြင့်ဝယ်ယူရန် ဆုံးဖြတ်ချက်အတွက် ဖြေရှင်းမည့်နည်းလမ်းများရှာဖွေကြသည်။ ဝယ်ယူသည်ဆိုရာတွင် လုပ်ငန်းအတွက် လိုအပ်သောပစ္စည်းများဝယ်ယူခြင်း၊ အရန်ပစ္စည်းများ ဝယ်ယူခြင်း၊ မိသားစုစားဝတ်နေရေးအတွက် ဝယ်ယူခြင်း စသည်ဖြင့် လိုအပ်ချက်အပေါ်လိုက်၍လည်း ဖြေရှင်းနည်းရှာဖွေရာတွင် အချိန်ယူမှုကွာခြားတတ်သည်။ ဥပမာ- ဖိနပ်တစ်ရံဝယ်ယူရန်အတွက် ဖြေရှင်းနည်းရှာဖွေခြင်းနှင့် စီးရန်ကားတစ်စီးဝယ်ယူခြင်းတို့တွင် များစွာကွာခြားမည်ဖြစ်သည်။ ဖြေရှင်းနည်းရှာဖွေရမည့် အချိန်ယူမှုတွင်ပင် များစွာကွာခြားမည်ဖြစ်သည်။

**နှိုင်းယှဉ်သုံးသပ်ခြင်း (Evaluate Options)**

လိုအပ်ချက်ကိုဖော်ထုတ်၍ ဖြေရှင်းနည်းကိုလည်း ရှာဖွေပြီးပြီဆိုပါက နှိုင်းယှဉ်သုံးသပ်ခြင်းကို ဆောင်ရွက်မည်ဖြစ်သည်။ နှိုင်းယှဉ်သုံးသပ်ခြင်းလုပ်နိုင်ရန် ဈေးကွက်တွင်လည်း အမျိုးတူပစ္စည်းများယှဉ်ပြိုင်ရောင်းဝယ်နေရန်လိုအပ်မည်။ သို့မှသာ မတူညီသောအချက်များကို ရှာဖွေပြီး စိတ်ကြိုက်နှိုင်းယှဉ်၊ စိတ်ကြိုက်ဝယ်ယူရန်ဆုံးဖြတ်နိုင်မည်ဖြစ်သည်။ ရွေးချယ်စရာများကို ရောင်းချသူဘက်က စဉ်းစားပြီး မိမိပစ္စည်း၏ကောင်းကွက်များ၊ အားသာချက်များကို တန်းစီဖော်ပြနိုင်ရမည်။ ပြိုင်ဘက်ပစ္စည်းများထက် မည်သည့်အချက်များက အားသာချက်ဖြစ်သည်ကို စဉ်းစားပြီး နှိုင်းယှဉ်ပြောပြနိုင်ရမည်။ ရောင်းမည့်သူက မိမိဆိုင်ရှိပစ္စည်းကို ဝယ်ယူသူက ရွေးချယ်စေရန် ကောင်းကွက်များ၊ အားသာချက်များကို တန်းစီပြောနိုင်ရန် လိုအပ်သည်။ အခြားပြိုင်ဘက်များထက် မိမိပစ္စည်းက မည်သည့်အတွက် ပိုဝယ်သင့်အောင် ကောင်းရသည်ဆိုသည့်တန်ဖိုးကို ဖော်ပြနိုင်ရန်လိုသည်။

**အကောင်းဆုံးကို ရွေးချယ်ဝယ်ယူခြင်း (Purchase the best options)**

နောက်ဆုံးပြုလုပ်ရမည့်အချက်မှာ အကောင်းဆုံးကိုရွေးချယ်ခြင်းဖြစ်သည်။ စဉ်းစားခြင်း၊ နှိုင်းယှဉ်ခြင်းများပြီးပါက ရွေးချယ်ပြီး ဝယ်ယူခြင်းဖြင့် အဆုံးသတ်မည်ဖြစ်သည်။ ဆုံးဖြတ်ခြင်းဟူသည့် အခက်အခဲဆုံးအပိုင်းကို ကျော်လွှားပြီးပြီဆိုပါက ဝယ်ယူခြင်းသည် မခက်လှပေ။ ငွေပေးချေခြင်း အပိုင်းကိုလည်း လွယ်ကူလျင်မြန်စွာဆောင်ရွက်နိုင်စေရန် လုပ်ဆောင်ပေးခြင်းသည် အဆုံးသတ်တွင် အခက်အခဲမရှိစေခြင်းဖြစ်၍ အထူးလိုအပ်သည်။ တန်ဖိုးကြီးပစ္စည်းများတွင် အရစ်ကျစနစ်များ၊ ဘဏ်ချေးငွေများဖြင့် ဝယ်ယူနိုင်ခြင်းသည်လည်း ရောင်းအားကို ပိုမိုတိုးတက်စေမည်ဖြစ်သည်။ ထို့နောက် အပြီးသတ်ငွေချေ၍ ပစ္စည်းကို ဝယ်ယူသူ လက်ဝယ်ရောက်သွားသည့်တိုင်အောင် နောက်တစ်ကြိမ် မိမိထံမှထပ်မံဝယ်ယူရန်နှင့် အမြဲတမ်းဖောက်သည်ဖြစ်စေရန် အတွက် ရောင်းပြီးဝန်ဆောင်မှုသည်လည်း အရေးကြီးသော အချက်တစ်ချက်အဖြစ် သတ်မှတ်ဆောင်ရွက်ပေးရန်ရောင်းသူဘက်မှ လိုအပ်သည်။

အထက်ပါအချက်လေးချက်သည် ဝယ်ယူသူက ဝယ်ယူရန်လုပ်ငန်းစဉ်အဖြစ် ဆောင်ရွက်မည်ဖြစ်၍ ရောင်းသူနှင့် ဈေးကွက်ဖော်ဆောင်သူများက မိမိတို့ပစ္စည်းကို ဝယ်ယူစေရန် အထက်ပါအချက်လေးချက်ကို ဖြည့်ဆည်းပေးရန် လိုအပ်ပါကြောင်း ရေးသားလိုက်ရပါသည်။

**ကိုးကား**

**- Philip Kotler's Marketing 7.0)**

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှုခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊ ရောဂါပြင်းထန်စွာခံစားရမှုနှင့် ရောဂါကြောင့်သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှုမပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။

# လမ်းလျှောက်ခြင်းဖြင့် အဆုတ်အားကောင်းစေနိုင်သည်



လမ်းလျှောက်တဲ့အခါမှာ မိမိတို့ရဲ့အဆုတ်က အောက်ဆီဂျင်ကို ပိုမိုရရှိပါတယ်။ ရရှိလာတဲ့ အောက်ဆီဂျင်တွေကို သွေးနီဥတွေကရယူပြီး ခန္ဓာကိုယ်တစ်လျှောက်ကို သယ်ဆောင်သွားပေးပါတယ်။

ဒ့ါအပြင် အဆိပ်အတောက်တွေကိုလည်း ဖယ်ရှားပေးနိုင်တဲ့အတွက် အဆုတ်ရဲ့ လုပ်ငန်း လည်ပတ်မှုကိုလည်း အားကောင်းစေတာကြောင့် အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါတွေဖြစ်ပွားနိုင်မှုကိုလည်း လျှော့ချပေးနိုင်ပါတယ်။

# ဝါးခယ်မမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ သီးနှံစုံ ၁၇၇၃၃၅ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**မြောင်းမြ ဇူလိုင် ၂၅**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ဝါးခယ်မမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ သီးနှံစုံ ၁၇၇၃၃၅ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဝါးခယ်မမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ သီးနှံစုံ ၂၁၄၂၈၁ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် ဇွန်လပထမပတ်က စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် သီးနှံစုံ ၁၇၇၃၃၅ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ဝါးခယ်မမြို့နယ်မှာ စားဖိုဆောင်သီးနှံတွေအပါအဝင် သီးနှံစုံ ၂၁၄၂၈၁ ဧက စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ၁၇၇၃၃၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ စိုက်ပျိုးမဲ့သီးနှံတွေ ပိုးမွှားအန္တရာယ်ကင်းရှင်းစေဖို့နဲ့ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် မျိုးစေ့၊ နည်းပညာတွေနဲ့ အခြားပံ့ပိုးမှုတွေကို သီးနှံမစိုက်ခင်ကတည်းက စိုက်ပျိုးရေးဦးစီးဌာနက ဆောင်ရွက်ပေးခဲ့ပါတယ်"ဟု မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးကျော်မိုးဝင်းက ပြောပြသည်။

ဝါးခယ်မမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စိုက်ပျိုးထားသည့် သီးနှံစုံ ၁၇၇၃၃၅ ဧကတွင် ကြံဧက ၂၀၊ ပိန်း ၅၂ ဧက၊ ဟင်းသီးဟင်းရွက်စုံ ဧက ၄၁၀၊ ပန်းအမျိုးမျိုး ၄၅ ဧက၊ စပါး ၁၇၆၈၀၈ ဧက စုစုပေါင်း ၁၇၇၃၃၅ ဧကဖြစ်ကြောင်း သိရသည်။

သီးနှံစုံကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်းစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် သီးနှံစုံကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးကျော်မိုးဝင်းက ပြောပြ၍ သိရသည်။ **ကျော်ကျော်လင်း**

# ပါရမီရှင်

– ဖွက်ပေါက်တောထ
ကြံ့ရမြင်ကွင်း ဖြတ်သန်းရင်းက
လက်ငင်းဒုက္ခ ဤခဏဌ်။

– ဆူးပြွမ်းကြမ်းရှ
ကြံ့ရမြင်ကွင်း လျှောက်လှမ်းရင်းက
လက်ငင်းဒုက္ခ ဤခဏဌ်။

– ဖုထစ် ချိုင့်ခွက်
ယွင်းပျက်မြင်ကွင်း ကျော်လွှားရင်းက
လက်ငင်းဒုက္ခ ဤခဏဌ်။

– ခရီးမတွင်...
မလျှင်မသွက် စိတ်ပျက်ဖွယ်ကြုံ
တုန်ရီနွမ်းလျ ဒုက္ခဝန်ပိုး
လမ်းဆိုးကိုမြင် အသိယှဉ်၍။

– ကြံ့ရမြင်ကွင်း ကြောင်းရင်းဆက်နွှယ်
ဘယ်သို့ ဘယ်သွင် ပြစ်မတင်လို
လမ်းထွင်ခုတ်ရှင်း မြေညှိခင်းဖြစ်
ကိုယ်ချင်းစာမိ တာဝန်သိဖြင့်
နိုင်သည့်အခန်း အားထုတ်စွမ်းခဲ့
ကြိုးပမ်းနိုင်စေ ချောမွေ့လေ၍
ရွှေရင်ချမ်းမြ ကြည်နူးရသည်
လောကအတွက် ပေးဆက်တူပြိုင်
ဖြည့်ဆည်းနိုင်သမျှ ဘဝတစ်လျှောက်
စွမ်းမြောက်နိုင်စွာ လေးမြတ်ရာတည့်
ပါရမီရှင် မြတ်လမ်းစဉ်ကို
ပင်ကို စွမ်းနိုင်ရပါအံ့။ ။

**မင်းသွေးနွယ်(ဇီးကုန်း)**

# ပျော်ဘွယ်မြို့နယ် ရွာသစ်ကျေးရွာ၌ VDP စီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းပြုလုပ်

**ပျော်ဘွယ် ဇူလိုင် ၂၅**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းခရိုင် ပျော်ဘွယ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ထရံကာကျေးရွာအုပ်စု ရွာသစ်ကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP)မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပျော်ဘွယ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်နှင်းနွယ်ထွေးက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း (VDP)အကြောင်းအရာများ၊ ရည်ရွယ်ချက်များ၊ လုပ်ငန်းစဉ်များနှင့် ရရှိလာမည့်အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကော်မတီဝင်များ ရွေးချယ်ဖွဲ့စည်းရာတွင် လိုက်နာရမည့် စည်းကမ်းချက်များ၊ ကော်မတီဝင်များ၏ လုပ်ငန်းတာဝန်များ၊ ကျေးရွာမှ ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ကဏ္ဍအလိုက် ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသော ကျေးရွာသူ၊ ကျေးရွာသားများက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း ကော်မတီဝင် ခုနစ်ဦးကို အများသဘောဆန္ဒနှင့်အညီ ရွေးချယ်ဖွဲ့စည်းပေးခဲ့သည်။

ပျော်ဘွယ်မြို့နယ် ရွာသစ်ကျေးရွာ၌ ဖွံ့ဖြိုးရေးလုပ်ငန်းများကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း(VDP)ရန်ပုံငွေကျပ်သိန်း ၁၅၀ အသုံးပြု၍ ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပျော်ဘွယ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးအရာရှိ ဒေါ်နှင်းနွယ်ထွေးက ပြောပြ၍ သိရသည်။

**ဖြိုးထက်အောင်(ပျော်ဘွယ်)**




# ဝမ်းတွင်းမြို့နယ် တောင်ပုလုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**ဝမ်းတွင်း ဇူလိုင် ၂၅**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျောင်းကုန်းကျေးရွာအုပ်စု တောင်ပုလုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းများ ဆောင်ရွက်နေမှုကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုဦးနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် ဆောင်ရွက်ထားရှိသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေမှု အခြေအနေများ၊ လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းဇယားပုံစံများပြည့်စုံမှုရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ တောင်ပုလုကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၁၂ ဦးကို ငွေကျပ်၂ ဒသမ ၆ သန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၄၁ ဦးကို ငွေကျပ် ၁၀ ဒသမ ၉ သန်း၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ ၃၆ ဦးကို ငွေကျပ် ၁၁ ဒသမ ၁ သန်း စုစုပေါင်းအသင်းသား၊ အသင်းသူ ၈၉ ဦးကို ရန်ပုံငွေကျပ် ၂၄ ဒသမ ၆ သန်း ထုတ်ချေးပေးထားပြီး စီမံကိန်းလုပ်ငန်းများ လည်ပတ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **အောင်ရဲကျော်**

# နိုင်ငံတကာ သတင်းများ

## ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဂူတာရက်စ် ဆီးရီးယားနိုင်ငံသို့ ရောက်ရှိ



ဒမတ်စကတ်စ် ဇူလိုင် ၂၅

ကုလသမဂ္ဂအတွင်းရေးမှူးချုပ် အန်တိုနီယို ဂူတာရက်စ်သည် ယနေ့တွင် ဆီးရီးယားနိုင်ငံသို့ သုံးရက်ကြာခရီးစဉ်အဖြစ် စတင်ရောက်ရှိခဲ့ကြောင်း ဆီးရီးယားမီဒီယာများက သတင်းထုတ်ပြန်ခဲ့သည်ဟု Xinhua သတင်းဌာနက ဖော်ပြထားသည်။

အဆိုပါခရီးစဉ်သည် ကုလသမဂ္ဂ အကြီးအကဲတစ်ဦး၏ ဆီးရီးယားပြည်တွင်း စစ်မဖြစ်ပွားမီနောက်ပိုင်း ပထမဆုံး ဆီးရီးယားခရီးစဉ်ဖြစ်ကြောင်း သိရသည်။

ဆီးရီးယားနိုင်ငံခရီးစဉ်အတွင်း ကုလသမဂ္ဂအကြီးအကဲ ဂူတာရက်စ်သည် တစ်နှစ်ခွဲကျော်ကြာမြင့်နေပြီဖြစ်သည့် ဆီးရီးယားနိုင်ငံရေး အသွင်ကူးပြောင်းမှု လုပ်ငန်းအပေါ် ကုလသမဂ္ဂ၏ ထောက်ခံအားပေးမှုကို ထပ်လောင်း အတည်ပြုပြောကြားမည်ဖြစ်သည်။

ဆီးရီးယား ခရီးစဉ်အတွင်း ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ဂူတာရက်စ်သည် ဆီးရီးယားသမ္မတ အယ်လ်ရှာရား၊ ဆီးရီးယားနိုင်ငံခြားရေးဝန်ကြီး အယ်လ်ရှာအီဘာနီတို့နှင့် တွေ့ဆုံဆွေးနွေးမည်ဖြစ်သည်။

ဆီးရီးယားသမ္မတ အယ်လ်ရှာရားသည် ၂၀၂၅ ခုနှစ် နိုဝင်ဘာလ ထိတိုင် ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ အကြမ်းဖက်ဝါဒဆိုင်ရာ အရေးယူပိတ်ဆို့မှုများနှင့် ရင်ဆိုင်ခဲ့ရသူဖြစ်ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

## အမေရိကန်နိုင်ငံသို့ အစ္စရေးဝန်ကြီးချုပ် လာရောက်မည်ဖြစ်ကြောင်း သမ္မတဒေါ်နယ်ထရမ့် ပြောကြား



ဂျေရုဆလင် ဇူလိုင် ၂၅

လာမည့် ရက်သတ္တပတ်အတွင်း အမေရိကန်နိုင်ငံသို့ အစ္စရေးဝန်ကြီးချုပ် နေတန်ယာဟု လာရောက်မည် ဖြစ်ကြောင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ဇူလိုင် ၂၄ ရက်တွင် ထုတ်ဖော်ပြောကြားခဲ့သည်ဟု RT သတင်းဌာနက ယနေ့တွင်ဖော်ပြထားသည်။

ဇူလိုင် ၂၄ ရက်တွင် ကျင်းပခဲ့သည့် အိမ်ဖြူတော် သတင်းထောက်များအသင်း ညစာစားပွဲမိန့်ခွန်း၌ အမေရိကန် သမ္မတဒေါ်နယ်ထရမ့်က အစ္စရေးဝန်ကြီးချုပ်နေတန်ယာဟု၏ ခရီးစဉ်ကို အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က အတည်ပြုခဲ့ခြင်းဖြစ်သည်။

ဝန်ကြီးချုပ် နေတန်ယာဟု အနေဖြင့် အမေရိကန်နိုင်ငံ ဝါရှင်တန်မြို့သို့ ဇူလိုင် ၂၆ ရက်တွင် သွားရောက်မည် ဖြစ်ကြောင်း အစ္စရေးဝန်ကြီးချုပ်ရုံးက သတင်းထုတ်ပြန်ထားပြီးဖြစ်သည်။

အမေရိကန်နိုင်ငံခရီးစဉ်အတွင်း ဇူလိုင် ၂၇ ရက်တွင် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်နှင့် တွေ့ဆုံဆွေးနွေးမည်ဖြစ်ကြောင်း အစ္စရေးဝန်ကြီးချုပ်ရုံး သတင်းထုတ်ပြန်ချက်၌ ဖော်ပြထားသည်။

ထို့ပြင် အစ္စရေးဝန်ကြီးချုပ် နေတန်ယာဟုသည် အမေရိကန် ခရီးစဉ်အတွင်း အမေရိကန် အထက်လွှတ်တော်အမတ် လင်ဆေးဂရေဟမ်၏ ဈာပနအခမ်းအနားသို့လည်း တက်ရောက်မည်ဖြစ်သည်။

အီရန်စစ်ရေးပဋိပက္ခ ငါးလပြည့်သည့်ကာလတွင် အမေရိကန်နိုင်ငံသို့လာရောက်ရန် အစ္စရေးဝန်ကြီးချုပ် နေတန်ယာဟုက စီစဉ်ထားခြင်းဖြစ်ကြောင်း သိရသည်။

Ref : RT

Trs : KKO

## ယူကရိန်းစစ်လက်နက်ပစ္စည်းပြပွဲကို ဘလစ်စတစ်ဒုံးကျည်ဖြင့် ရုရှားတိုက်ခိုက်

မော်စကို ဇူလိုင် ၂၅

ဇူလိုင် ၂၄ ရက်တွင် ကျင်းပခဲ့သည့် စစ်လက်နက်ပြပွဲကို ရုရှားတပ်များက ဒုံးကျည်ဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း RT သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

စစ်လက်နက်ပြပွဲ တိုက်ခိုက်ခံရမှုကြောင့် လူ ၁၀ ဦး သေဆုံး၍ ဦးရေ ၁၀၀ ကျော် ဒဏ်ရာရရှိခဲ့ကြောင်း ယူကရိန်းတာဝန်ရှိသူများက ပြောကြားထားသည်။

အဆိုပါ စစ်လက်နက်ပြပွဲကို ယူကရိန်း မောင်းသူမဲ့ဒရုန်းယာဉ် ထုတ်လုပ်သူများအသင်းအဖွဲ့တစ်ခုက ကျင်းပခဲ့ခြင်းဖြစ်သည်။

စစ်မက်ဖြစ်ပွားနေသည့် အချိန်မျိုးတွင် လူပေါင်းများစွာ တက်ရောက်သည့် စစ်လက်နက်ပစ္စည်းပြပွဲမျိုးကို မကျင်းပသင့်ကြောင်း ယူကရိန်းသမ္မတ ဇီလန်စကီးက ဝေဖန်ပြောကြားထားသည်။

အဆိုပါ စစ်လက်နက်ပြပွဲကျင်းပရန် ဆုံးဖြတ်ခဲ့သူများကို ရာဇဝတ်ကြောင်းအရ စုံစမ်းစစ်ဆေးမှုများ ပြုလုပ်မည်ဖြစ်ကြောင်း ယူကရိန်းရှေ့နေချုပ်ရုံးက သတင်းထုတ်ပြန်ထားသည်။

ယူကရိန်းနိုင်ငံလုပ်နှင့် ပြည်ပလုပ် မောင်းသူမဲ့ဒရုန်းယာဉ်များကို ပြသနေသည့် အဆိုပါစစ်လက်နက်ပစ္စည်းပြပွဲကို ဘလစ်စတစ်ဒုံးကျည်တစ်စင်းဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သည်ဟု ရုရှားကာကွယ်ရေး ဝန်ကြီးဌာနက သတင်း ထုတ်ပြန်ထားကြောင်း သိရသည်။

Ref : RT

Trs : KKO

## အိုင်စီစီရှေ့နေချုပ် ကာရင်မ်ခန်းကို ရာထူးမှ ဖယ်ရှား

နယူးယောက် ဇူလိုင် ၂၅

နိုင်ငံတကာ ရာဇဝတ်တရားရုံး (အိုင်စီစီ) ရှေ့နေချုပ် ကာရင်မ်ခန်းကို ရာထူးမှဖယ်ရှားရန် အိုင်စီစီအဖွဲ့ဝင်နိုင်ငံများက ဇူလိုင် ၂၄ ရက်တွင် မဲခွဲဆုံးဖြတ်ခဲ့ကြောင်း RT သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

ရုံးဝန်ထမ်းအမျိုးသမီးကို လိင်ပိုင်းဆိုင်ရာအရ စော်ကားမှုများ ပြုလုပ်ခဲ့ကြောင်း စွပ်စွဲချက်များ ပေါ်ထွက်ပြီး နှစ်နှစ်နီးပါးအကြာတွင် အိုင်စီစီ အဖွဲ့ဝင်နိုင်ငံများက ကာရင်မ်ခန်းကို အိုင်စီစီရှေ့နေချုပ် ရာထူးမှဖယ်ရှားရန် မဲခွဲဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

အမေရိကန်နိုင်ငံ၏ အိုင်စီစီ ဖျက်သိမ်းရေးလှုပ်ရှားမှုအပေါ်အဝင် စိန်ခေါ်မှုအမျိုးမျိုးနှင့် ရင်ဆိုင်နေရချိန်တွင် ရှေ့နေချုပ် ကာရင်မ်ခန်းကို အိုင်စီစီအဖွဲ့ဝင်နိုင်ငံများက ရာထူးမှ ဖယ်ရှားခဲ့ခြင်းဖြစ်သည်။

ဗြိတိန် ရှေ့နေတစ်ဦးဖြစ်သည့် ကာရင်မ်ခန်းသည် ပြစ်ချက်များနှင့် တာဝန်ဝတ္တရားပျက်ကွက်မှုများ ကျူးလွန်ခဲ့ကြောင်း အိုင်စီစီအဖွဲ့ဝင်နိုင်ငံများ ညီလာခံက ထုတ်ပြန်သည့် ကြေညာချက်၌ ဖော်ပြထားသည်။

ကာရင်မ်ခန်းကို ရာထူးမှဖယ်ရှားရေးအတွက် အိုင်စီစီအဖွဲ့ဝင်နိုင်ငံများ ညီလာခံသည် ဇူလိုင် ၂၄ ရက်တွင် လျှို့ဝှက်မဲပေးပွဲစနစ်ဖြင့် မဲခွဲဆုံးဖြတ်ခဲ့ရာ အဖွဲ့ဝင်နိုင်ငံ ၁၂၅ နိုင်ငံအနက် ၈၅ နိုင်ငံတို့က ကာရင်မ်ခန်းကို ရာထူးမှဖယ်ရှားရေး ထောက်ခံမဲပေးခဲ့ကြသည်။

နယ်သာလန်နိုင်ငံ သည်ဟိဂ်မြို့အခြေစိုက် အိုင်စီစီတရားရုံးသည် ရောမစာချုပ်ဖြင့် ၂၀၀၂ ခုနှစ် ဇူလိုင် ၁ ရက်တွင် တည်ထောင်ခဲ့သော နိုင်ငံတကာတရားရုံးဖြစ်ကြောင်း သိရသည်။

Ref : RT

Trs : KKO

## ဟိုဒိုင်ဒါဒေသရှိ ဟူသီလက်နက်ကိုင်အဖွဲ့စစ်ရေးပစ်မှတ်များကို ဆော်ဒီအာရေဗျဦးဆောင်သော ပင်လယ်ကွေ့မဟာမိတ်အုပ်စု တိုက်ခိုက်

ရီယာ့ဒ် ဇူလိုင် ၂၅

ယီမင်နိုင်ငံ ဟိုဒိုင်ဒါဒေသရှိ ဟူသီလက်နက်ကိုင်အဖွဲ့ စစ်ရေးပစ်မှတ်များကို ဇူလိုင် ၂၄ ရက်တွင် တိုက်ခိုက်ခဲ့သည်ဟု ဆော်ဒီအာရေဗျဦးဆောင်သည့် ပင်လယ်ကွေ့မဟာမိတ်အုပ်စုက သတင်းထုတ်ပြန်ခဲ့ကြောင်း RT သတင်းဌာနက ယနေ့တွင်ဖော်ပြထားသည်။

မိမိတို့တိုက်ခိုက်ခဲ့သည့် နေရာများသည် ပင်လယ်နီ ရေလမ်းကြောင်းများကို ခြိမ်းခြောက်ရာတွင် ဟူသီလက်နက်ကိုင်အဖွဲ့က အသုံးပြုနေသော နေရာများဖြစ်ကြောင်း ပင်လယ်ကွေ့မဟာမိတ်အုပ်စု သတင်းထုတ်ပြန်ချက်၌ ဖော်ပြထားသည်။



ယီမင်အခြေစိုက် ဟူသီလက်နက်ကိုင်အဖွဲ့က ပင်လယ်နီရေပြင်အတွင်း သွားလာနေသည့် ဆော်ဒီအာရေဗျ ရေနံတင်သင်္ဘောနှစ်စီးကို တိုက်ခိုက်ခဲ့ပြီးနောက် ဆော်ဒီအာရေဗျဦးဆောင်သည့် ပင်လယ်ကွေ့မဟာမိတ်အုပ်စုက ဟူသီလက်နက်ကိုင်အဖွဲ့ ပစ်မှတ်များကို တိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။

ဟူသီလက်နက်ကိုင်အဖွဲ့သည် ဆော်ဒီအာရေဗျနိုင်ငံသို့ ရေကြောင်းတိုက်ခိုက်မှုပြုလုပ်မည်ဖြစ်ကြောင်း ကြေညာခဲ့ပြီးနောက် ဇူလိုင်၂၃ ရက်တွင် ပင်လယ်နီရေပြင်အတွင်း၌ ဆော်ဒီအာရေဗျ ရေနံတင်သင်္ဘောများကို တိုက်ခိုက်ခဲ့သည်။

ဆော်ဒီအာရေဗျ နိုင်ငံသည် ယီမင်အခြေစိုက် ဟူသီလက်နက်ကိုင်အဖွဲ့ကို ၂၀၁၅ ခုနှစ်မှစ၍ ခုနစ်နှစ်ကြာတိုက်ခိုက်ခဲ့ပြီး ၂၀၂၂ ခုနှစ်တွင် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်တစ်ရပ်ဖြင့် တိုက်ခိုက်မှုများ ရပ်ဆိုင်းပေးခဲ့သည်။

ဟူသီလက်နက်ကိုင်အဖွဲ့သည် အီရန်နိုင်ငံ၏ အဓိက ဒေသတွင်း မဟာမိတ် ရှီးယိုက်စ်လက်နက်ကိုင်အဖွဲ့ဖြစ်ကြောင်း သိရသည်။

Ref : RT

Trs : KKO

# SCIENCE AND TECHNOLOGY

## CAS Space ပုဂ္ဂလိကအာကာသနည်းပညာကုမ္ပဏီက လီကျိုယန်-၁ ဝိုင် ၁၅ ဒုံးပျံဖြင့် ဂြိုဟ်တုငါးစင်းကို လွှတ်တင်နိုင်ခဲ့



**ပေကျင်း ဇူလိုင် ၂၅**

တရုတ်နိုင်ငံအခြေစိုက် CAS Space ပုဂ္ဂလိက အာကာသနည်းပညာကုမ္ပဏီသည် ဇူလိုင် ၂၄ ရက်တွင် လီကျိုယန်-၁ ဝိုင် ၁၅ ဒုံးပျံဖြင့် ဂြိုဟ်တု ငါးစင်းကို အောင်မြင်စွာ လွှတ်တင်နိုင်ခဲ့ကြောင်း သိရသည်။

CAS Space ကုမ္ပဏီသည် အဆိုပါဂြိုဟ်တုငါးစင်းကို သယ်ဆောင်ထားသည့် လီကျိုယန်-၁ ဝိုင် ၁၅ ဒုံးပျံကို တရုတ်နိုင်ငံ အနောက်မြောက်ပိုင်း တုန်ဖန်း အာကာသစခန်းမှတစ်ဆင့် လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

လွှတ်တင်ပြီး မကြာမီမှာပင် လီကျိုယန်-၁ ဝိုင် ၁၅ ဒုံးပျံသည် သယ်ဆောင်ထားသည့် ဂြိုဟ်တုငါးစင်းကို သတ်မှတ်ပတ်လမ်းပေါ်သို့ အောင်မြင်စွာပို့ဆောင်ပေးနိုင်ခဲ့ကြောင်း CAS Space ကုမ္ပဏီက သတင်းထုတ်ပြန်ထားသည်။

ဇူလိုင် ၂၄ ရက် မစ်ရှင်သည် လီကျိုယန်-၁ ဝိုင် ၁၅ ဒုံးပျံ၏ ၁၅ ကြိမ်မြောက် အာကာသမစ်ရှင်ဖြစ်ကြောင်း သိရသည်။

CAS Space ကုမ္ပဏီသည် လီကျိုယန်-၁ ဝိုင် ၁၅ ဒုံးပျံများဖြင့် ဂြိုဟ်တုအစင်းပေါင်း ၁၁၀ ကို ကမ္ဘာပတ်လမ်းကြောင်းပေါ်သို့ အောင်မြင်စွာ ပို့ဆောင်ပေးနိုင်ခဲ့ပြီးဖြစ်သည်။

CAS Space ကုမ္ပဏီက လွှတ်တင်ပေးခဲ့သည့် ဂြိုဟ်တုများထဲတွင် ပြည်တွင်းနှင့် နိုင်ငံတကာဖောက်သည်များ၏ ဂြိုဟ်တုများ ပါဝင်ကြောင်း သိရသည်။

Ref : Xinhua News

Trs : KKO

## ဆိုယုဇ်အမ်အက်-၂၈ အာကာသလူသယ်ယာဉ် ကမ္ဘာမြေပေါ်သို့ ပြန်လည်ဆင်းသက်မည်




**မော်စကို ဇူလိုင် ၂၅**

ရုရှား အာကာသအေဂျင်စီ၏ ဆိုယုဇ်အမ်အက်-၂၈ အာကာသလူသယ်ယာဉ်သည် ဇူလိုင် ၂၆ ရက်တွင် ကမ္ဘာမြေပေါ်သို့ ပြန်လည်ဆင်းသက်မည်ဖြစ်ကြောင်း အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ)က ဇူလိုင် ၂၄ ရက်တွင် သတင်းထုတ်ပြန်ထားသည်။

ဆိုယုဇ်အမ်အက်-၂၈ အာကာသလူသယ်ယာဉ်နှင့်အတူ နာဆာ အာကာသယာဉ်မှူး တစ်ဦးနှင့် ရုရှားအာကာသယာဉ်မှူး နှစ်ဦးတို့ ပြန်လည်လိုက်ပါလာမည်ဖြစ်ကြောင်း သိရသည်။

ဆိုယုဇ်အမ်အက်-၂၈ အာကာသလူသယ်ယာဉ်သည် ကမ္ဘာမြေအပြန်ခရီးစဉ်အတွက် ဇူလိုင် ၂၆ ရက်တွင် နိုင်ငံတကာအာကာသစခန်းမှ စတင်ခွာထွက်မည်ဖြစ်ကြောင်း နာဆာအဖွဲ့၏ သတင်းထုတ်ပြန်ချက်၌ ဖော်ပြထားသည်။

ဆိုယုဇ်အမ်အက်-၂၈ အာကာသလူသယ်ယာဉ်သည် နိုင်ငံတကာအာကာသစခန်းမှ ပြန်လည်ခွာထွက်လာပြီးနောက် ကာဇက်စတန်နိုင်ငံ မြက်ခင်းဒေသ၌ ပြန်လည်ဆင်းသက်မည်ဖြစ်သည်။

ဆိုယုဇ်အမ်အက်-၂၈ အာကာသလူသယ်ယာဉ်နှင့်အတူ လိုက်ပါလာမည့်အာကာသယာဉ်မှူးသုံးဦးတို့သည် နိုင်ငံတကာအာကာသစခန်းပေါ်၌ ရှစ်လကြာတာဝန်ထမ်းဆောင်ခဲ့ပြီး ရုရှားအာကာသအေဂျင်စီသည် ဆိုယုဇ်အမ်အက်-၂၈ အာကာသလူသယ်ယာဉ်ကို ၂၀၂၅ ခုနှစ် နိုဝင်ဘာ ၂၇ ရက်တွင် လွှတ်တင်ခဲ့ကြောင်း သိရသည်။

Ref : Russia Today

Trs : KKO

## အင်္ဂါဂြိုဟ်၏အပေါ်ယံမြေလွှာအောက်၌ တစ်ချိန်သောအခါက ချော်ရည်မြစ်များရှိခဲ့ဖူးကြောင်း သိပ္ပံပညာရှင်များပြောကြား

**လန်ဒန် ဇူလိုင် ၂၅**

အင်္ဂါဂြိုဟ်၏အပေါ်ယံမြေလွှာအောက်၌ တစ်ချိန်သောအခါက ချော်ရည်မြစ်များ ရှိခဲ့ဖူးကြောင်း သိပ္ပံပညာရှင်များက ဇူလိုင် ၂၄ ရက်တွင် ပြောကြားသည်။

အဆိုပါ လေ့လာတွေ့ရှိချက်အရ အင်္ဂါဂြိုဟ်သည် သက်ရှိများရှင်သန်နိုင်သော အခြေအနေမျိုး ရှိခဲ့ဖူးသည်ကို တွေ့ရကြောင်း ဗြိတိန်နိုင်ငံ အောက်စဖို့တက္ကသိုလ်မှ သိပ္ပံပညာရှင်များက ပြောကြားသည်။

အောက်စဖို့တက္ကသိုလ်မှ သိပ္ပံပညာရှင်များသည် အင်္ဂါဂြိုဟ်ပေါ်သို့ ဂြိုဟ်သိမ်ကျရောက်မှုနှင့် မြေငလျင်လှုပ်ခတ်မှုများကြောင့် ပေါ်ထွက်လာသည့် မြေလွှာတုန်ခါမှုလှိုင်းများကို မှတ်တမ်းတင်ထားသော Insight အင်္ဂါဂြိုဟ်ဆင်းယာဉ်မှရရှိသည့်သတင်းအချက်အလက်များကို အသုံးပြု၍ အင်္ဂါဂြိုဟ်အပေါ်ယံမြေလွှာအောက် ၁၅ မိုင်အကွာရှိ မြေအောက်နယ်မြေကို လေ့လာခဲ့ကြသည်။

လေ့လာချက်မှရရှိသောရလဒ်များအရ အဆိုပါမြေအောက်နယ်မြေ၌ ချော်ကျောက်သားများ မိုင်ရာပေါင်းများစွာထိ ပြန့်ကျဲတည်ရှိနေသည်ကို တွေ့ရကြောင်း ဗြိတိန် သိပ္ပံပညာရှင်များက ပြောကြားသည်။

ရှေးယခင် အင်္ဂါဂြိုဟ်မီးတောင်များမှာ သီးခြားချော်ကန်များဖြင့် ဖွဲ့စည်းထားသော မီးတောင်များဖြစ်ကြောင်း သိရသည်။

သို့ရာတွင် မိမိတို့၏လေ့လာတွေ့ရှိချက်အရ အင်္ဂါဂြိုဟ်မီးတောင်များဖွဲ့စည်းပုံမှာ မူလတွေးထင်ထားသည်ထက် ပို၍ရှုပ်ထွေးပြီး မြေအောက်မီးတောင်ချော်ကန်များမှာ တစ်ခုနှင့်တစ်ခုချိတ်ဆက်နေကာ အင်္ဂါဂြိုဟ်မြေအောက်၌ ချော်မြစ်များသဖွယ် တည်ရှိခဲ့ဖူးကြောင်း သိပ္ပံပညာရှင်များက သုံးသပ်ထားသည်။

Ref : Sputnik News

Trs : KKO

# HEALTH

## နှလုံးရောဂါတရက်ဖောက်သည့်လူနာများ၏သွေးအတွင်း ပလတ်စတစ်အမှုန်အမွှားများရှိနေကြောင်း တွေ့ရှိ

**ရောမ ဇူလိုင် ၂၅**

နှလုံးရပ်တရက်ဖောက်မှုနှင့် ရင်ဆိုင်နေရသည့် လူနာများ၏ သွေးအတွင်း အလွန်တရာသေးငယ်သည့် ပလတ်စတစ်အမှုန်အမွှား(Microplastics)များ ရှိနေတတ်ကြောင်း သုတေသနပညာရှင်များက ဇူလိုင် ၂၄ ရက်တွင် ပြောကြားသည်။

အီတလီသုတေသနပညာရှင်များသည် သွေးကြောများမူမမှန်မှုပြဿနာ စစ်ဆေးမှုခံယူနေရသူ လူနာ ၆၁ ဦးတို့၏ နှလုံးသွေးကြောသွေးနမူနာများကို လေ့လာခဲ့ကြကြောင်း သိရသည်။

လေ့လာချက်မှ ပေါ်ထွက်လာသည့်ရလဒ်များအရ နှလုံးရပ်တရက်ဖောက်မှုပြဿနာ ရှိနေသည့် လူနာ ၈၄ ရာခိုင်နှုန်းတို့တွင် သွေးအတွင်း ပလတ်စတစ်အမှုန်အမွှားများရှိနေသည်ကို တွေ့ရကြောင်း အီတလီသုတေသနပညာရှင်များက ပြောကြားသည်။

ထို့ပြင် အီတလီသုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ နာတာရှည်နှလုံးရောဂါလူနာများအနက် ၄၀ ရာခိုင်နှုန်းတို့၏သွေးထဲတွင် ပလတ်စတစ်အမှုန်အမွှားများတွေ့ရပြီး နှလုံးသွေးကြောကျန်းမာရေး ပုံမှန်ရှိသူများအနက် ၃၂ ရာခိုင်နှုန်းတွင်သာ သွေးအတွင်း ပလတ်စတစ်အမှုန်အမွှားများ ရှိနေကြောင်း သိရသည်။

စမ်းသပ်မှုတွင် ပါဝင်သူလူနာများအနက် ၉၇ ရာခိုင်နှုန်းတို့၏ သွေးအတွင်း ပါဝင်နေသော ပလတ်စတစ်အမှုန်အမျိုးအစားမှာ ပလတ်စတစ်အိတ်များနှင့် ပလတ်စတစ်ဘူးများ၌တွေ့ရတတ်သည့် Polyethylene ခေါ် ပလတ်စတစ်အမှုန်အမျိုးအစား ဖြစ်ကြောင်း အီတလီသုတေသနပညာရှင်များက ပြောကြားသည်။

Ref : Sputnik News

Trs : KKO

## ကဖင်းဓာတ် စားသုံးမှုမြင့်မားပါက ကျန်းမာရေးအတွက် ပြဿနာများရှိလာနိုင်

**နယူးယောက် ဇူလိုင် ၂၅**

တစ်ရက်လျှင် ကော်ဖီကို ငါးခွက်ထိ သောက်သုံးမှုသည် နှလုံးရောဂါနှင့် လေဖြတ်မှုတို့ကို ကာကွယ်နိုင်သော်လည်း ကဖင်းဓာတ်စားသုံးမှုမြင့်မားပါက ကျန်းမာရေးအတွက် ပြဿနာများရှိလာနိုင်ကြောင်း သုတေသနပညာရှင်များက ဇူလိုင် ၂၄ ရက်တွင် ပြောကြားသည်။

ကော်ဖီကို သကြား၊ အနံ့အရသာနှင့် နွားနို့များမထည့်သွင်းဘဲ သောက်သုံးမှုသည် ပုံစံ-၂ ဆီးချိုရောဂါဖြစ်နိုင်ခြေ၊ လေဖြတ်နိုင်ခြေ၊ နှလုံးရပ်တရက် ရပ်တန့်နိုင်ခြေနှင့် နှလုံးခုန်နှုန်းမူမမှန်မှုပြဿနာများပေါ်ထွက်လာနိုင်ခြေကို လျှော့ချပေးနိုင်ကြောင်း သိရသည်။

ပဲအမျိုးမျိုးတွင် တွေ့ရတတ်သော Polyphenols ခေါ် ဓာတုဒြပ်ပေါင်းတစ်မျိုးသည် ရောင်ရမ်းမှုတိုက်ဖျက်ရေးဂုဏ်သတ္တိများ ပိုင်ဆိုင်ထားသည်။

Polyphenols ဓာတုဒြပ်ပေါင်းသည် သွေးကြောများ၏ အလုပ်လုပ်ပုံကိုမြှင့်တင်ပေးနိုင်ပြီး ရောင်ရမ်းမှုကိုလျှော့ချပေးနိုင်ရာ ကော်ဖီတွင်ပါဝင်သည့် ကဖင်းဓာတ်သည်လည်း အလားတူဂုဏ်သတ္တိများ ပိုင်ဆိုင်ထားကြောင်း သိရသည်။

သို့ရာတွင် ကဖင်းဓာတ်စားသုံးမှုမြင့်မားပါက နှလုံး၏အလုပ်လုပ်ပုံလွန်ကဲလာတတ်ပြီး သွေးဖိအားရုတ်တရက် မြင့်တက်လာနိုင်ကာ နှလုံးခုန်နှုန်းမူမမှန်မှုပြဿနာများ ပေါ်လာနိုင်ကြောင်း အမေရိကန်သုတေသန ပညာရှင်များက ပြောကြားသည်။

Ref : Russia Today

Trs : KKO






# Generali Open တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲစဉ်တွင် ဘူဘလစ်နှင့် ကွင်တင်တို့ ယှဉ်ပြိုင်ရမည်

ဗီယင်နာ ဇူလိုင် ၂၅

ဩစတြီးယားနိုင်ငံ ကစ်ဇ်ဘူဟဲလ်မြို့တွင် ကျင်းပနေသည့် Generali Open တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲစဉ်အဖြစ် လက်ရှိချန်ပီယံကာဇက်စတန် တင်းနစ်ကစားသမား ဘူဘလစ်နှင့် ပြင်သစ်တင်းနစ်ကစားသမား ကွင်တင်တို့ ယှဉ်ပြိုင်ရမည်ဖြစ်ကြောင်း ESPN သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ဘူဘလစ်သည် ဆီမီးဖိုင်နယ်အဆင့်တွင် အာဂျင်တီးနားတင်းနစ်ကစားသမား အက်ချီဗာရီနှင့် ယှဉ်ပြိုင်ခဲ့ပြီး ဘူဘလစ်က (၆-၃၊ ၆-၄)ရလဒ်ဖြင့် အနိုင်ရကာ ဗိုလ်လုပွဲအဆင့်ကို တက်ရောက်ခဲ့သကဲ့သို့ ကွင်တင်သည်လည်း ဆီမီးဖိုင်နယ်အဆင့်တွင် ဂျာမနီတင်းနစ်ကစားသမား ဟာန့်ဖ်မန်းနှင့်ယှဉ်ပြိုင်ခဲ့ပြီး ကွင်တင်က (၆-၄၊ ၇-၆)ရလဒ်ဖြင့် အနိုင်ရကာ ဗိုလ်လုပွဲအဆင့်ကို တက်ရောက်ခဲ့ခြင်းဖြစ်သည်။

ဘူဘလစ်အတွက် Generali Open တင်းနစ်ပြိုင်ပွဲတွင် နှစ်နှစ်ဆက်တိုက် ဗိုလ်လုပွဲအဆင့်ကို တက်ရောက်ခဲ့ခြင်းဖြစ်သည်။

ဘူဘလစ်က "Generali Open တင်းနစ်ပြိုင်ပွဲမှာ နှစ်နှစ်ဆက်တိုက် ဗိုလ်လုပွဲအဆင့်ကို တက်ရောက်ခွင့်ရခဲ့ပြီဖြစ်သလို လက်ရှိ ချန်ပီယံကိုကာကွယ်ဖို့ ရည်မှန်းထားတဲ့ ကျွန်တော့်အတွက်လဲ ရည်မှန်းချက်ကို အကောင်အထည်ဖော်နိုင်ခဲ့ခြင်းဖြစ်ပါတယ်။ ဗိုလ်လုပွဲအဆင့်မှာလဲ မနှစ်ကလိုမျိုး အောင်မြင်မှုရနိုင်မယ်လို့ မျှော်လင့်ပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : ESPN

Trs : AZL





# Fire Dragon Futsal Championship ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲအခမ်းအနားကို ဇူလိုင် ၂၆ ရက်တွင် ကျင်းပမည်

ရန်ကုန် ဇူလိုင် ၂၅

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် ဖူဆယ်နှင့် သဲသောင်ပြင်ကော်မတီက ကြီးမှူးကျင်းပနေသည့် Fire Dragon Futsal Championship ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲအခမ်းအနားကို ဇူလိုင် ၂၆ ရက် **(ယနေ့)** မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ MFF Futsal Stadium တွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

Fire Dragon Futsal Championship ပြိုင်ပွဲကို ပြိုင်ပွဲဝင်အသင်း ၃၂ သင်းဖြင့် ဇူလိုင် ၁၁ ရက်စတင်ပြီး ရန်ကုန်မြို့ MFF Futsal Stadium တွင် ကျင်းပနေခြင်းဖြစ်သည်။

Fire Dragon Futsal Championship ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်တွင် YRG FC အသင်းက KS FC အသင်းကို ငါးဂိုး ဂိုးမရှိဖြင့်လည်းကောင်း၊ YCDC Dream Team အသင်းက M2K FC အသင်းကို ငါးဂိုး တစ်ဂိုးဖြင့်လည်းကောင်း အသီးသီး အနိုင်ရပြီး ဗိုလ်လုပွဲအဆင့် တက်ရောက်ခဲ့ခြင်းဖြစ်သည်။

Fire Dragon Futsal Championship ပြိုင်ပွဲ တတိယလုပွဲစဉ်အဖြစ် ဇူလိုင် ၂၆ ရက်**(ယနေ့)** နံနက် ၁၀ နာရီတွင် KSL FC အသင်းနှင့် M2K FC အသင်းတို့ ကစားမည်ဖြစ်ပြီး ဗိုလ်လုပွဲစဉ်အဖြစ် မွန်းလွဲ ၁ နာရီတွင် YRG FC အသင်းနှင့် YCDC Dream Team အသင်းတို့ ဆက်လက်ကစားကာ ဗိုလ်လုပွဲစဉ်အပြီးတွင် ဆုပေးပွဲအခမ်းအနားကို ဆက်လက် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

STA

# ၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် တိုက်ကွမ်ဒိုပြိုင်ပွဲဆက်လက်ကျင်းပ

ရန်ကုန် ဇူလိုင် ၂၅

အားကစားရေးရာဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံတိုက်ကွမ်ဒိုအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့် ၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် တိုက်ကွမ်ဒိုပြိုင်ပွဲကို ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ် သုဝဏ္ဏအားကစားကွင်းရှိ အမျိုးသား အားကစားပြိုင်ပွဲရုံ (၁)၌ ဆက်လက်ကျင်းပခဲ့ကြောင်း သိရသည်။



ယနေ့ပြိုင်ပွဲများအဖြစ် အမျိုးသား ၄၅- ၄၈ ကီလိုတန်း ပြိုင်ပွဲ၊ အမျိုးသား ၅၈- ၆၃ ကီလိုတန်း ပြိုင်ပွဲ၊ အမျိုးသား ၅၄- ၅၈ ကီလိုတန်းပြိုင်ပွဲ၊ အမျိုးသမီး ၄၆- ၄၉ ကီလိုတန်းပြိုင်ပွဲများကို အကြိတ်အနယ် ယှဉ်ပြိုင်ကစားခဲ့ကြသည်။

အဆိုပါ ၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် တိုက်ကွမ်ဒိုပြိုင်ပွဲ ပွဲစဉ်များကို ဇူလိုင် ၂၆ ရက်**(ယနေ့)**တွင် အမျိုးသား ၄၈- ၅၁ ကီလိုတန်းပြိုင်ပွဲ၊ အမျိုးသား ၅၁- ၅၅ ကီလိုတန်းပြိုင်ပွဲ၊ အမျိုးသား ၅၁- ၅၄ ကီလိုတန်းပြိုင်ပွဲ၊ အမျိုးသား ၄၃- ၄၆ ကီလိုတန်းပြိုင်ပွဲ၊ အမျိုးသမီး ၄၀- ၄၃ ကီလိုတန်းပြိုင်ပွဲ၊ အမျိုးသမီး ၄၃- ၄၆ ကီလိုတန်းပြိုင်ပွဲ၊ အမျိုးသမီး ၄၉- ၅၃ ကီလိုတန်းပြိုင်ပွဲများကို အမျိုးသားအားကစားပြိုင်ပွဲရုံ(၁)၌ ဆက်လက် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

STA

# မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲ ပွဲစဉ်(၇)ကို ဇူလိုင် ၂၇ ရက်မှ ၂၉ ရက်ထိ ဆက်လက်ကျင်းပမည်

ရန်ကုန် ဇူလိုင် ၂၅

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ် ကော်မတီက ကြီးမှူးကျင်းပနေသည့် မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲ ပွဲစဉ်(၇) ပွဲစဉ်များကို ဇူလိုင် ၂၇ ရက်မှ ၂၉ ရက်ထိ ရန်ကုန်မြို့နှင့် တောင်ကြီးမြို့တို့တွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

မြန်မာအမျိုးသမီးလိဂ် ပြိုင်ပွဲ ပွဲစဉ် ခြောက်ပွဲကစားပြီးချိန်တွင် ISPE အသင်းက ငါးပွဲနိုင်၊ တစ်ပွဲသရေ ရမှတ် ၁၆ မှတ်ဖြင့် အမှတ်ပေးဇယားထိပ်ဆုံးမှ ဦးဆောင်ထားပြီး ရှောဝတီအသင်းက ငါးပွဲနိုင်၊ တစ်ပွဲရှုံး ရမှတ် ၁၅ မှတ်ဖြင့် အဆင့်(၂)နေရာမှ ဖိအားပေးလျက်ရှိနေသည်။

အလားတူ မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲ ပွဲစဉ်ခြောက်ပွဲကစားပြီးချိန်တွင် သွင်းဂိုးအများဆုံးကစားသမားစာရင်း၌ Young Lionesses အသင်းတိုက်စစ်မှူး ရှင်းသန့်ဖြူစင်ပြုံးက သွင်းဂိုး ခုနစ်ဂိုးဖြင့် ထိပ်ဆုံးမှဦးဆောင်နေပြီး ရန်ကုန်ယူနိုက်တက်အသင်းမှ ဇွန်မိုးပြည့်က သွင်းဂိုးခြောက်ဂိုးဖြင့် ဒုတိယ၊ သစ္စာအားမာန်အသင်းမှ မြတ်နိုးခင်က သွင်းဂိုး ငါးဂိုးဖြင့် တတိယ၊ ရှမ်းယူနိုက်တက်အသင်းမှ စန္ဒာအောင်က သွင်းဂိုး လေးဂိုးဖြင့် စတုတ္ထနေရာတွင် အသီးသီး ရပ်တည်နေသည်။

အလားတူ ဂိုးဖန်တီးမှု အများဆုံး ကစားသမားစာရင်းတွင် ရှောဝတီအသင်းမှ Ritu Porna က လေးကြိမ်ဖြင့် ထိပ်ဆုံးတွင် ရပ်တည်နေသည်။

မြန်မာအမျိုးသမီးလိဂ် ပြိုင်ပွဲ ပွဲစဉ်(၇)ပွဲစဉ်များအဖြစ် ဇူလိုင် ၂၇ ရက် ညနေ ၃ နာရီခွဲတွင် ရန်ကုန်မြို့ YUSC အားကစားကွင်း၌ ရတနာပုံအက်ဖ်စီ အသင်းနှင့် ရှောဝတီအသင်း၊ ညနေ ၃ နာရီခွဲတွင် တောင်ကြီးမြို့ ပြည်နယ်အားကစားကွင်း၌ ရှမ်းယူနိုက်တက်အသင်းနှင့် ရန်ကုန်ယူနိုက်တက်အသင်း၊ ဇူလိုင်၂၈ ရက် ညနေ ၃ နာရီခွဲတွင် ရန်ကုန်မြို့ YUSC အားကစားကွင်း၌ Young Lionesses အသင်းနှင့် ဖွဲ့ကပင်ယူနိုက်တက်အသင်း၊ ဇူလိုင် ၂၉ ရက် ညနေ ၃ နာရီခွဲတွင် ရန်ကုန်မြို့ ပဒုမ္မာအားကစားကွင်း၌ ISPE အသင်းနှင့် ရန်ကုန်စီးတီးအသင်း၊ ညနေ ၃ နာရီခွဲ ဗဟန်းအားကစားကွင်း၌ မြဝတီအသင်းနှင့် သစ္စာအားမာန်အသင်းတို့ ဆက်လက်ကစားမည်ဖြစ်ကြောင်း သိရသည်။

STA

# ဂျာမနီနှင့် ပြင်သစ်နိုင်ငံတို့က ၂၀၃၈ ခုနှစ် ကမ္ဘာ့ဖလားပြိုင်ပွဲကို ပူးတွဲအိမ်ရှင်အဖြစ်ကျင်းပရန် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်ထံ လျှောက်ထားမည်

ပဲရစ် ဇူလိုင် ၂၅

ဂျာမနီနိုင်ငံနှင့် ပြင်သစ်နိုင်ငံတို့က ၂၀၃၈ ခုနှစ် ကမ္ဘာ့ဖလားပြိုင်ပွဲကို ပူးတွဲအိမ်ရှင်အဖြစ်ကျင်းပရန် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် (ဖီဖာ)ထံ လျှောက်ထားမည် ဖြစ်ကြောင်း Sportsgully သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

ဖီဖာက လာမည့် ၂၀၃၀ ပြည့်နှစ် ကမ္ဘာ့ဖလားပြိုင်ပွဲကို စပိန်၊ ပေါ်တူဂီ၊ မော်ရိုကိုနိုင်ငံတို့က သုံးနိုင်ငံ ပူးတွဲအိမ်ရှင်အဖြစ်လည်းကောင်း၊ ၂၀၃၄ ကမ္ဘာ့ဖလားပြိုင်ပွဲကို ဆော်ဒီအာရေဗျနိုင်ငံက အိမ်ရှင်အဖြစ်လည်းကောင်း ကျင်းပရန် သတ်မှတ်ထားခြင်းဖြစ်သည်။




ဖီဖာ၏ ကမ္ဘာ့ဖလားပြိုင်ပွဲ အိမ်ရှင်ရွေးချယ်သည့် စနစ်အရ ကမ္ဘာ့တိုက်ကြီးများ အလိုက် အလှည့်ကျစနစ်ဖြင့် ရွေးချယ်ခြင်းဖြစ်ပြီး လာမည့် ၂၀၃၈ ခုနှစ် ကမ္ဘာ့ဖလားပြိုင်ပွဲကို ဥရောပနိုင်ငံများက အိမ်ရှင်အဖြစ်လက်ခံ ကျင်းပရမည်ဖြစ်သည့်အတွက် ဂျာမနီနိုင်ငံနှင့် ပြင်သစ်နိုင်ငံတို့ ပူးတွဲကျင်းပခွင့်ရရှိရန် လျှောက်ထားမည်ဖြစ်သည်။

ဂျာမနီနိုင်ငံ ဘောလုံးအဖွဲ့ချုပ်နှင့် ပြင်သစ်နိုင်ငံဘောလုံးအဖွဲ့ချုပ်တို့က ပူးတွဲအိမ်ရှင်အဖြစ် ကျင်းပရန် ဆွေးနွေးမှုများ လုပ်ဆောင်ခဲ့ပြီးနောက် သဘောတူညီမှုရရှိခဲ့သည့်အတွက် ဖီဖာထံ ပူးတွဲလျှောက်ထားမည်ဖြစ်သည်။

ကမ္ဘာ့ဖလားပြိုင်ပွဲကို ဂျာမနီနိုင်ငံက ၂၀၀၆ ခုနှစ်နှင့် ပြင်သစ်နိုင်ငံက ၁၉၉၈ ခုနှစ်တွင် နောက်ဆုံး ကျင်းပခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Ref : Sportsgully

Trs : STA

# ဝါစိုက်ပျိုးထုတ်လုပ်မှုမှ ပြည်တွင်းကုန်ထုတ်လုပ်မှုသို့

**ဆုလတ်မေ**



လူတို့၏ဘဝတွင် အဝတ်အထည်သည် မွေးစမှ သေဆုံးသည်ထိ နေ့စဉ်အသုံးပြုနေရသည်။ အဝတ်အထည်ရက်လုပ်ရာတွင် အသုံးပြုသည့် ဝါစိုက်ပျိုးထုတ်လုပ်ခြင်းသည် အဓိကအခန်းကဏ္ဍမှ ပါဝင်နေပြီး ပြည်တွင်းဝါစိုက်ပျိုးထုတ်လုပ်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးကို နိုင်ငံတော်က အထူးအလေးထား ဆောင်ရွက်ပေးလျက်ရှိသည်။

မြန်မာနိုင်ငံတွင် ဝါစိုက်ပျိုးရေးကဏ္ဍသည် နိုင်ငံ့စီးပွားရေးအတွက် အခြေခံကျသော ကဏ္ဍတစ်ရပ်ဖြစ်ပြီး ဝါစိုက်ပျိုးရေးသည်လည်း ထိုကဏ္ဍအတွင်း အရေးပါသည့် စက်မှုကုန်ကြမ်းထုတ်လုပ်ရေးလုပ်ငန်းတစ်ခု ဖြစ်သည်။ ဝါသည် တောင်သူများအတွက် ဝင်ငွေရရှိစေသည့် စိုက်ပျိုးရေးထွက်ကုန်တစ်ခုဖြစ်သကဲ့သို့ ချည်မျှင်နှင့်အထည်အလိပ်လုပ်ငန်းများအတွက် အခြေခံကုန်ကြမ်းလည်းဖြစ်သည်။

ဝါသည် စိုက်ခင်းထဲတွင် အဆုံးသတ်သွားခြင်း မဟုတ်ပေ။ ဝါများကို ကောက်သိမ်းပြီးနောက် အစေ့နှင့်အမျှင် ခွဲခြားခြင်း၊ သန့်စင်ခြင်းနှင့် အရည်အသွေးခွဲခြားခြင်းများ ပြုလုပ်ရသည်။ ထိုမှတစ်ဆင့် ဝါမျှင်များကို စက်ရုံများတွင် ချည်မျှင်အဖြစ် ပြောင်းလဲထုတ်လုပ်ကြသည်။ ချည်မျှင်သည် အထည်ရက်လုပ်ခြင်း လုပ်ငန်းများအတွက် အခြေခံကုန်ကြမ်းဖြစ်ပြီး အထည်အလိပ်ထုတ်လုပ်မှု၏ အစပြုရာလည်း ဖြစ်သည်။ ထို့နောက် ချည်မျှင်များကို ခေတ်မီစက်ယန္တရားများအသုံးပြု၍ အထည်အမျိုးမျိုးအဖြစ် ရက်လုပ်ကြသည်။ အထည်များကိုဆေးဆိုးခြင်း၊ ပုံနှိပ်ခြင်းနှင့် ဒီဇိုင်းဖန်တီးခြင်းများ ပြုလုပ်ပြီးနောက် အဝတ်အထည်များ၊ အိမ်သုံးအထည်အလိပ်ပစ္စည်းများနှင့် အခြားတန်ဖိုးမြင့်ထုတ်ကုန်များအဖြစ် ပြောင်းလဲထုတ်လုပ်ကြသည်။ ထို့ကြောင့် ဝါစိုက်ပျိုးထုတ်လုပ်မှုသည် လယ်ယာမြေမှစတင်ကာ စက်ရုံများ၊ အလုပ်ရုံများနှင့် ဈေးကွက်များထိဆက်စပ်နေသည့်လုပ်ငန်းဖြစ်သည်။

ဝါစိုက်ပျိုးရေးနှင့် အထည်အလိပ်ကဏ္ဍတို့ ချိတ်ဆက်ဖွံ့ဖြိုးလာခြင်းသည် တောင်သူများနှင့် စက်မှုလုပ်ငန်းရှင်များအတွက်သာ အကျိုးရှိသည် မဟုတ်ဘဲ အလုပ်အကိုင် အခွင့်အလမ်းများကိုလည်း တိုးပွားစေသည်။ ဝါစိုက်ပျိုးရေးတွင် တောင်သူများ၏ အလုပ်အကိုင်များ ဖန်တီးပေးနိုင်သကဲ့သို့ ဝါဖတ်ပြုပြင်ခြင်း၊ ချည်မျှင်ထုတ်လုပ်ခြင်း၊ အထည်ရက်လုပ်ခြင်းနှင့် အဝတ်အထည်ထုတ်လုပ်ခြင်းတို့တွင်လည်း ပြည်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်းများစွာ ပေါ်ပေါက်လာနိုင်သည်။ ထို့ပြင် ပြည်တွင်း၌ ဝါမှတန်ဖိုးမြင့်ကုန်ပစ္စည်းများ ထုတ်လုပ်နိုင်ခြင်းသည် ပြည်တွင်းကုန်ထုတ်လုပ်မှု တိုးတက်စေရန် အလွန်အရေးပါသည်။ ဝါကုန်ကြမ်းကို ပြည်ပသို့ တိုက်ရိုက်တင်ပို့ရောင်းချခြင်းထက် ပြည်တွင်း၌ ချည်မျှင်၊ အထည်နှင့် အဆင်သင့်ဝတ်ဆင်နိုင်သော အဝတ်အထည်များအဖြစ် ထုတ်လုပ်နိုင်လျှင် ထုတ်ကုန်တန်ဖိုး ပိုမိုမြင့်မားလာမည်ဖြစ်သည်။ ထိုသို့ တန်ဖိုးမြင့်ထုတ်လုပ်ခြင်းသည် စီးပွားရေးအကျိုးအမြတ်ကို တိုးတက်စေသည့်အပြင် ပြည်တွင်းစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန်လည်း အထောက်အကူပြုသည်။

သို့သော် ဝါစိုက်ပျိုးထုတ်လုပ်မှုမှ အထည်အလိပ်ကဏ္ဍထိ အောင်မြင်စွာချိတ်ဆက်နိုင်ရန် စိန်ခေါ်မှုများလည်း ရှိနေသည်။ အရည်အသွေးမြင့် ဝါမျိုးများ ရရှိရေး၊ စိုက်ပျိုးရေးနည်းပညာ တိုးတက်ရေး၊ ခေတ်မီစက်ယန္တရားများ အသုံးပြုနိုင်ရေး၊ ထုတ်လုပ်မှုကုန်ကျစရိတ် လျှော့ချနိုင်ရေးနှင့် ဈေးကွက်တည်ငြိမ်ရေးတို့သည် အရေးကြီးသည့် အချက်များဖြစ်သည်။ ထို့ပြင် တောင်သူများ၊ ကုန်သည်များ၊ စက်ရုံများနှင့် ဈေးကွက်များကြား ချိတ်ဆက်မှုကောင်းမွန်ရန်လည်း လိုအပ်သည်။ အထည်အလိပ်ကဏ္ဍသည် ယနေ့ခေတ်တွင် အဝတ်အထည်ထုတ်လုပ်မှုအတွက်သာမက နိုင်ငံတစ်နိုင်ငံ၏ စက်မှုဖွံ့ဖြိုးတိုးတက်မှုကိုပြသသည့် ကဏ္ဍတစ်ရပ်လည်းဖြစ်သည်။ ထို့ကြောင့် ဝါကို ပြည်တွင်း၌ စနစ်တကျ စိုက်ပျိုးထုတ်လုပ်ပြီး ချည်မျှင်နှင့်အထည်အလိပ်များအဖြစ် တန်ဖိုးမြင့်ထုတ်လုပ်နိုင်ပါက နိုင်ငံ့စီးပွားရေးအတွက် အကျိုးကျေးဇူးများစွာ ရရှိနိုင်မည်ဖြစ်သည်။

လယ်ယာမြေထဲမှစတင်သော ဝါသည် စက်ရုံထဲတွင် ချည်မျှင်ဖြစ်လာပြီး နောက်ဆုံးတွင် လူတို့ဝတ်ဆင်သည့် အထည်အဖြစ် ရောက်ရှိလာသည်။ လက်ရှိကမ္ဘာတွင် ပေါက်ဈေးအရ ဝါတစ်တန်လျှင် အမေရိကန်ဒေါ်လာ ၁၈၀၀ နှင့် ၁၉၀၀ ကြားတွင်ရှိပြီး နိုင်ငံကသတ်မှတ်ထားသည့် ဝါတစ်ဧက ပန်းတိုင်ရည်မှန်းချက်အတွက်နှုန်း ပိဿာချိန် ၇၀၀ ရရှိအောင် ဆောင်ရွက်နိုင်မည်ဆိုလျှင် ပိုလျှံသည့်ဝါများကို ပြည်ပသို့ ရောင်းချခြင်းဖြင့် နိုင်ငံခြားဝင်ငွေ ပိုမိုရရှိစေမည်ဖြစ်သည်။

**မျိုး၊ မြေ၊ ရေနှင့် နည်းစနစ်၏ အရေးပါမှု**

ဝါစိုက်ပျိုးထုတ်လုပ်မှု အောင်မြင်ရန်အတွက် မျိုး၊ မြေ၊ ရေနှင့် စိုက်ပျိုးနည်းစနစ်တို့သည် အခြေခံအကျဆုံး အချက်များဖြစ်သည်။ အရည်အသွေးကောင်းမွန်ပြီး ဒေသရာသီဥတုနှင့် ကိုက်ညီသော ဝါမျိုးများကို ရွေးချယ်စိုက်ပျိုးခြင်းသည် အထွက်နှုန်းနှင့် ဝါအရည်အသွေး တိုးတက်စေသည်။ ထို့ပြင် မျိုးကောင်းမျိုးသန့်များ အသုံးပြုနိုင်ခြင်းသည်လည်း အထည်အလိပ်လုပ်ငန်းအတွက် လိုအပ်သော အရည်အသွေးမြင့် ဝါမျှင်များရရှိရေးအတွက်လည်း အခြေခံအုတ်မြစ်ဖြစ်သည်။ ဝါစိုက်ပျိုးရာတွင် မြေအမျိုးအစားနှင့် မြေဩဇာအခြေအနေကိုလည်း အထူးဂရုပြုရန် လိုအပ်သည်။ ရေစီးရေလာကောင်းမွန်ပြီး မြေဩဇာကောင်းမွန်သော မြေများသည် ဝါပင်များ ကောင်းမွန်စွာကြီးထွားရန် အထောက်အကူပြုသည်။ မြေ၏အခြေအနေကို စနစ်တကျစစ်ဆေးပြီး လိုအပ်သည့် မြေဩဇာများကို သင့်တင့်မျှတစွာ အသုံးပြုခြင်းဖြင့် အပင်ကျန်းမာရေးနှင့် အထွက်နှုန်းကို တိုးတက်စေနိုင်သည်။ ဝါအထွက်ကောင်းရရှိစေရေး သဘာဝမြေဩဇာများဖြစ်သည့် နွားချေး၊ မြေဆွေးနှင့် ဓာတ်မြေဩဇာများကိုတွဲဖက်အသုံးပြုသင့်သည်။

ရေသည်လည်း ဝါစိုက်ပျိုးရေးအတွက် အရေးကြီးသည့် အချက်တစ်ခုဖြစ်သည်။ ဝါသီးနှံသည် ရေငတ်ခံနိုင်သော အပင်ဖြစ်သော်လည်း ရေလုံလောက်မှုရှိမှသာ အထွက်ကောင်းရရှိမည် ဖြစ်သည်။ မိုးရေကို အဓိကထားစိုက်ပျိုးသည့် ဒေသများတွင် မိုးရွာသွန်းမှုအခြေအနေကို ထည့်သွင်းစဉ်းစားရန် လိုအပ်သကဲ့သို့ ရေရှားပါးသည့် ကာလများတွင် လိုအပ်သည့် ရေပေးဝေမှုရရှိစေရန် စနစ်တကျ စီမံဆောင်ရွက်ရန် လိုအပ်သည်။ ရေကိုအလွန်အကျွံသုံးစွဲခြင်းမရှိဘဲ အပင်၏လိုအပ်ချက်နှင့် ကိုက်ညီသည့် ရေပေးဝေမှုစနစ်များ အသုံးပြုခြင်းသည် ရေရှည်တည်တံ့သော ဝါစိုက်ပျိုးရေးအတွက် အရေးပါသည်။ စိုက်ပျိုးရေးနှင့် အောင်ရေလုံလောက်စွာရရှိစေရေးအတွက် နေရောင်ခြည်စွမ်းအင်သုံး မြစ်ရေတင်လုပ်ငန်းများဖြင့် ဆောင်ရွက်နိုင်သလို စိုက်ပျိုးရာတွင်လည်း နည်းစနစ်တကျနှင့်အညီ စိုက်ပျိုးသွားလျှင် အထွက်နှုန်းများ တိုးတက်စေမည်ဖြစ်သည်။

ထို့ပြင် ခေတ်မီစိုက်ပျိုးရေးနည်းစနစ်များ အသုံးပြုခြင်းသည် ဝါစိုက်ပျိုးထုတ်လုပ်မှုကို ပိုမိုတိုးတက်စေနိုင်သည်။ စိုက်ပျိုးချိန်ကို မှန်ကန်စွာရွေးချယ်ခြင်း၊ အပင်အကွာအဝေးကို စနစ်တကျထားရှိခြင်း၊ ပေါင်းမြက်နှိမ်နင်းခြင်း၊ ပိုးမွှားနှင့် ရောဂါများကို စနစ်တကျကာကွယ်ခြင်းတို့သည် ဝါအထွက်နှုန်းနှင့် အရည်အသွေးအပေါ် တိုက်ရိုက်သက်ရောက်မှုရှိသည်။ ထို့ကြောင့် တောင်သူများအနေဖြင့် ရိုးရာအတွေ့အကြုံများနှင့် ခေတ်မီစိုက်ပျိုးရေးနည်းပညာများကို ပေါင်းစပ်အသုံးပြုရန် လိုအပ်သည်။

**နိုင်ငံတော်၏ ပံ့ပိုးကူညီမှု**

ဝါစိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်၏ ပံ့ပိုးကူညီမှုသည်လည်း အရေးပါသည်။ အရည်အသွေးကောင်းမွန်သော မျိုးကောင်းမျိုးသန့်များရရှိရေး၊ စိုက်ပျိုးရေးနည်းပညာများ ဖြန့်ဝေပေးရေးနှင့် တောင်သူများအား လက်တွေ့အသိပညာပေးရေးတို့ကို အားပေးဆောင်ရွက်ရန် လိုအပ်သည်။ ထို့ပြင် စိုက်ပျိုးရေးသုတေသနနှင့် နည်းပညာဖွံ့ဖြိုးတိုးတက်ရေးကို အားပေးခြင်းဖြင့် ဒေသနှင့်ကိုက်ညီသည့် အထွက်နှုန်းကောင်း ဝါမျိုးများ ဖော်ထုတ်နိုင်မည်ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတော်အနေဖြင့် အရည်အသွေးမြင့် ချည်မျှင်ရှည်ဝါမျိုးများကိုဖြန့်ဝေပေးခြင်း၊ သုတေသနနှင့် မျိုးကောင်းမျိုးသန့် ထုတ်လုပ်ရေးကို အားပေးခြင်းတို့အပြင် တောင်သူများအတွက်လိုအပ်သော စိုက်ပျိုးရေးသွင်းအားစုများ ရရှိရေး၊ စက်ယန္တရားနှင့် ခေတ်မီနည်းပညာများ အသုံးပြုနိုင်ရေး၊ စိုက်ပျိုးရေးချေးငွေများနှင့် ဈေးကွက်ချိတ်ဆက်မှုများ ရရှိရေးတို့အတွက်လည်း နိုင်ငံတော်မှပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိသည်။ ဝါစိုက်ပျိုးသူတောင်သူများထံမှဝါကို သင့်တင့်မျှတသောဈေးကွက်အတွင်းရောင်းချနိုင်ပြီး ထိုဝါများကို ပြည်တွင်း၌ ချည်မျှင်၊ အထည်နှင့် အဝတ်အထည်များအဖြစ် တန်ဖိုးမြင့်ထုတ်လုပ်နိုင်ပါက တောင်သူများ၏ဝင်ငွေ တိုးတက်လာမည်ဖြစ်သကဲ့သို့ အထည်အလိပ်စက်မှုကဏ္ဍလည်း ပိုမိုခိုင်မာလာမည်ဖြစ်သည်။

ထို့ကြောင့် ဝါစိုက်ပျိုးရေးကို တောင်သူတစ်ဦးချင်း၏ စိုက်ပျိုးရေးလုပ်ငန်းအဖြစ်သာမမြင်ဘဲ နိုင်ငံ့စီးပွားရေးနှင့် အထည်အလိပ်စက်မှုကဏ္ဍတို့ကို ချိတ်ဆက်ပေးနိုင်သည့် အမျိုးသားအဆင့် တန်ဖိုးကွင်းဆက်တစ်ရပ်အဖြစ် ဖွံ့ဖြိုးတိုးတက်စေရန် လိုအပ်သည်။ မျိုးကောင်း၊ မြေကောင်း၊ ရေကောင်းနှင့် နည်းပညာကောင်းတို့ ပေါင်းစပ်ကာ နိုင်ငံတော်၏ ပံ့ပိုးကူညီမှုနှင့်အတူ ဝါစိုက်ပျိုးထုတ်လုပ်မှုကို မြှင့်တင်နိုင်ပါက လယ်ယာမြေမှ စက်ရုံထိ၊ ဝါမှ အထည်တစ်ထည်ထိ တန်ဖိုးမြင့်ထုတ်လုပ်မှုလမ်းကြောင်းကို ပိုမိုခိုင်မာစွာ ဖော်ဆောင်နိုင်မည်ဖြစ်သည်။

ဝါစိုက်ပျိုးထုတ်လုပ်မှုမှ အထည်အလိပ် စက်မှုကဏ္ဍထိ လုပ်ငန်းကွင်းဆက်တစ်လျှောက် တစ်ပြိုင်နက် မြှင့်တင်ဆောင်ရွက်ရာတွင် ကဏ္ဍအလိုက် အောင်မြင်မှုရရှိအောင် ဆောင်ရွက်သွားကြရန် လိုသည်။ ဝါကုန်ကြမ်းမရှိဘဲ အထည်အလိပ်လုပ်ငန်း လုပ်ကိုင်နိုင်မည်မဟုတ်သကဲ့သို့ အထည်အလိပ်လုပ်ငန်းမရှိဘဲ ဝါစိုက်ပျိုးထုတ်လုပ်မှုလည်း ဖွံ့ဖြိုးနိုင်မည်မဟုတ်သည့်အလျောက် အတူတကွရှင်သန်ဖွံ့ဖြိုးနိုင်ရန် ဆောင်ရွက်သွားရမည်ဖြစ်သည်။ ဝါနှင့်အထည်အလိပ် ကွင်းဆက်တစ်လျှောက် ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ သက်ဆိုင်ရာကဏ္ဍများအလိုက် အလုပ်အကိုင်အခွင့်အလမ်းများ ထွက်ပေါ်လာပြီး အကျိုးဖြစ်ထွန်းလာကြမည်ဖြစ်သကဲ့သို့ နိုင်ငံတော်အတွက် အကျိုးဖြစ်ထွန်းစေမည်ဖြစ်သည်။

အနှစ်ချုပ်အားဖြင့် ဝါစိုက်ပျိုးရေးသည်လယ်ယာမြေထဲတွင်သာ အဆုံးသတ်သည့်လုပ်ငန်းမဟုတ်ပေ။ ဝါမှ အထည်နှင့် တန်ဖိုးမြင့်ထုတ်ကုန်များထိ ဆက်လက်တိုးချဲ့နိုင်သည့် အခွင့်အလမ်းများစွာ ရှိနေသည်။ ထိုအခွင့်အလမ်းများကို ထိရောက်စွာ အသုံးချနိုင်ရန် ဝါစိုက်ပျိုးရေးနှင့် အထည်အလိပ်စက်မှုကဏ္ဍတို့ကို သီးခြားကဏ္ဍများအဖြစ်မမြင်ဘဲ တစ်ခုနှင့်တစ်ခု ချိတ်ဆက်နေသည့်တန်ဖိုးကွင်းဆက်တစ်ခုအဖြစ် ဖွံ့ဖြိုးတိုးတက်စေရန် လိုအပ်သည်။ မိမိတို့နိုင်ငံအနေဖြင့် ဝါစိုက်ပျိုး ထုတ်လုပ်ခြင်းများကို အောင်မြင်အောင် ဆောင်ရွက်နိုင်သည့် ရေခံမြေခံနှင့် အခြေခံကောင်းများ ပိုင်ဆိုင်ထားပြီးဖြစ်ရာ နိုင်ငံတော်အစိုးရ၏ အားပေးမှုနှင့်အတူ ဝါစိုက်တောင်သူများ၊ ဝါအခြေခံပြီး တန်ဖိုးမြင့်ကုန်ထုတ်လုပ်သူများ ပူးပေါင်း၍ ဆောင်ရွက်ကြခြင်းဖြင့် ပြည်တွင်းကုန်ထုတ်လုပ်မှု အခွင့်အလမ်းများ တိုးတက်နိုင်ပြီး နိုင်ငံ့စီးပွားတိုးတက်ရေးကို အထောက်အကူပြုနိုင်မည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။

**ကိုးကား**

- ၁၃-၇-၂၀၂၆၊ ၁၄-၇-၂၀၂၆ ရက်ထုတ် သတင်းစာများ
- မြန်မာနိုင်ငံ စိုက်ပျိုးရေးဦးစီးဌာနမှ သတင်းအချက်အလက်များ

# Cloud Seven Entertainment Production က ရိုက်ကူးမည့် မေ့လျော့ခံမေတ္တာဇာတ်လမ်းတွဲ ကန်တော့ပွဲပေးအခမ်းအနား ပြုလုပ်



**ရန်ကုန် ဇူလိုင် ၂၅**

Cloud Seven Entertainment Production က ရိုက်ကူးထုတ်လုပ်မည့် မေ့လျော့ခံမေတ္တာ ဇာတ်လမ်းတွဲ ကန်တော့ပွဲပေး အခမ်းအနားကို ဇူလိုင် ၂၄ ရက်က ရန်ကုန်တိုင်းဒေသကြီး အလုံမြို့နယ်ရှိ အိမ်တော်ရာစေတီတော်၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ မေ့လျော့ခံမေတ္တာ ဇာတ်လမ်းတွဲ၏ ဝတ္ထုဇာတ်လမ်းနှင့် ဇာတ်ညွှန်းကို ဆုလှဲ့ယဉ်က ရေးသားထားပြီး ဒါရိုက်တာ ယမထာချိုက Cloud Seven Entertainment Production အတွက် တာဝန်ယူ ပုံဖော်ရိုက်ကူးသွားမည်ဖြစ်ကြောင်း သိရသည်။

“တီတီက Cloud Seven Entertainment Production က ထုတ်လုပ်မဲ့ မေ့လျော့ခံမေတ္တာ ဇာတ်ကားမှာ မျိုးဆက်သစ်လူငယ်တွေနဲ့အတူပါဝင်မှာပါ။ ဇာတ်ကားခုနစ်ကားရိုက်မဲ့အပေါ်မှာ တီတီကတော့ မိဘမေတ္တာဖွဲ့လေးကို ရိုက်မှာပါ။ တီတီက သားသမီးနှစ်ယောက်ကို ပြုစုပျိုးထောင်တဲ့ အမေတစ်ယောက်နေရာက မြင်တွေ့ရမှာပါ။ ငယ်ငယ်တုန်းက ဆင်းရဲခဲ့ပေမဲ့ ကိုယ်ကကြိုးစားရုန်းကန်ပြီး ကလေးနှစ်ယောက်ကို ခွန်အားစိုက်ထုတ် ပျိုးထောင်ခဲ့ရတယ်။ ဆေးကျောင်းတက်တဲ့သူနဲ့ ပညာတတ်တွေဖြစ်လာပေမဲ့ အမေတစ်ယောက်ကို ဂရုမစိုက်တဲ့ အကြောင်းလေးကို ပုံဖော်ရမှာပါ" ဟု အဆိုပါ ဇာတ်လမ်းတွဲတွင် ပါဝင်မည့် သရုပ်ဆောင် ဝင်းမင်းသန်းက ပြောပြသည်။

မေ့လျော့ခံမေတ္တာဇာတ်လမ်းတွဲတွင် သရုပ်ဆောင်များအဖြစ် ဘုန်းမြတ်မင်းသန့်၊ သက်ဦးမောင်မောင်၊ ဟိန်းခန့်၊ အေဒီဦး၊ Evra၊ ရတီနန္ဒာ၊ ဝင်းမင်းသန်း၊ အေးသီတာ စသည့်အနုပညာရှင်များစွာ ပါဝင်သရုပ်ဆောင်ကြမည်ဖြစ်ကြောင်း သိရသည်။

ASH

# Lizard Music အက်ရှင်ဇာတ်ကား၌ သရုပ်ဆောင်နှစ်ဦး ပါဝင်မည်

**နယူးယောက် ဇူလိုင် ၂၅**

Lizard Music အမည်ရှိ အက်ရှင်ဇာတ်ကား၌ မင်းသမီး အယ်လီရှာ ဆေးဗားစတုန်းနှင့် မင်းသား တင်ဟိုင်ဒက်ကာတို့ ပါဝင်မည်ဖြစ်ကြောင်း ဇူလိုင် ၂၄ ရက် သတင်းများအရ သိရသည်။

Lizard Music ဇာတ်ကားသည် စာရေးဆရာ ဒန်နီရယ်ပင်ဝါးတား၏ ခေါင်းစဉ်အမည်တူ ဝတ္ထုကို ဇာတ်အိမ်ဖွဲ့ရိုက်ကူးမည့် ဇာတ်ကားဖြစ်ကြောင်း သိရသည်။

Lizard Music ဇာတ်ကားတွင် အယ်လီရှာဆေးဗားစတုန်းနှင့် တင်ဟိုင်ဒက်ကာတို့အနေဖြင့် မင်းသား ဒွင်းဂျွန်ဆင်၊ သီအိုကလာ့လီဘာတို့နှင့်အတူ သရုပ်ဆောင်ရမည်ဖြစ်ကြောင်း သိရသည်။

လက်ရှိအချိန်တွင် Lizard Music ဇာတ်ကား၏ ဇာတ်လမ်းဇာတ်အိမ် အသေးစိတ်ကို ထုတ်လုပ်သူများက လျှို့ဝှက်ထားဆဲဖြစ်ကြောင်း သိရသည်။

အဆိုပါဇာတ်ကားကို ဒါရိုက်တာ ဘင်နီဆက်ဒီးက တာဝန်ယူရိုက်ကူးမည်ဖြစ်ပြီး ဇာတ်ညွှန်းကိုလည်း ၎င်းကိုယ်တိုင် ရေးသားထားကြောင်း သိရသည်။

Lizard Music ဇာတ်ကား ရိုက်ကူးမည့်ရက်နှင့် ရုံတင်ပြသမည့်ရက်တို့ကို ထုတ်လုပ်သူများက ထုတ်ဖော်ပြောကြားခြင်းမရှိသေးကြောင်း သိရသည်။

Ref : Russia Today
Trs : KKO





# တေးသံရှင် ဖြိုးကြီး၊ ဇာနည်အောင်၊ ဗေဒါသွေး၊ လှိုင်းလေးတို့၏ WINNING STARS NIGHT တေးဂီတဖျော်ဖြေပွဲ ပြုလုပ်မည်

**ရန်ကုန် ဇူလိုင် ၂၅**

တေးသံရှင် ဖြိုးကြီး၊ ဇာနည်အောင်၊ ဗေဒါသွေး၊ လှိုင်းလေးတို့၏ WINNING STARS NIGHT အမည်ရှိ တေးဂီတဖျော်ဖြေပွဲကို ဇူလိုင် ၂၇ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ The Heart of Rangoon (THOR) Bar ၌ ပြုလုပ်မည်ဖြစ်ကြောင်း အဆိုပါ WINNING STARS NIGHT တေးဂီတဖျော်ဖြေပွဲကိုစီစဉ်သူ တေးရေး မြင့်မိုးအောင်ထံမှ သိရသည်။

တေးရေး မြင့်မိုးအောင် စီစဉ်သည့် WINNING STARS NIGHT တေးဂီတဖျော်ဖြေပွဲသည် အဆိုပြိုင်ပွဲအသီးသီးမှ ပြိုင်ပွဲဝင် ဆန်ခါတင် တေးသံရှင်များကို စိစစ်ရွေးချယ်ကာ အပတ်စဉ် အလှည့်ကျ Live Performance များဖြင့် THOR Bar တွင် ဖျော်ဖြေတင်ဆက်နေသည့် အစီအစဉ်ဖြစ်ကြောင်း သိရသည်။

"ဒီ WINNING STARS NIGHT တေးဂီတဖျော်ဖြေပွဲကို THOR Bar မှာ စတင်နေတာ ဇူလိုင် ၂၇ ရက်ဆိုရင် အပိုင်း (၄) ဖြစ်မယ်။ ဒီပွဲကို ကျွန်တော်တို့ တနင်္လာနေ့တိုင်း THOR Bar မှာ တင်ဆက်သွားမှာပါ။ ဒီဖျော်ဖြေပွဲမှာ ပြိုင်ပွဲအသီးသီးမှာ ဆုရခဲ့ဖူးတဲ့အဆိုတော်တွေကလဲ အထူးဧည့်သည်တော်အဖြစ် အပတ်စဉ်တိုင်းဖျော်ဖြေသွားမဲ့ အစီအစဉ်ပဲဖြစ်ပါတယ်။ သီဆိုမဲ့ တေးသံရှင်တွေကိုလဲ အဆိုပြိုင်ပွဲအသီးသီးက ပြိုင်ပွဲဝင် ဆန်ခါတင် တေးသံရှင်တွေကို စိစစ်ရွေးချယ်ကာ ဖျော်ဖြေတင်ဆက်မဲ့ အစီအစဉ်ဖြစ်ပါတယ်" ဟု တေးရေး မြင့်မိုးအောင်က ပြောပြသည်။




THOR Bar ၌ ပြုလုပ်မည့် WINNING STARS NIGHT တေးဂီတဖျော်ဖြေပွဲတွင် တေးသံရှင် ဖြိုးကြီး၊ ဇာနည်အောင်၊ ဗေဒါသွေး၊ လှိုင်းလေးတို့၏ တေးဂီတဖျော်ဖြေမှုများကို Daily Gita Music Band တေးဂီတအဖွဲ့ကလည်း အကောင်းဆုံး ပံ့ပိုးတီးခတ်ပေးမည်ဖြစ်ကြောင်း သိရသည်။ ASH

# A 24 ကုမ္ပဏီ၏ Goblin ဇာတ်ကား၌ မင်းသား ဝီဖော်တီ ပါဝင်သရုပ်ဆောင်ဖွယ်ရှိ

**နယူးယောက် ဇူလိုင် ၂၅**

A 24 ရုပ်ရှင်ကုမ္ပဏီ၏ Goblin ဇာတ်ကားသစ်၌ မင်းသား ဝီဖော်တီ ပါဝင်သရုပ်ဆောင်ဖွယ်ရှိကြောင်း ဇူလိုင် ၂၄ ရက် သတင်းများအရ သိရသည်။

လက်ရှိအချိန်တွင် မင်းသား ဝီဖော်တီသည် Goblin ဇာတ်ကား၌ ပါဝင်သရုပ်ဆောင်ရေးအတွက် A 24 ရုပ်ရှင်ကုမ္ပဏီနှင့် ဆွေးနွေးနေကြောင်း သိရသည်။

အပြီးသတ် သဘောတူညီချက်ရရှိခဲ့ပါက မင်းသား ဝီဖော်တီသည် မင်းသား စကိုင်လာဂီဆန်ဒ်၊ ကက်နက်ဘရားနက်တို့နှင့်အတူ သရုပ်ဆောင်ရမည်ဖြစ်သည်။

Goblin ဇာတ်ကားသည် ဟာသ ရုပ်ရှင်ဇာတ်ကားအမျိုးအစားဖြစ်ပြီး ဇာတ်လမ်းဇာတ်အိမ်အသေးစိတ်ကို A 24 ရုပ်ရှင်ကုမ္ပဏီက လျှို့ဝှက်ထားဆဲဖြစ်ကြောင်း သိရသည်။

Goblin ဇာတ်ကားကို ဒါရိုက်တာ ဒေးဗစ်မီကယ်ဆင်က တာဝန်ယူရိုက်ကူးမည်ဖြစ်ပြီး ဝတ္ထုဇာတ်ညွှန်းကိုလည်း ၎င်းကိုယ်တိုင် ရေးသားထားသည်။

Goblin ဇာတ်ကားရိုက်ကူးထုတ်လုပ်မှုလုပ်ငန်းကို ယခုနှစ်ဆောင်းရာသီအတွင်း စတင်ရန် A 24 ရုပ်ရှင်ကုမ္ပဏီက စီစဉ်ထားကြောင်း သိရသည်။

Ref : Sputnik News
Trs : KKO







# အောင်ဟိတ်ရုပ်ရှင်ထုတ်လုပ်ရေးက ရိုက်ကူးထုတ်လုပ်သည့် လမ်းသရဲရုပ်ရှင်ဇာတ်ကားကို ဩဂုတ်လအတွင်း ရုံတင်ပြသမည်

**ရန်ကုန် ဇူလိုင် ၂၅**

အောင်ဟိတ်ရုပ်ရှင်ထုတ်လုပ်ရေးက ရိုက်ကူးထုတ်လုပ်သည့် လမ်းသရဲ ရုပ်ရှင်ဇာတ်ကားကို ဩဂုတ်လအတွင်း နိုင်ငံတစ်ဝန်း အဆင့်မြင့် ရုပ်ရှင်ရုံများ၌ ရုံတင်ပြသမည်ဖြစ်ကြောင်း အဆိုပါ ရုပ်ရှင်ဇာတ်ကားတွင် ပါဝင်ထားသူ သရုပ်ဆောင် ကျော်ထက်ဇော်ထံမှ သိရသည်။

လမ်းသရဲ ရုပ်ရှင်ဇာတ်ကား၏ ဝတ္ထုဇာတ်လမ်းကို ညီရဲမင်းက ရေးသားထားပြီး ခေါင်းဒင်္ဂါက ဇာတ်ညွှန်းရေးသားကာ ဒါရိုက်တာ ညီမင်းလွင်နှင့် တွဲဖက်ဒါရိုက်တာ ဇော်ဂျီတို့က အောင်ဟိတ်ရုပ်ရှင်ထုတ်လုပ်ရေးအတွက် တာဝန်ယူ ပုံဖော် ရိုက်ကူးထားခြင်းဖြစ်ကြောင်း သိရသည်။

"ညဉ့်နက်သန်းခေါင် လမ်းမတွေပေါ်မှာ ဆိုင်ကယ်တွေနဲ့အထာကျကျအုပ်စုဖွဲ့ စီးနင်းနေကြတဲ့ လမ်းသရဲ လူငယ်လေးတွေဆီမှာ လမ်းမပေါ်က မကျွတ်မလွတ်သေးတဲ့ နာနာဘာဝ လမ်းသရဲတွေ ကပ်ပါလာတဲ့အခါ ဘယ်လိုခြောက်လှန့်မှုတွေနဲ့ ကြုံတွေ့ရမလဲဆိုတာ ရင်တထိတ်ထိတ်နဲ့ ကြည့်ရှုရမဲ့ ရုပ်ရှင်ဇာတ်ကား ဖြစ်ပါတယ်"ဟု သရုပ်ဆောင် ကျော်ထက်ဇော်က ပြောပြသည်။

လမ်းသရဲ ရုပ်ရှင်ဇာတ်ကားတွင် သရုပ်ဆောင်များအဖြစ် ကျော်ထက်ဇော်၊ သျှင်းမြတ်၊ အောင်ခိုင်၊ သီဟအောင်၊ နေဝန်း၊ ထူးနိုင်လင်း၊ ခြူးလေး၊ သွန်းသစ္စာဇော်၊ ဆက်ယွန်းတွယ်တာ၊ ဝါဝါအောင်၊ စိုးမိုးကြည်နှင့် သရုပ်ဆောင်များစွာ ပါဝင်ထားကြောင်း သိရသည်။

ASH

# Vice President Daw Nan Ni Ni Aye delivers address at the opening ceremony of the Tastes of the Golden Land-2026




**Vice President Daw Nan Ni Ni Aye presents award to a competition winner.**

**Nay Pyi Taw July 25**

The opening ceremony of the Tastes of the Golden Land-2026, jointly organized by Myanmar Restaurant Association (MRA) under the supervision of Ministry of Hotels, Tourism and Culture took place at the Yangon Convention Center in Yangon this morning, addressed by Vice President of the Republic of Union of Myanmar Daw Nan Ni Ni Aye.

Also present were union ministers, U Khin Maung Soe, U Tun Ohn, and U Maung Myint, Yangon Region Chief Minister U Aung Naing Thu, Deputy Minister U Phyo Zaw Soe, the Region Hluttaw speaker, regional ministers, the Region Advocate-General, departmental heads, officials, ambassadors and diplomats of foreign missions to Myanmar, the Myanmar Tourism Federation (MTF) chairman and officials of the associates, the Myanmar Restaurant Association (MRA) chairman and officials, judges, contestant chefs, and guests.

Artistes of the Fine Arts Department under the MoHTC staged a song "Culinary Diversity Across the Land."

In her speech, Vice President Daw Nan Ni Ni Aye said the Tastes of the Golden Land-2026 is a meaningful contest and exhibition, and it was held with the aim to present Myanmar traditional food, a part of Myanmar culture, at an international standard, to make Myanmar traditional cuisine more popular on the international stage, and to promote and attract more international tourists based on Myanmar traditional cuisine.

When countries around the world showcase their cultural traditions, customs, national identity, and historical heritage, food culture also plays a pivotal role apart from other tangible and intangible cultural heritage -- art, literature and costumes. Myanmar is a Union, which is a collective home to various ethnic races including Kachin, Kayah, Chin, Bamar, Mon, Rakhine and Shan. It is common knowledge that the country has a large cultural diversity, based on regions and ethnic groups, and the unique and delicious dishes. By promoting and showcasing these unique and attractive traditional Myanmar foods, not only domestically but also globally, the country will be able to further boost its tourism industry.

Local traditional foods have become an important part of tourists' choice of destination. Food based tourism or Gastronomy Tourism is now developing at a high pace. As culinary tourism grows rapidly, countries around the world are effectively promoting their traditional foods to boost their national image and develop their tourism industry. Therefore, Myanmar also needs to identify and promote signature dishes that can be identity-linked with the country.

As she stated, our country is actively striving to gain global recognition and UNESCO Intangible Cultural Heritage status for our renowned traditional foods, such as Burmese tea leaf salad and Htamane. The development of gastronomy tourism not only helps preserve and promote our local culinary traditions, but also directly benefits hotels and restaurant businesses, as well as agricultural producers, livestock farmers, and micro, small, and medium-sized enterprises (MSMEs). In other words, it directly elevates the socioeconomic lives of working-class citizens. Therefore, to systematically promote and advance gastronomy tourism in Myanmar, events such as this Myanmar Traditional Food Competition and Exhibition have been organized.

She stated that through Myanmar traditional food competitions and exhibitions, it would be possible to showcase and enhance the presentation standards and culinary creativity of chefs, enabling them to prepare traditional Myanmar dishes with international quality, cleanliness, and elegance. She expressed her belief that these intriguing traditional Myanmar dishes would serve as a key attraction, helping to raise international awareness of Myanmar and draw more tourists to the country. She also noted that this competition and exhibition would be held over two days in Yangon, the commercial capital of Myanmar. She also stated that in addition to organizing competitions aimed at preparing and serving traditional Myanmar food at international standards, the event features a one-stop arrangement where regional specialties, coffee, tea, and local products from various regions and states can be purchased and enjoyed in a single location. She expressed hope that this would serve as an excellent opportunity for attendees to experience and appreciate the unique flavors, rich history, and cultural value of traditional Myanmar cuisine. She concluded by urging all stakeholders to continue their efforts to further develop Myanmar's tourism sector, thereby providing valuable support to the national economy.

Subsequently, Union Minister for Hotels, Tourism, and Culture U Maung Myint provided an explanation regarding the organization of the Myanmar Traditional Food Competition and Exhibition 2026.

Afterward, Vice President Daw Nan Ni Ni Aye presented certificates of honor to the entrepreneurs who contributed as Main, Gold, and Silver Sponsors for the event, while Union Ministers and Region Chief Minister presented certificates to those who supported as Supporting Partners.

Then, the Vice President, together with the attendees, watched the video broadcast of the competition, took a commemorative group photo, and toured the exhibition booths as well as the contestants actively participating in the competition.

Following that, the Vice President awarded prizes to the competition winners, while Union Minister U Maung Myint presented certificates of honor to the panel of judges, after which the opening ceremony was concluded.

It is reported that this event, held for the first time in Myanmar, allowed visitors to observe, experience, and purchase regional dishes at a single location, featuring traditional Myanmar cuisine presented through international-standard Fine Dining competitions, exhibitions, sales, and knowledge exchanges. Seven contestant teams participated in the competition, with 120 booths displaying and selling items. MNA

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Electricity supply restored in the region as damaged power infrastructure is being rebuilt following destruction caused by acts of sabotage by terrorist groups



Photo record of electrical staff repairing the damaged 400V power lines.



Photo record of the completed repairs of damaged substation equipment at the 33/11 kV 10 MVA Shwe Nyaung Pin substation in Nawnghkio Township.



Photo records of the damage and loss at the 66/11 kV 5 MVA Falam power substation and loss of cables.

**Nay Pyi Taw July 25**

The electricity sector is a vital and indispensable lifeline for a country, bringing numerous benefits by contributing to socioeconomic development, improving the living standards of the people, and ensuring secure and sustainable socioeconomic progress. The government and the Ministry of Electricity and Energy are making utmost efforts to increase and expand electricity supply as a priority area in order to improve the daily social and economic lives of the people across the country.

However, in some areas, combined groups of PDF terrorists have been deliberately and brutally destroying electricity infrastructure that supplies power, which is essential to the daily lives of the people, through various means, including planting mines and carrying out bomb attacks, with the aim of hindering the country's development. Due to such acts, electricity staff, local security forces and departmental officials are making concerted efforts to urgently repair and restore the damaged electricity infrastructure and power transmission lines in order to resume the supply and transmission of electricity as soon as possible.

The attacks by terrorist groups on Lashio, Nawnghkio, Kyaukme and Hsipaw townships in Shan State (North) in 2024 caused damage to nine substations, 86 transformers and power transmission lines, resulting in power outages.

After Lashio and Nawnghkio were retaken under the control of the Tatmadaw, the Ministry promptly repaired the damaged substations, power transmission lines and transformers. Electricity is now being redistributed to Nawnghkio Township and Lashio through the national power grid system.

As the repair works for the damaged substations, power transmission lines and transformers in Hsipaw Township and Kyaukme have been completed, electricity can be redistributed to Hsipaw and Kyaukme through the national grid system once the clearance of landmines and inspection of the 66 kV Mansang-Hsipaw power transmission line between tower numbers 210 and 219 have been completed. At present, electricity is being supplied to Hsipaw for six hours per day using two diesel power generators. In Kyaukme, electricity is being distributed to important public locations and some residents through the 2-megawatt Namsoungngong small-scale hydropower plant. Efforts are underway to restore normal electricity supply through the national power grid system.

Similarly, in Loikaw, Kayah State, due to terrorist insurgents, the 132 kV Loikaw Main Substation, three 33 kV substations, 73 transformers, and power lines were damaged. Reconstruction work has been carried out and electricity has been restored to 13,837 households in Loikaw, Loilinlay and Lawpita towns, and 30 villages.

In Dimawso Township, one 33 kV substation, transformers, and power lines were damaged due to violence. As a first phase of restoration, an 11 kV power line was repaired, restoring electricity to 2 villages and important locations in the township. The repair of the 33 kV, 10 MVA Ywadanshe substation in Loikaw has been completed within the first 100-day plan of the new national government, and efforts will continue to distribute electricity to Dimawso Township from the Ywadanshe substation.

Similarly, in Falam Township, Chin State, due to terrorist insurgents, one 66 kV substation, two small hydropower plants, 31 transformers, and power lines were damaged. Necessary materials will be transported and restoration work will be carried out. In the meantime, the state government is implementing arrangements to provide temporary electricity using a 12 kW solar generator at Falam Township temporary hospital and 6 kW solar generators at important locations. A 300 kVA diesel generator has also been repaired to provide temporary power to critical facilities.

To restore electricity to Tonzang Township, 12 electricity department staff arrived on June 18, 2026, and have begun conducting damage assessments and reconstruction work. The 300 kVA diesel generator has been repaired and is currently providing 3 hours of electricity nightly to 11 government offices and approximately 310 consumers. Efforts are also underway to coordinate with administrative bodies to inspect the 200 kW Tuizawng hydropower plant for possible restoration.

It is reported that due to the tireless efforts of the national government and the Ministry of Electricity and Energy, as electricity is gradually restored to areas that had experienced power outages, the daily lives of local residents have returned to normal, small and medium enterprises and local production activities have resumed operations, healthcare services at hospitals and clinics have been provided to the public, and significant benefits have emerged in the education sector for students. The public's electricity needs are being increasingly fulfilled.

100

# Tanzania lists first shilling bond on London Stock Exchange

**Dar Es Salaam June 25**

Tanzania on Friday listed its first Tanzanian shilling-denominated offshore bond on the London Stock Exchange, according to a statement issued on Saturday by the country's Ministry of Finance.

The 100-million-U.S.-dollar bond (about 262.5 billion Tanzanian shillings) was issued by the International Finance Corporation and channeled to NMB Bank Plc, a Tanzanian commercial bank, to expand financing for small and medium-sized enterprises (SMEs), the statement said.

Of the total, 20 percent, or about 20 million dollars (52.5 billion Tanzanian shillings), has been earmarked for women-owned businesses, the statement said.

The listing signals growing international confidence in Tanzania's economy and supports efforts to diversify funding sources for the country's National Development Vision 2050 agenda, said Tanzanian Finance Minister Khamis Mussa Omar, adding that the move enhances the country's credit profile and access to more affordable financing. Xinhua

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## ပြင်သစ်နှင့် ဆွစ်ဇာလန်ကုမ္ပဏီတို့က ပေါင်းစည်းလေကြောင်းရန်ကာကွယ်ရေးစနစ်များပူးတွဲဖော်ဆောင်ရန် မဟာမိတ်ဖွဲ့



ပြင်သစ်နိုင်ငံ Thales နှင့် ဆွစ်ဇာလန်နိုင်ငံ Destinus ကုမ္ပဏီတို့သည် ပေါင်းစည်းလေကြောင်းရန်ကာကွယ်ရေးစနစ်များဖြစ်သည့် ဒရုန်းနှိမ်နင်းရေးစနစ်များ၊ ဝေးလံသောပစ်မှတ်များကို တိုက်ခိုက်သည့်စနစ်များကို ပူးတွဲဖော်ဆောင်ရန် မဟာမိတ်ဖွဲ့လိုက်ပြီဖြစ်ကြောင်း The Defense Post သတင်းဌာနက ဇူလိုင် ၂၂ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

Thales ကုမ္ပဏီအနေဖြင့် NATO စံနှုန်းမီ စစ်ဘက်သုံး ထိပ်ဖူးများအပါအဝင် Destinus ကုမ္ပဏီ၏ ကြားဖြတ်တိုက်ခိုက်ရေးစနစ်များနှင့် တာဝေးပစ်လက်နက်များအတွက် အဓိကကျသော စနစ်ခွဲများအားလုံးကို ထောက်ပံ့ပေးသွားနိုင်မည်ဖြစ်သည်။ အဆိုပါကုမ္ပဏီ နှစ်ခုစလုံးသည် ဖောက်ခွဲရေးပစ္စည်းအစိတ်အပိုင်းများကို ကိုင်တွယ်လုပ်ဆောင်နိုင်ရန် အရည်အချင်းပြည့်မီသော စက်ရုံတစ်ခုတွင် Hornet ကြားဖြတ်တိုက်ခိုက်ရေးစနစ်ကို ပူးတွဲထုတ်လုပ်ရန်လည်း စီစဉ်ထားသည်။

ပူးပေါင်းဆောင်ရွက်မည့် နောက်ထပ်ကဏ္ဍတစ်ခုမှာ Hornet ကြားဖြတ်တိုက်ခိုက်ရေးစနစ်အုပ်စုဝင် Thales ကုမ္ပဏီထုတ် တန်ပြန်ဒရုန်းတိုက်ဖျက်ရေးစနစ်များနှင့် ရေဒါနည်းပညာများတွင်ပေါင်းစပ်ထည့်သွင်းခြင်းပင် ဖြစ်သည်။ ၎င်းတို့သည် နည်းဗျူဟာမြောက် သယ်ယူပို့ဆောင်ရေးလေယာဉ်များမှ တင်ဆောင်ပစ်ခတ်နိုင်သည့် တာဝေးပစ်လက်နက်များ တီထွင်ထုတ်လုပ်ရေးအတွက်လည်း ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်သည်။

Destinus ကုမ္ပဏီ နည်းပညာအရာရှိချုပ် Tim Moser က ဤမဟာမိတ်ပူးပေါင်းဆောင်ရွက်မှုသည် တိုက်ပွဲဝင်လုပ်ငန်းစနစ်ဆိုင်ရာ ဆုံးဖြတ်ချက်များချမှတ်ရာတွင် လူသားဖြစ်သည့် စစ်သည်များ၏ တာဝန်ယူမှုကို ဆက်လက်ထိန်းသိမ်းထားခြင်းဖြင့် ခြိမ်းခြောက်မှုများကို ရှာဖွေတွေ့ရှိခြင်းနှင့် ကြားဖြတ်တိုက်ခိုက်ခြင်းတို့ကြား ချိတ်ဆက်မှုကို ပိုမိုကောင်းမွန်လာစေရန် ရည်ရွယ်ဒီဇိုင်းထုတ်ထားခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

Thales-Destinus မဟာမိတ်ပူးပေါင်းမှုသည် အာရုံခံစနစ်များ၊ ကွပ်ကဲမှုစနစ်များနှင့် ကြားဖြတ်တိုက်ခိုက်ရေး နည်းပညာများ ပေါင်းစပ်ထားသည့် တန်ပြန်ဒရုန်းတိုက်ဖျက်ရေးစနစ်များ တီထွင်ထုတ်လုပ်ရန် ကာကွယ်ရေးစက်မှုလုပ်ငန်းများအနေဖြင့် ကျယ်ကျယ်ပြန့်ပြန့် ကြိုးပမ်း အားထုတ်လာခြင်းလည်းဖြစ်ကြောင်း သိရသည်။

ယခုနှစ် ဇွန်လကလည်း L3Harris Technologies ကုမ္ပဏီနှင့် တူကီယဲနိုင်ငံမှ Skydagger Technologies ကုမ္ပဏီတို့သည် VAMPIRE တန်ပြန်ဒရုန်းတိုက်ဖျက်ရေးစနစ်အတွက် ကြားဖြတ်တိုက်ခိုက်ရေးဒရုန်းစနစ်များကို ပေါင်းစပ်ထည့်သွင်းနိုင်ရေးအတွက် သဘောတူစာချုပ် ချုပ်ဆိုခဲ့ကြသည်။

ထိုကြိုးပမ်းမှုမှာ ဂျာမနီနိုင်ငံမှ HENSOLDT နှင့် TYTAN Technologies ကုမ္ပဏီတို့က ကြားဖြတ်တိုက်ခိုက်ရေးဒရုန်းများကို HENSOLDT ကုမ္ပဏီထုတ် အာရုံခံစနစ်များနှင့် Elysion Mission Core ကွပ်ကဲကြီးကြပ်မှုဆော့ဖ်ဝဲလ်စနစ်တို့နှင့် ပေါင်းစပ်အသုံးပြုရန် ယခုနှစ် ဇန်နဝါရီလအတွင်းက ပြုလုပ်ခဲ့သော မိတ်ဖက်ပူးပေါင်းမှု၏ နောက်ဆက်တွဲကြိုးပမ်းမှုဖြစ်ကြောင်း သိရသည်။

**Thales, Destinus Partner on Counter-Drone, Long-Range Strike Systems** ကိုဘာသာ ပြန်ဆိုထားပါသည်။

## ဂရိနိုင်ငံက ကန်ဒေါ်လာ ၃ ဒသမ ၁ ဘီလီယံတန်ဖိုးရှိ Achilles Shield ဒရုန်းရန်ကာကွယ်ရေးစနစ်များကို အစ္စရေးထံမှဝယ်ယူမည်

ဂရိနိုင်ငံသည် အမေရိကန်ဒေါ်လာ ၃ ဒသမ ၁ ဘီလီယံတန်ဖိုးရှိ Achilles Shield ဒရုန်း ရန်ကာကွယ်ရေးစနစ်များကို အစ္စရေးနိုင်ငံထံမှ ဝယ်ယူမည်ဖြစ်ကြောင်း The Defense Post သတင်းဌာနက ဇူလိုင် ၂၃ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ယခုဝယ်ယူမှုသည် ဂရိနိုင်ငံ၏ စစ်ဘက်ဆိုင်ရာ အသုံးစရိတ်မြှင့်တင်မှုအစီအစဉ်၏ တစ်စိတ်တစ်ပိုင်းဖြစ်ပြီး အဆိုပါအစီအစဉ်တွင် C-390 Millennium သယ်ယူပို့ဆောင်ရေးလေယာဉ်များ၊ Heron မောင်းသူမဲ့ဝေဟင်ယာဉ်များ၊ အပါချီရဟတ်ယာဉ်သုံး ဒုံးကျည်များ၊ Victa ရေငုပ်သင်္ဘောများနှင့် ဖရီးဂိတ်စစ်သင်္ဘောသုံး ရေဒါစနစ်များလည်း ပါဝင်ကြောင်း ကာကွယ်ရေးဝန်ကြီးဌာန၏ စာရင်းများအရ သိရသည်။

ဂရိဝန်ကြီးချုပ် Kyriakos Mitsotakis ဦးဆောင်ကျင်းပသည့် ဂရိနိုင်ငံ၏ နိုင်ငံခြားရေးနှင့် ကာကွယ်ရေးဆိုင်ရာကောင်စီ (KYSEA) အစည်းအဝေးတွင် Achilles Shield ဒရုန်းရန်ကာကွယ်ရေးစနစ်များ ဝယ်ယူရန် အတည်ပြုခဲ့သည်ဟု ဝန်ကြီးဌာနသတင်းရင်းမြစ်က ထုတ်ပြန်ထားသည်။ သို့သော် တရားဝင်ထုတ်ပြန်ချက် မထွက်ပေါ်သေးမီကာလဖြစ်သဖြင့် အတိအကျထုတ်ပြန်ထားခြင်းမရှိပေ။ ဂရိကာကွယ်ရေးစက်မှုလုပ်ငန်းရှင်များသည် အဆိုပါ ကာကွယ်ရေးစီမံချက်အတွက် အမေရိကန်ဒေါ်လာ ၇၉၅ သန်း ထည့်ဝင်သွားမည်ဖြစ်ကြောင်း ပြောကြားထားသည်။

ဝန်ကြီးချုပ် Kyriakos Mitsotakis လက်ထက်တွင် ဂရိနိုင်ငံသည် လက်နက်ကိုင်တပ်ဖွဲ့များ ခေတ်မီတိုးတက်ရေးအတွက် ရင်းနှီးမြှုပ်နှံမှုများကို ဆက်လက်ပြုလုပ်ခဲ့ပြီး အစပိုင်းတွင် ပြင်သစ်နိုင်ငံထုတ် Belharraစစ်ရေယာဉ်များနှင့် Rafale တိုက်လေယာဉ်များကို အဓိကထားဝယ်ယူခဲ့သည်။ Belharraဖရီးဂိတ်သင်္ဘောလေးစီးဝယ်ယူရန် သဘောတူညီခဲ့ပြီးဖြစ်ကာ Rafale တိုက်လေယာဉ် ၂၄ စင်းကိုလည်း မှာယူထားပြီးဖြစ်သည်။

ပြင်သစ်သမ္မတ Emmanuel Macron ၏ ဧပြီလအတွင်း ခရီးစဉ်တွင် ဂရိနှင့်ပြင်သစ်တို့သည် စစ်လက်နက်ဝယ်ယူမှုများအတွက် ၂၀၂၁ ခုနှစ် ကာကွယ်ရေးပူးပေါင်းဆောင်ရွက်မှု သဘောတူစာချုပ်ကို အသစ်ပြန်လည်ချုပ်ဆိုခဲ့ကြသည်။

ဇူလိုင် ၂၃ ရက်က ကြေညာခဲ့သော အခြား ထပ်ဆောင်းဝယ်ယူမှုများတွင် ဘရာဇီးနိုင်ငံထုတ် C-390 Millennium လေယာဉ်များနှင့် ဗြိတိန်နိုင်ငံထုတ် Victa အထူးတပ်ဖွဲ့သုံး ရေယာဉ်ငယ်များ ပါဝင်နေသည်။ အဆိုပါ ရေယာဉ်ငယ်များကို ဂရိနိုင်ငံရှိ Skara mangas သင်္ဘောကျင်းများတွင် အဓိက တည်ဆောက်သွားမည်ဖြစ်ကြောင်း ဝန်ကြီးဌာနထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။ ဂရိနိုင်ငံသည် အမေရိကန်နိုင်ငံထုတ် F-35 တိုက်လေယာဉ်အစင်းရေ ၂၀ ဝယ်ယူရေးအတွက်လည်း သဘောတူညီချက်လက်မှတ်ရေးထိုးထားပြီးဖြစ်သည်။



၂၀၂၅ ခုနှစ်အတွင်းက ဂရိဝန်ကြီးချုပ် Kyriakos Mitsotakis က လာမည့် ၁၂ နှစ်အတွင်းကာကွယ်ရေးအတွက် အမေရိကန်ဒေါ်လာ ၂၈ ဒသမ ၄ ဘီလီယံ သုံးစွဲသွားမည်ဖြစ်ကြောင်း ကြေညာခဲ့ဖူးသည်။ လာမည့်နှေဦးပေါက်တွင် ရွေးကောက်ပွဲရင်ဆိုင်ရမည့် အဆိုပါကွန်ဆာဗေးတစ်ခေါင်းဆောင်က ဤစီမံချက်သည် ခေတ်သစ်ဂရိသမိုင်းတွင် အပြင်းထန်ဆုံး ကာကွယ်ရေး အသွင်ကူးပြောင်းမှုဖြစ်ကြောင်း ဂရိဝန်ကြီးချုပ် Kyriakos Mitsotakis က ပြောကြားခဲ့သည်။

တပ်ဖွဲ့များကို ခေတ်မီအောင်ပြုလုပ်ရန်နှင့် ၂၁ ရာစု၏ စိန်ခေါ်မှုများကို ရင်ဆိုင်ရန်အတွက် ဂရိနိုင်ငံအနေဖြင့် ယူကရိန်းပဋိပက္ခမှသင်ခန်းစာများကို မဖြစ်မနေ နမူနာယူကြရမည်ဖြစ်သည်ဟု ကာကွယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်ထားကြောင်း သိရသည်။

**Greece to Buy Anti-Drone 'Achilles Shield' From Israel for $3.1B** ကိုဘာသာပြန်ဆိုထားပါသည်။

**မင်းမျိုး**

# ဝက်လက်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၂၁၃၃ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ဝက်လက် ဇူလိုင် ၂၅**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ဝက်လက်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၂၁၃၃ ဧကထိ စိုက်ပျိုးပြီးစီးပြီ ဖြစ်ကြောင်း ဝက်လက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဝက်လက်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၄၂၅၅ ဧက စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် မေလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၂၁၃၃ ဧကထိ စိုက်ပျိုးပြီးစီးပြီ ဖြစ်ကြောင်း သိရသည်။

"ဒီနှစ်မိုးသီးနှံစိုက်ပျိုးရာသီ ဝက်လက်မြို့နယ်မှာ ဟင်းသီးဟင်းရွက်ဧက ၄၀၀၀ ကျော် လျာထားစိုက်ပျိုးခဲ့ရာမှာ ဒီနေ့ထိ ၂၁၃၃ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးသွားပါမယ်။ စိုက်ပျိုးတဲ့ ဟင်းသီးဟင်းရွက် အားလုံးကို GAP နည်းစနစ်နဲ့ စိုက်ပျိုးနိုင်အောင်၊ ဓာတုဓာတ်ကြွင်းအနည်းဆုံးဖြစ်အောင်၊ ကျန်းမာရေးနဲ့ ကိုက်ညီအောင် စိုက်ပျိုးဖို့ နည်းပညာတွေ ပေးနေပါတယ်"ဟု ဝက်လက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ကြင်စန်းက ပြောပြသည်။

ယခုနှစ် ဝက်လက်မြို့နယ်တွင် ဟင်းသီးဟင်းရွက်စိုက် တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းစင်ရေး၊ သဘာဝမြေဩဇာ၊ သဘာဝပိုးသတ်ဆေး ပြုလုပ်သုံးစွဲတတ်စေရေး စသည့်စိုက်ပျိုးရေးဆိုင်ရာများ အသိပညာပေးလျက်ရှိကြောင်း သိရသည်။

ဟင်းသီးဟင်းရွက်ကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် ဟင်းသီးဟင်းရွက်ကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း ဝက်လက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ကြင်စန်းက ပြောပြ၍ သိရသည်။

(၂၀၆)

# ဟသ်ာတမြို့နယ်တွင် တီလားဗီးယားငါးများ အရောင်းအဝယ်ကောင်းမွန်နေ

**ဟသ်ာတ ဇူလိုင် ၂၅**

ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတမြို့နယ်တွင် တီလားဗီးယားငါးများ ဝယ်ယူအားကောင်းမွန်ပြီးအရောင်းအဝယ် ကောင်းမွန်နေကြောင်း ဟသ်ာတမြို့နယ် ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်သူအောင်က ပြောပြ၍ သိရသည်။

ဟသ်ာတမြို့နယ်တွင် တီလားဗီယားငါးများ ယခုနှစ် ဇူလိုင်လ ပထမပတ်မှ စတင်ပြီး ယနေ့ထိ ဝယ်လိုအားကောင်းပြီး အရောင်းအဝယ် ကောင်းမွန်နေကြောင်း၊ အဆိုပါ ဒေသတွင် တီလားဗီးယားငါးများ တစ်ရက်လျှင် ပိဿာချိန် ၄၀၀၀ မှ ၅၅၀၀ ထိ အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

"လက်ရှိ တီလားဗီးယားငါးတွေ အဝယ်လိုက်နေပါတယ်။ အခြားရေထွက်ကုန် ရောင်းဝယ်ရေးဈေးကွက်က ဝယ်လက်တွေက အဝယ်များနေပါတယ်။ တီလားဗီးယားငါးတွေက ဟသ်ာတမြို့နယ်ကနေ



အခြားဒေသတွေကို ပိဿာချိန် အများအပြား တင်ပို့နေရလို့ အရောင်းအဝယ် ကောင်းနေတာပါ။ ဒီတီလားဗီးယားငါးတွေက လတ်ဆတ်တာကြောင့် ရောင်းပန်းလှပြီး အကင်ဆိုင်တွေ၊ ပင်လယ်စာဆိုင်တွေရဲ့ အကြိုက်ပေါ့။ လက်ရှိ အရောင်းအဝယ် ကောင်းနေတာကြောင့် ရေလုပ်ငန်းနဲ့ ဆက်စပ်သူတွေအားလုံး အဆင်ပြေနေပါတယ်"ဟု ဟသ်ာတမြို့နယ် ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သူအောင်က ပြောပြသည်။

ဟသ်ာတမြို့နယ်တွင် အရောင်းအဝယ် ကောင်းမွန်နေသည့် တီလားဗီးယားငါး တစ်ပိဿာလျှင် ငွေကျပ် ၁၇၅၀၀ မှ ၁၉၅၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါ ငါးအမျိုးအစားသည် အရွယ်အစားနှင့် လတ်ဆတ်မှုအပေါ်မူတည်ပြီး ဈေးနှုန်းအနိမ့်အမြင့်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# ပေါင်းတည်မြို့နယ် ထန်းသုံးခွကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ပေါင်းတည် ဇူလိုင် ၂၅**

ပဲခူးတိုင်းဒေသကြီး နတ်တလင်းခရိုင် ပေါင်းတည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ထန်းသုံးခွကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်း ရန်ပုံငွေထုတ်ချေးခြင်းကို ဇူလိုင် ၂၄ ရက်က အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ နတ်တလင်းခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူးဦးငွေလွင်စိုးက မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေကို မိသားစုဝင်ငွေတိုး စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ထုတ်ချေးပေးခြင်း ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ပေါင်းတည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သန္တာဦးရွှေက ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ၊ နည်းဥပဒေပါ ကျေးလက်နေ ပြည်သူများလိုက်နာရမည့် တာဝန်များ၊ ရပိုင်ခွင့်များ၊ ပြစ်မှုနှင့်ပြစ်ဒဏ်များကို အသေးစိတ် ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံသို့ ရန်ပုံငွေများ လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် ထန်းသုံးခွကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၁၆ ဦးကို ငွေကျပ် ၃၅ ဒသမ ၃ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၈၂ ဦးကို ၁၂ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၉၈ ဦးကို ငွေကျပ် ၄၇ ဒသမ ၃ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**သုတ**


# လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

နိုင်ငံခေတ်မီဖွံ့ဖြိုးရေးအတွက်

အဓိကအဖော်မွန်ဖြစ်သော လျှပ်စစ်မီးကို

- ဝန်နှင့်အား မျှတအောင် သုံးစွဲပါ။
- လေလွင့်ပျောက်ဆုံးမှုမရှိအောင် ဂရုစိုက်ပါ။
- အန္တရာယ်မဖြစ်အောင် သတိပြုပါ။
- နေ့စဉ် အကျိုးရှိစွာ ချွေတာသုံးစွဲပါ။


# စေတုတ္တရာမြို့နယ် ခြင်ပြစ်ကိုင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး



**စေတုတ္တရာ ဇူလိုင် ၂၅**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စေတုတ္တရာမြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ခြင်ပြစ်ကိုင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေဖြင့် မိသားစုဝင်ငွေတိုး လုပ်ငန်းများ အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နေမှု အခြေအနေများကို ဇူလိုင် ၂၄ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင်စေတုတ္တရာမြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသိန်းဇော်ထွန်းနှင့်ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ ခြင်ပြစ်ကိုင်းကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းနှင့် မွေးမြူရေးလုပ်ငန်း ဆောင်ရွက်ထားရှိမှုအခြေအနေများ၊ လအလိုက်ဖြည့်သွင်းရမည့် စာရင်းဇယားများ ပြည်စုံမှု ရှိ၊ မရှိ အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

စေတုတ္တရာမြို့နယ် ခြင်ပြစ်ကိုင်းကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၃၈ ဦးကို ငွေကျပ် ၃၀ ဒသမ ၃၀ သန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ လေးဦးကို ငွေကျပ် ၂ ဒသမ ၅၀ သန်း၊ စုစုပေါင်း အသင်းသား၊ အသင်းသူ ၄၂ ဦးကို မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေကျပ် ၃၂ ဒသမ ၈ သန်း ထုတ်ချေးပေးထားပြီး စီမံကိန်းလုပ်ငန်းများ အောင်မြင်စွာလည်ပတ် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း စေတုတ္တရာမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။ **ကိုညို**


## ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

- Home Stay နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့်ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထားဆောင်ရွက်ပါ။
- မကြာခဏထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လှေကားလက်ရန်း စသည်တို့ကို Alcohol ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။

# ၁၅ ကြိမ်မြောက် အာဆီယံဥပဒေပညာရှင်အသင်း၏ အထွေထွေညီလာခံနှင့် ၄၇ ကြိမ်မြောက် အာဆီယံဥပဒေပညာရှင်အသင်း အုပ်ချုပ်မှုကောင်စီအစည်းအဝေးတို့သို့ ပြည်ထောင်စုဝန်ကြီးနှင့်ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦးနှင့်အဖွဲ့ တက်ရောက်

နေပြည်တော် ဇူလိုင် ၂၅

ထိုင်းနိုင်ငံ အာဆီယံဥပဒေပညာရှင်များ အသင်းဥက္ကဋ္ဌ ထိုင်းနိုင်ငံ တရားလွှတ်တော်ချုပ်၏ သဘာပတိဖြစ်သူ တရားသူကြီးချုပ် H.E Mr. Adisak Tantiwong ၏ ဖိတ်ကြားချက်အရ ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ဇူလိုင် ၂၀ ရက်မှ ၂၄ ရက်ထိ ကျင်းပသည့် ၁၅ ကြိမ်မြောက် အာဆီယံဥပဒေပညာရှင်အသင်း၏အထွေထွေညီလာခံ(15th ASEAN Law Association General Assembly)၊ ၄၇ ကြိမ်မြောက် အာဆီယံဥပဒေပညာရှင်အသင်း အုပ်ချုပ်မှုကောင်စီအစည်းအဝေး (47th ASEAN Law Association Governing Council Meeting) နှင့် အာဆီယံဥပဒေရေးရာညီလာခံ ၂၀၂၆(ASEAN Law Conference 2026)တို့သို့ မြန်မာနိုင်ငံ အာဆီယံဥပဒေပညာရှင်အသင်းဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦးနှင့်အဖွဲ့ တက်ရောက်သည်။




အခမ်းအနားတွင် အာဆီယံဥပဒေပညာရှင်များအသင်း နာယက H. E Tun Tengku Maimum binti Tuan Mat ကလည်းကောင်း၊ အာဆီယံဒုတိယအထွေထွေအတွင်းရေးမှူးချုပ် H.E Nararya S. Soeprapto က လည်းကောင်း၊ ထိုင်းနိုင်ငံ အာဆီယံဥပဒေပညာရှင်များအသင်းဥက္ကဋ္ဌ၊ ထိုင်းနိုင်ငံ တရားလွှတ်တော်၏ သဘာပတိဖြစ်သောတရားသူကြီးချုပ် H.E Adisak Tantiwon က လည်းကောင်း အဖွင့်အမှာစကားပြောကြားပြီး အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံအလိုက် အာဆီယံဥပဒေပညာရှင်များအသင်း ဥက္ကဋ္ဌများ၊ အာဆီယံနိုင်ငံများမှ တရားသူကြီးချုပ်များ၊ ဥပဒေရေးရာဝန်ကြီးများနှင့် ဥပဒေပညာရှင်များ တက်ရောက်သည်။

အာဆီယံဥပဒေညီလာခံ ၂၀၂၆ ၏ ခေါင်းစဉ်မှာ “ပြည်သူလူထု၊ ကမ္ဘာ၊ လက်တွဲပူးပေါင်းမှု” (People. Planet. Partnership) ဖြစ်ကြောင်း၊ အဆိုပါညီလာခံ၌ အာဆီယံနိုင်ငံများအလိုက် သရုပ်ပြတရားခွင်ပြိုင်ပွဲများကျင်းပခြင်း၊ အာဆီယံအနုညာတစီရင်ဆုံးဖြတ်ခြင်းတို့အပြင် အာဆီယံအနုညာတစီရင်ဆုံးဖြတ်ခြင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုနှင့် အာဆီယံနိုင်ငံများအကြား လိုက်လျောညီညွတ်မှုရှိစေရေးနှင့်စပ်လျဉ်း၍ စကားဝိုင်းဆွေးနွေးပွဲများကျင်းပခြင်း၊ အာဆီယံဥပဒေပညာရှင်များအသင်းနှင့်အာဆီယံတရားသူကြီးချုပ်များအစည်းအဝေးကို ပူးတွဲကျင်းပခြင်း၊ ထို့ပြင်ဥပဒေရေးရာခေါင်းစဉ်များအလိုက် ဥပဒေနှင့် လိင်ခွဲခြားမှုမရှိခြင်း၊ ဥပဒေနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ဥပဒေနှင့်စီးပွားရေး၊ ဥပဒေနှင့် နည်းပညာစသည့်ခေါင်းစဉ်များဖြင့် စကားဝိုင်းဆွေးနွေးပွဲများစသည်တို့ကို ကျင်းပခြင်းဖြစ်ကြောင်း၊ အခမ်းအနားနှင့် စကားဝိုင်းဆွေးနွေးပွဲများကို ကျင်းပခြင်းအားဖြင့် အာဆီယံနိုင်ငံများနှင့် ကမ္ဘာအရပ်ရပ်မှ တရားရေးနှင့် ဥပဒေပညာရှင်များ၊ ဥပဒေဖြင့် အသက်မွေးဝမ်းကျောင်းပြုသူများ၊ မူဝါဒရေးဆွဲသူများ၊ တက္ကသိုလ်များမှ ဥပဒေရေးရာပညာရှင်များ၊ ဥပဒေကျောင်းသား၊ကျောင်းသူများအကြား ဥပဒေရေးရာစိန်ခေါ်မှုများ၊ ဥပဒေပြဿနာများကို ပူးပေါင်း၍ဖြေရှင်းဆောင်ရွက်နိုင်မည်ဖြစ်ပြီး ဥပဒေရေးရာကိစ္စရပ်များတွင် အမြင်ချင်းဖလှယ်၍ ဆွေးနွေးနိုင်မည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံသည် ၂၀၁၂ ခုနှစ်တွင် အာဆီယံဥပဒေပညာရှင်များအသင်းသို့ အဖွဲ့ဝင်နိုင်ငံအဖြစ်ဝင်ရောက်ခဲ့ပြီး မြန်မာနိုင်ငံ အာဆီယံဥပဒေပညာရှင်များအသင်းကို ၂၀၁၃ ခုနှစ်တွင်စတင်ဖွဲ့စည်းခဲ့ကြောင်း၊ ၂၀၁၄ ခုနှစ်၊ ၂၀၁၉ ခုနှစ်၊ ၂၀၂၂ ခုနှစ်၊ ၂၀၂၅ ခုနှစ်နှင့် ၂၀၂၆ ခုနှစ်တို့တွင် မြန်မာနိုင်ငံ အာဆီယံဥပဒေပညာရှင်များအသင်းကိုပြင်ဆင်ဖွဲ့စည်းခဲ့ပြီး ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်က မြန်မာနိုင်ငံ အာဆီယံဥပဒေပညာရှင်များအသင်းဥက္ကဋ္ဌအဖြစ် ပါဝင်ဆောင်ရွက်လျက်ရှိကာ အာဆီယံဥပဒေပညာရှင်များအသင်း၏ အခမ်းအနားများ၊ အစည်းအဝေးနှင့် အစီအစဉ်များတွင် အခြားအာဆီယံအဖွဲ့ဝင် နိုင်ငံများနှင့်အတူ ပါဝင်ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။

မြန်မာနိုင်ငံတွင် ရွေးကောက်ခံအစိုးရ၏ ဥပဒေရေးရာဝန်ကြီးဌာနအနေဖြင့် ဥပဒေအရာရှိများကိုကျင့်ဝတ်သိက္ခာနှင့်ပြည့်စုံပြီး အများပြည်သူက ယုံကြည်အားထားရသော ဥပဒေအရာရှိများဖြစ်စေရန်၊ ဖြောင့်မတ်မှန်ကန်၍ မျှတသော တရားစီရင်ရေးစနစ်ဖြစ်ထွန်းစေရန်ရည်ရွယ်၍ ဥပဒေအရာရှိကျင့်ဝတ်နှင့် မျှတသော တရားစီရင်ရေးဆိုင်ရာစံနှုန်းများထုတ်ပြန်လိုက်နာကျင့်သုံးလျက်ရှိကြောင်း၊ ရှေ့ပြေးဥပဒေရုံးများ (Pilot Law Office) မှ ဆောင်ရွက်လျက်ရှိပြီး တရားဥပဒေစိုးမိုးရေးအတွက် အညွှန်းကိန်းတစ်ရပ်အနေဖြင့် ပြည်သူများ ယုံကြည်ကိုးစားမှုရရှိရန်လည်း အရေးကြီးသဖြင့် “ပြည်သူ့အတွက် တည်ဆောက်လျက် ဥပဒေယုံကြည်ချက်” ခေါင်းစဉ်ဖြင့် မဟာဗျူဟာစီမံကိန်းချမှတ် ဆောင်ရွက်လျက်ရှိကြောင်း ဆွေးနွေးပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

---

## ရှေ့ဖုံးမှအဆက်

ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး တက်ရောက်အမှာစကားပြောကြားသည်။

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးခင်မောင်စိုး၊ ဦးထွန်းအုံနှင့် ဦးမောင်မြင့်၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအောင်နိုင်သူ၊ ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီးဥပဒေချုပ်၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ၊ နိုင်ငံတကာသံရုံးများမှသံအမတ်ကြီးများနှင့် သံတမန်များ၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် ညီနောင်အသင်းများမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံစားသောက်ဆိုင်လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ အကဲဖြတ်ဒိုင်များ၊ ပြိုင်ပွဲဝင်အချက်အပြုတ်ပညာရှင်များ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ ဟိုတယ်၊ ခရီးသွားလာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များက “စားဖွယ်စုံလင်ပြည်တစ်ခွင်” သီချင်းဖြင့် ကပြဖျော်ဖြေတင်ဆက်ကြသည်။

ထို့နောက် ဒုတိယသမ္မတ ဒေါ်နန်းနီနီအေးက အမှာစကားပြောကြားရာတွင် ယနေ့ကျင်းပသည့် မြန်မာ့ရိုးရာအစားအစာပြိုင်ပွဲနှင့် ပြပွဲကြီးသည် မိမိတို့နိုင်ငံ၏ယဉ်ကျေးမှုတစ်ခုဖြစ်သည့် မြန်မာ့ရိုးရာအစားအသောက်များကို နိုင်ငံတကာအဆင့်မီတည်ခင်းဧည့်ခံနိုင်ရန်၊ မြန်မာ့ရိုးရာအစားအစာများကို ကမ္ဘာ့အလယ်တွင် ပိုမိုထင်ရှားကျော်ကြားလာစေရန်နှင့် မြန်မာ့ရိုးရာအစားအစာများကို အခြေခံပြီး နိုင်ငံတကာခရီးသွားဧည့်သည်များ ပိုမိုလာရောက်လည်ပတ်စေရေးမြှင့်တင်ဆွဲဆောင်နိုင်ရန် စသည့်ရည်ရွယ်ချက်များဖြင့်ကျင်းပသော အနက်အဓိပ္ပာယ်ရှိလှသည့် ပြိုင်ပွဲနှင့်ပြပွဲကြီးဖြစ်ကြောင်း။

ကမ္ဘာ့နိုင်ငံအသီးသီးက မိမိနိုင်ငံ၏ရိုးရာယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်း၊ အမျိုးသားရေးလက္ခဏာနှင့် သမိုင်းကြောင်းအစဉ်အလာများကိုဖော်ပြရာတွင် ဒြပ်ရှိ၊ ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များဖြစ်သည့် အနုပညာ၊ စာပေ၊ ဝတ်စားဆင်ယင်မှုများအပြင် အစားအသောက်ဆိုင်ရာယဉ်ကျေးမှု(Food Culture)သည်လည်း အလွန်အရေးကြီးသည့် အခန်းကဏ္ဍမှပါဝင်နေကြောင်း၊ မိမိတို့နိုင်ငံသည် ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်းစသည့် တိုင်းရင်းသားလူမျိုးပေါင်းစုံ စုစည်းနေထိုင်သည့် ပြည်ထောင်စုကြီးဖြစ်သည်နှင့်အညီ ဒေသအလိုက်၊ တိုင်းရင်းသားလူမျိုးစုများအလိုက် မတူကွဲပြားသည့် ယဉ်ကျေးမှုဓလေ့ထုံးစံများရှိသကဲ့သို့ ထူးခြားပြီး အရသာရှိလှသည့် ရိုးရာအစားအစာများကို ပိုင်ဆိုင်ထားသည်မှာ အားလုံးအသိပင်ဖြစ်ကြောင်း၊ ထိုကဲ့သို့ ထူးခြားပြီးဆွဲဆောင်မှုရှိသည့် မြန်မာ့ရိုးရာအစားအစာများကို နိုင်ငံအတွင်းမှာသာမက ကမ္ဘာကသိအောင် ဖော်ထုတ်ပြီး မြှင့်တင်ဆောင်ရွက်နိုင်မည်ဆိုပါက မြန်မာနိုင်ငံ၏ခရီးသွားလုပ်ငန်းများကို ပိုမိုမြှင့်တင်ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း။

ဒေသအလိုက်ရိုးရာအစားအသောက်များသည် ခရီးသွားများ၏ခရီးစဉ်ရွေးချယ်မှုတွင် အရေးပါသည့် အစိတ်အပိုင်းတစ်ခုဖြစ်လာကြောင်း၊ ယနေ့ကာလတွင် အစားအသောက်ကိုအကြောင်းပြုပြီး သွားလာလည်ပတ်သည့် ခရီးသွားလုပ်ငန်းတစ်နည်းအားဖြင့် Gastronomy Tourism သည် အရှိန်အဟုန်ဖြင့် တိုးတက်လာသည့် ခရီးသွားလုပ်ငန်းအမျိုးအစားတစ်ခုဖြစ်လာသည်ကို တွေ့ရကြောင်း၊ အစားအသောက်ဆိုင်ရာခရီးသွားလုပ်ငန်းသည် အလျင်အမြန်တိုးတက်လာသည်နှင့်အမျှ ကမ္ဘာ့နိုင်ငံများသည်လည်း မိမိတို့နိုင်ငံ၏ ပုံရိပ်မြှင့်တင်ရေးနှင့် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက်ရိုးရာအစားအစာများကို ထိရောက်စွာဖော်ထုတ်မြှင့်တင်ဆောင်ရွက်လျက်ရှိကြောင်း၊ ထို့ကြောင့် မိမိတို့မြန်မာနိုင်ငံတွင်လည်း နိုင်ငံနှင့်ယှဉ်တွဲပြီးသိစေနိုင်မည့်အစားအစာများကို ဖော်ထုတ်မြှင့်တင်ဆောင်ရွက်ကြရန်လိုကြောင်း။

မိမိတို့နိုင်ငံအနေဖြင့်လည်း ထင်ရှားကျော်ကြားသည့် မြန်မာ့လက်ဖက်၊ ထမနဲစသည့်ရိုးရာအစားအစာများကို ကမ္ဘာကသိရှိပြီး UNESCO က အသိအမှတ်ပြုခံရသည့် ဒြပ်ရှိယဉ်ကျေးမှု အမွေအနှစ်ဖြစ်အောင် ကြိုးစားဆောင်ရွက်နေသည်မှာ အားလုံးအသိပင်ဖြစ်ကြောင်း၊ အစားအသောက်ဆိုင်ရာခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်လာခြင်းသည် မိမိတို့ဒေသ၏ ရိုးရာအစားအစာများကို ထိန်းသိမ်းမြှင့်တင်ဆောင်ရွက်ရာရောက်သကဲ့သို့ ဟိုတယ်များ၊ စားသောက်ဆိုင်လုပ်ငန်းများသာမက စိုက်ပျိုးမွေးမြူရေးနှင့် အသေးစား၊ အငယ်စား၊ အလတ်စားစီးပွားရေး လုပ်ငန်းရှင်များအတွက်လည်း တိုက်ရိုက်အကျိုးကျေးဇူးရရှိစေနိုင်မည်ဖြစ်ကြောင်း၊ တစ်နည်းအားဖြင့် အခြေခံလူတန်းစားများ၏ လူမှုစီးပွားဘဝကိုမြှင့်တင်ပေးရာလည်းရောက်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် မြန်မာနိုင်ငံအနေဖြင့်လည်း အစားအသောက်ဆိုင်ရာခရီးသွားလုပ်ငန်းများ တိုးတက်လာစေရန် စနစ်တကျမြှင့်တင်ဆောင်ရွက်ကြရန်အတွက် ယခုကဲ့သို့မြန်မာ့ရိုးရာအစားအစာပြိုင်ပွဲနှင့်ပြပွဲကို စီစဉ်ကျင်းပရခြင်းလည်းဖြစ်ကြောင်း။

မြန်မာ့ရိုးရာအစားအစာပြိုင်ပွဲနှင့် ပြပွဲများမှတစ်ဆင့် မြန်မာ့ရိုးရာအစားအစာများကို နိုင်ငံတကာအဆင့်မီအရသာရှိရှိချက်ပြုတ်ပြီး သန့်သန့်ရှင်းရှင်း၊ ဖွယ်ဖွယ်ရာရာတည်ခင်းဧည့်ခံနိုင်ရန် ပြင်ဆင်တင်ဆက်မှုများ၊ စားဖိုမှူးများ၏ တီထွင်ဖန်တီးမှုများကို ဖော်ထုတ်မြှင့်တင်နိုင်မည်ဖြစ်ကြောင်း၊ထိုကဲ့သို့ စိတ်ဝင်စားစရာကောင်းသည့် မြန်မာ့ရိုးရာအစားအစာများကတစ်ဆင့် မြန်မာနိုင်ငံကို နိုင်ငံတကာခရီးသွားများ ပိုမိုသိရှိပြီး လာရောက်လည်ပတ်စေရန်အတွက် အထောက်အကူပြုဆွဲဆောင်နိုင်လိမ့်မည်ဟု ယုံကြည်ပါကြောင်း၊ ယခုပြိုင်ပွဲနှင့်ပြပွဲအစီအစဉ်ကို မြန်မာနိုင်ငံ၏ စီးပွားရေးမြို့တော်ဖြစ်သည့် ရန်ကုန်၌ နှစ်ရက်တိုင်တိုင်ကျင်းပသွားမည်ဖြစ်ကြောင်း၊ မြန်မာ့ရိုးရာအစားအစာများကို နိုင်ငံတကာအဆင့်မီ ချက်ပြုတ်တည်ခင်းဧည့်ခံနိုင်ရန် ပြိုင်ပွဲပြုလုပ်ရုံသာမက တိုင်းဒေသကြီးနှင့်ပြည်နယ်များက ဒေသထွက်အစားအစာများ၊ ကော်ဖီ၊ လက်ဖက်စသည့် ထုတ်ကုန်များကိုပါ တစ်နေရာထဲတွင် ဝယ်ယူစားသောက်နိုင်အောင် စီစဉ်ထားသည်ကို တွေ့ရှိရကြောင်း၊ အခမ်းအနား တက်ရောက်လာကြသူများအနေဖြင့် မြန်မာ့ရိုးရာအစားအစာများ၏ ထူးခြားသည့် အရသာ၊ သမိုင်းကြောင်းနှင့် ယဉ်ကျေးမှုတန်ဖိုးများကို သိရှိခံစားနိုင်မည့် အခွင့်အရေးကောင်းတစ်ရပ်ဖြစ်လိမ့်မည်ဟု မျှော်လင့်ပါကြောင်း၊ ရှေ့ဆက်လက်ပြီး မြန်မာနိုင်ငံ၏ခရီးသွားလုပ်ငန်းများပိုမိုဖွံ့ဖြိုးတိုးတက်ပြီး နိုင်ငံ့စီးပွားအတွက် အထောက်အပံ့ကောင်းများရရှိအောင် ကြိုးပမ်းဆောင်ရွက်ပေးကြရန် တိုက်တွန်းလိုကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ဟိုတယ်၊ ခရီးသွားလာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်က မြန်မာ့ရိုးရာအစားအစာ ပြိုင်ပွဲနှင့်ပြပွဲ-၂၀၂၆ အခမ်းအနားကျင်းပရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဒုတိယသမ္မတ ဒေါ်နန်းနီနီအေးက အခမ်းအနားဖြစ်မြောက်အောင် Main Sponsor၊ Gold Sponsor နှင့် Sliver Sponsor အဖြစ် ပံ့ပိုးကူညီပေးခဲ့ကြသည့် လုပ်ငန်းရှင်များကို လည်းကောင်း၊ ပြည်ထောင်စုဝန်ကြီးများနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့က Supporting Partner အဖြစ် ပံ့ပိုးကူညီပေးခဲ့ကြသည့် လုပ်ငန်းရှင်များကိုလည်းကောင်း ဂုဏ်ပြုလက်မှတ်များ ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ဒုတိယသမ္မတသည် အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ ပြိုင်ပွဲယှဉ်ပြိုင်နေမှုရုပ်သံကို ကြည့်ရှုအားပေးကြပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကာ ပြခန်းများနှင့် ပြိုင်ပွဲဝင်များ၏ ယှဉ်ပြိုင်နေမှုကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ယင်းနောက် ဒုတိယသမ္မတက ပြိုင်ပွဲတွင် ဆုရရှိကြသူများကို ဂုဏ်ပြုဆုများကိုလည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်က အကဲဖြတ်ဒိုင်များကို ဂုဏ်ပြုလက်မှတ်များကိုလည်းကောင်း ပေးအပ်ချီးမြှင့်ကြပြီး ဖွင့်ပွဲအခမ်းအနားကိုရုပ်သိမ်းလိုက်သည်။

ယခုကျင်းပသည့် အခမ်းအနားသည် မြန်မာ့ရိုးရာအစားအစာများကို နိုင်ငံတကာအဆင့်မီ Fine Dining အသွင်ဖြင့် တင်ဆက်ယှဉ်ပြိုင်ခြင်း၊ ဒေသအသီးသီးမှ ရိုးရာအစားအစာများကို ပြသခြင်း၊ ရောင်းချခြင်း၊ အတွေ့အကြုံများဖလှယ်ခြင်းတို့ကို တစ်နေရာတည်းတွင် လေ့လာကြည့်ရှုဝယ်ယူနိုင်အောင် မြန်မာနိုင်ငံ၌ ပထမဆုံးအကြိမ်အဖြစ် ကျင်းပသည့် အခမ်းအနားတစ်ခုဖြစ်ပြီး ပြိုင်ပွဲဝင်အဖွဲ့ ခုနစ်ဖွဲ့ ပါဝင်ယှဉ်ပြိုင်ခဲ့ကာ ပြခန်းပေါင်း ၁၂၀ ပြသရောင်းချပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန် ဒဂုံတက္ကသိုလ်ဥပမိရုပ်ကောင်းမွန်ရေး လှည့်လည်ကြည့်ရှုစစ်ဆေး

**ရန်ကုန် ဇူလိုင် ၂၅**

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန်သည် ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်၊ ရန်ကုန်တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးဗိုလ်ဌေး၊ စည်ပင်သာယာရေးဝန်ကြီး ဦးမျိုးမြင့်အောင်တို့နှင့်အတူ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ်ရှိ ဒဂုံတက္ကသိုလ်သို့ရောက်ရှိပြီး ဘွဲ့နှင်းသဘင်ရှိ အစည်းအဝေးခန်းမတွင် ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများကို တက္ကသိုလ်ဥပမိရုပ်ကောင်းမွန်ရေး၊ သန့်ရှင်းသာယာရေး၊ တက္ကသိုလ်အင်္ဂါရပ်နှင့် ညီညွတ်စေရေးဆွေးနွေးမှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် တက္ကသိုလ်ဝင်းအတွင်း စိမ်းလန်းစိုပြည်ရေးနှင့် သန့်ရှင်းသာယာလှပရေးဆောင်ရွက်နေမှု၊ရေစီးမြောင်းများတူးဖော်နေမှု၊ ငမိုးရိပ်ချောင်းသို့ ရေဖောက်ထုတ်နေမှု၊ ဒဂုံတက္ကသိုလ်ဘူတာ၊ ဒဂုံတက္ကသိုလ်၏ သင်ကြားရေးဇုန်၊ စီမံခန့်ခွဲရေးဇုန်၊ လူနေဇုန်၊ အားကစားဇုန်နှင့် စားသောက်ဆိုင်ခန်းများ၊ ပတ္တမြားအဝိုင်းပြုပြင်ထိန်းသိမ်းမှု၊ ဘောလုံးအားကစားကွင်းများ ပြုပြင်ထိန်းသိမ်းနေမှု၊ ရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်စေရေးဆောင်ရွက်ထားရှိမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



# မြန်မာစီးပွားရေးလုပ်ငန်းရှင် အမျိုးသမီးများကွန်ရက်၏ ပဉ္စမအကြိမ်မြောက် နှစ်ပတ်လည်အသင်းသားစုံညီအစည်းအဝေး ကျင်းပ



**ရန်ကုန် ဇူလိုင် ၂၅**

မြန်မာနိုင်ငံတွင် ကျေးလက်နေပြည်သူများ ၇၀ ရာခိုင်နှုန်းရှိသည့်အတွက် ကျေးလက်နေအမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးကို အထူးအလေးထား ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ကျေးလက်နေအမျိုးသမီးများ၏ ပညာရေး၊ ကျန်းမာရေးနှင့် လူမှုရေးလုပ်ငန်းများအပြင် အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများတွင် အမျိုးသမီးများ ပါဝင်ဆောင်ရွက်နိုင်ရေးဝန်ကြီးဌာနများနှင့် အမျိုးသမီးအဖွဲ့များပူးပေါင်း၍ ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ယနေ့တွင် ရန်ကုန်မြို့ Sedona Hotel ၌ကျင်းပသည့် မြန်မာစီးပွားရေးလုပ်ငန်းရှင် အမျိုးသမီးများကွန်ရက် MYAN-WEN ၏ ပဉ္စမအကြိမ်မြောက် နှစ်ပတ်လည် အသင်းသားစုံညီအစည်းအဝေးတွင် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီ ဥက္ကဋ္ဌ အမျိုးသမီးရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ဇင်က ပြောကြားသည်။

ထို့နောက် စက်မှုနှင့်အသေးစား၊အငယ်စား၊ အလတ်စားနှင့်စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းက ဗီဒီယိုဖြင့် အမှာစကားပြောကြားပြီး မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးအေးဝင်းနှင့် မြန်မာစီးပွားရေးလုပ်ငန်းရှင် အမျိုးသမီးများကွန်ရက်ဥက္ကဋ္ဌ ဒေါက်တာစုလှဟန်တို့က အမှာစကားပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးစင်တာကိုလည်းကောင်း၊ အမျိုးသမီးသက်မွေးအတတ်ပညာသင်ကျောင်း၌ ဝိသာခါဖောင်ဒေးရှင်းမှ အကြမ်းဖက်ခံရသူများကို တစ်နေရာတည်းတွင် ဝန်ဆောင်မှုပေးသည့် စင်တာတည်ဆောက်မည့် မြေနေရာကိုလည်းကောင်းကြည့်ရှုစစ်ဆေးပြီး အမျိုးသားဇာတ်ရုံ၌ မြန်မာနိုင်ငံအမျိုးသမီးများနှင့် ကလေးသူငယ်များဘဝမြှင့်တင်ရေးအသင်းကကျင်းပသည့် "ရောင်စုံဝေဖြာပန်းရောင်ကမ္ဘာ" ရန်ပုံငွေဖျော်ဖြေပွဲသို့ တက်ရောက်အားပေး၍ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက ဖျော်ဖြေပွဲဖြစ်မြောက်ရေးအတွက် အဓိကကူညီပံ့ပိုးပေးသော အလှူရှင်နှင့် ဝိုင်းဝန်းကူညီခဲ့ကြသူများကို ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

**❍ လမင်းစီမံချက်မှ**

One Stop Serviceဖြင့်ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းက အောင်မြေသာစံမြို့နယ်ရှိ အမှတ်(၈)အခြေခံပညာအထက်တန်းကျောင်းတွင် ဆောင်ရွက်ပေးနေမှုများကို မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်မိုး၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်၊ လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန တိုင်းဒေသကြီးဦးစီးမှူး၊ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနခရိုင်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးခဲ့ကြသည်။

လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန တိုင်းဒေသကြီး ဦးစီးမှူး ဦးစောနိုင်က တိုင်းဒေသကြီးတွင် ပြည်သူ့အကျိုးပြုလမင်းစီမံချက်ဖြင့် ဆောင်ရွက်နေမှုအခြေအနေများ၊ကျောင်းဖွင့်ချိန်တွင် ကျောင်းများ၌ ကျောင်းသား၊ ကျောင်းသူများကိုဆောင်ရွက်ပေးနေမှုအခြေအနေများနှင့် စီမံချက်ကာလအတွင်း ဆက်လက်ဆောင်ရွက်ပေးသွားမည့်အစီအမံများကို ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေး၍ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ၊ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်နှင့် တာဝန်ရှိသူများက ကျောင်းသူ ၁၅၆ ဦးထံ နိုင်ငံသားစိစစ်ရေးကတ်များ ပေးအပ်ခဲ့သည်။

ပြည်သူ့အကျိုးပြု လမင်းစီမံချက်ဖြင့် ၂၀၂၆-၂၀၂၇ ပညာသင်နှစ် ကျောင်းများစတင်ဖွင့်ချိန်မှစ၍ အခြေခံပညာကျောင်းများ၌ အသက် ၁၀ နှစ်နှင့် အထက်ကျောင်းသား၊ကျောင်းသူများကို နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်ထုတ်ပေးခြင်းကို One Stop Service ဖြင့် ဆောင်ရွက်ပေးခဲ့ရာ ယနေ့အချိန်ထိ တိုင်းဒေသကြီးအတွင်းရှိ အခြေခံပညာကျောင်းပေါင်း ၂၈၈ ကျောင်းမှ ကျောင်းသား၊ ကျောင်းသူ ဦးရေ ၃၁၆၄၀ ကို ထုတ်ပေးနိုင်ခဲ့ပြီးဖြစ်ကြောင်းနှင့် ကျန်ရှိကျောင်းများကိုလည်း ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**မျိုးကျော်**



**❖ နေရာအနှံ့အပြားမိုးထစ်ချုန်းရွာမည်မှ**

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် နေရာကွက်၍ မိုးကြီးနိုင်သည်။

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံမိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်၊ မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ကိုးပေမှ ၁၁ ပေခန့် ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းလာနိုင်ခြင်းကြောင့်လည်းကောင်း၊ ဘင်္ဂလားပင်လယ်အော်တွင် လေထုမငြိမ်မသက်မှုများဖြစ်ပေါ်လာနိုင်ခြင်းကြောင့်လည်းကောင်း မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များဖြစ်ပေါ်နိုင်သဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်နှင့် မြစ်ငယ်၊ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ရန် အသိပေးနှိုးဆော်ထားသည်။ **(မိုး/ဇလ)**

**☆ ရှေ့တန်းပြန်တပ်မတော်သားများမှ**

ဒေသခံတိုင်းရင်းသားပြည်သူများ တက်ရောက်ကြသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာ နေထိုင်လုပ်ကိုင်စားသောက်နိုင်ရေးနှင့် အသက်အိုးအိမ်စည်းစိမ်ဥစ္စာလုံခြုံမှုရရှိစေရေး၊ နိုင်ငံတော်တည်ငြိမ်ရေး၊ နယ်မြေအေးချမ်းသာယာရေးအတွက် ရှေ့တန်းစစ်မျက်နှာများတွင် စစ်ဆင်ရေးတာဝန်များကို မိဝေးဖဝေး၊ မိသားစုများနှင့် ဝေးကွာ၍ နေ့မအား ညမအား စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်ခဲ့သော ရှေ့တန်းပြန်တပ်မတော်သားများကို တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများနှင့် တက်ရောက်လာကြသူများက အောင်သပြေခက်များဖြင့် လည်းကောင်း၊ အိုးစည်၊ဒိုးပတ်၊ အတီးအမှုတ်၊ အကအခုန်များဖြင့်လည်းကောင်း သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆိုခဲ့ကြကြောင်း သတင်းရရှိသည်။

(၅၀၁)

လျှပ်စစ်မီတာခ သက်သာဖို့
LED ပစ္စည်းသုံးကြစို့။

# သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ



**နေပြည်တော် ဇူလိုင် ၂၅**

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၏ ၂၀၂၆ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ယနေ့ နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ Naypyitaw State Poly–technic University (NSPU) ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မျိုးသိန်းကျော်၊ ဒုတိယဝန်ကြီး ဒေါက်တာ နေခြည်လဲ့လဲ့သိန်း၊ အမြဲတမ်းအတွင်းဝန်နှင့် တာဝန်ရှိသူများ၊ Naypyitaw State Polytechnic University (NSPU) မှ ပါမောက္ခချုပ်(တာဝန်)၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

သစ်ပင်စိုက်ပျိုးပွဲတွင် ပြည်ထောင်စုဝန်ကြီးက ကံ့ကော်ပင်ကို ဦးဆောင်စိုက်ပျိုး၍ ဒုတိယဝန်ကြီးနှင့်တာဝန်ရှိသူများက သတ်မှတ်နေရာများ၌ ကံ့ကော်ပင်များကို စိုက်ပျိုးကြသည်။ ထို့နောက် တက်ရောက်လာကြသည့် ပါမောက္ခချုပ်(တာဝန်)၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ကျောင်းသူများက သတ်မှတ်နေရာများတွင် ကံ့ကော်ပင်၊ ငုရွှေဝါပင်၊ ခရေပင်၊ စိန်ပန်းပြာပင်၊ ပိတောက်ပင်၊ ဆီသပြေပင်၊ မဟော်ဂနီပင်များနှင့် အရိပ်ရလေကာပင် ပျိုးပင်များကို အမျိုးသားရေး လှုပ်ရှားမှုအသွင်ဖြင့် စုပေါင်းစိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ဒုတိယဝန်ကြီး ဦးမျိုးမြင့် ဖလမ်းမြို့တွင် အိမ်ဆိုင်များ ဖွင့်လှစ်ရောင်းချနေမှု သွားရောက်ကြည့်ရှု

**နေပြည်တော် ဇူလိုင် ၂၅**

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးမြင့်သည် တာဝန်ရှိသူများနှင့်အတူ ယမန်နေ့က ဖလမ်းမြို့ ဗိုလ်ချုပ်လမ်းတွင် ဆိုင်ခန်းများဖွင့်လှစ်ရောင်းချနေမှုကို သွားရောက်ကြည့်ရှုပြီး ကျန်းမာရေးနှင့်ညီညွတ်သော ပစ္စည်းများဖြစ်စေရေး အလေးထားဆောင်ရွက်ကြရန်နှင့် ဒေသခံပြည်သူများ ဈေးနှုန်းချိုသာစွာ ဝယ်ယူနိုင်ရေး စီမံဆောင်ရွက်ပေးကြရန် မှာကြားသည်။



ထို့နောက် ယာယီပြည်သူ့ဆေးရုံ၌ ဆရာဝန်များနှင့် ကျန်းမာရေးဝန်ထမ်းများ ဆေးကုသပေးနေမှုကို ကြည့်ရှုပြီး ဆေးကုသမှုခံယူနေသည့် ပြည်သူများကို ရင်းရင်းနှီးနှီး အားပေးစကားပြောကြားကာ ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုသည်။

ယင်းနောက် ရပ်ကွက်များ၌ ပြန်လည်ဝင်ရောက်နေထိုင်သော ဒေသခံပြည်သူများ၏နေအိမ်များကို သွားရောက်ပြီး နိုင်ငံတော်ကထောက်ပံ့သော အခြေခံလိုအပ်သည့် ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ ကယ်ဆယ်ရေးပစ္စည်းများနှင့် စားရေရိက္ခာများရရှိမှုအခြေအနေကို ကြည့်ရှုပြီး လိုအပ်ချက်များ ပေါင်းစပ်ညှိနှိုင်းပေးကာ အကြမ်းဖက်ဖြစ်စဉ်များကြောင့် ထိခိုက်ပျက်စီးခဲ့သည့် နေအိမ်များကို ဒေသခံပြည်သူများက ဝိုင်းဝန်းပြုပြင်နေမှု ကြည့်ရှုအားပေးသည်။

ထို့နောက် နေရပ်စွန့်ခွာ၍ ပြန်လည်ဝင်ရောက်လာသည့် ပြည်သူများကို လိုက်လံနှုတ်ဆက်ပြီး နိုင်ငံသားစိစစ်ရေးကတ်ပြုလုပ်ခဲ့မှုအခြေအနေများ မေးမြန်းဆွေးနွေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းပေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## မြန်မာနိုင်ငံပြန်တမ်း

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာအောင်မိုးမျိုးတင့်ကို အစမ်းခန့်ကာလ တစ်နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

# ညောင်ရွှေမြို့နယ် ဟဲယာရွာမကျေးရွာအပါအဝင် ကျေးရွာ ၁၅ ရွာတွင် စုပေါင်းရေပေးရေးလုပ်ငန်းဆောင်ရွက်



**ညောင်ရွှေ ဇူလိုင် ၂၅**

ရှမ်းပြည်နယ်(တောင်ပိုင်း) ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ညောင်ရွှေမြို့နယ် ဟဲယာရွာမကျေးရွာအပါအဝင် ကျေးရွာ ၁၅ ရွာတွင် စုပေါင်းရေပေးရေးလုပ်ငန်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါလုပ်ငန်းများ ဆောင်ရွက်နေမှုကို ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစိုင်းထိန်စိုးသည် ပြည်နယ်ဝန်ကြီးများနှင့်အတူ ယနေ့ နံနက်ပိုင်းက သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစဉ် တာဝန်ရှိသူများက လုပ်ငန်းဆိုင်ရာများ တင်ပြမှုအပေါ် နိုင်ငံတော်အစိုးရအနေဖြင့် ကျေးရွာများတွင် သောက်သုံးရေရရှိရေးနှင့် စိုက်ပျိုးရေရရှိရေးကို အလေးထားဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ကျေးရွာရေရရှိရေးကော်မတီများအနေဖြင့် ကျေးရွာဖွံ့ဖြိုးရေးအတွက် ဝိုင်းဝန်းကြိုးစားကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက်ရေပေးဝေရေးတွင်အသုံးပြုသည့် ပစ္စည်းများ၊ ရေဖြန့်ဝေပေးသည့် သောက်သုံး ရေစင်နှင့်တောင်ခြေရေထွက်တို့ကို ကြည့်ရှုခဲ့ကြကြောင်း သတင်းရရှိသည်။ **မောင်မောင်သန်း(တောင်ကြီး)**

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။


## ယာဉ်မောင်းလိုင်စင် ဝန်ဆောင်မှုလုပ်ငန်းများ၏ ကျသင့်ငွေများအား Digital Payment ဖြင့် ငွေပေးချေခြင်းနှင့် “ခ”၊ “ဂ”၊ “ဃ”၊ “င” ယာဉ်မောင်းလိုင်စင်သက်တမ်းတိုးခြင်းကို Online စနစ်ဖြင့် ဆောင်ရွက်နိုင်ပါကြောင်း အသိပေးကြေညာခြင်း

၁။ ပို့ဆောင်ရေးဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနရှိ နေပြည်တော်ရုံး၊ ခရိုင်ရုံး (ရန်ကုန်အရှေ့ပိုင်း)၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)၊ ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း)နှင့်ခရိုင်ရုံး (ရန်ကုန်မြောက်ပိုင်း)၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)နှင့် ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)ရုံးများတွင် ယာဉ်မောင်းလိုင်စင် ဝန်ဆောင်မှုလုပ်ငန်းများ၏ ကျသင့်ငွေများအား Digital Payment ဖြင့် ငွေပေးချေခြင်းနှင့်Onlineစနစ်ဖြင့် “ခ”၊ “ဂ”၊ “ဃ”၊ “င” ယာဉ်မောင်းလိုင်စင်သက်တမ်းတိုးခြင်းကို Online စနစ်ဖြင့် သက်တမ်းမကုန်ဆုံးမီ ရက်ပေါင်း ၉၀ အတွင်း ကြိုတင်သက်တမ်းတိုးခြင်းအား ၁၇-၇-၂၀၂၆ ရက်(သောကြာနေ့)မှစတင်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

၂။ ယာဉ်မောင်းလိုင်စင်သက်တမ်းတိုးခြင်းကို Online မှ ဝန်ဆောင်မှုရယူလိုသူများသည် မိမိတို့ Mobile Phone/Tablet အသုံးပြု၍ MM Driver License E-Payment Mobile Application အား Google Play Store မှတစ်ဆင့် download ရယူသုံးစွဲနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

၃။ အဆိုပါ စနစ်နှင့်ပတ်သက်၍ အသုံးပြုရန် အသေးစိတ်အချက်အလက်များအား www.mot.gov.mm၊ www.rtad.gov.mm နှင့် www.myanmarrtad.comWebsite များတွင် ဝင်ရောက်ကြည့်ရှုနိုင်ပြီး မရှင်းလင်းသည်များရှိပါက အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်-

| | | |
|---|---|---|
| ရုံးချုပ်(နေပြည်တော်) | - | ၀၆၇-၃၄၀၅၀၉၉ |
| နေပြည်တော်ရုံး | - | ၀၆၇-၄၅၁၀၀၆၂၊ ၀၆၇-၄၅၁၀၀၆၄ |
| တိုင်းဒေသကြီးရုံး(ရန်ကုန်) | - | ၀၉-၈၅၄၉၂၁၀၀၀ |
| တိုင်းဒေသကြီးရုံး(မန္တလေး) | - | ၀၉-၄၃၀၉၆၉၈၀ |

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန

# မော်ဘီမြို့နယ်နှင့် ချမ်းအေးသာစံမြို့နယ်တို့ရှိ သံဃာတော်များ၊ ပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်



သံဃာတော်များနှင့်ဒေသခံပြည်သူများကို အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့် ဆေးကုသရေးအဖွဲ့က ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။



ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုကို ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက ကြည့်ရှုအားပေးစဉ်။

**နေပြည်တော် ဇူလိုင် ၂၅**

တပ်မတော်အနေဖြင့် ပြည်သူလူထု၏ ကျန်းမာရေးကဏ္ဍ တိုးတက်မြင့်မားစေရန်အတွက် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းမှ ကူညီစောင့်ရှောက်မှုများဆောင်ရွက်ပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ရန်ကုန်တိုင်းဒေသကြီး မော်ဘီမြို့နယ် နှောကုန်းကျေးရွာနှင့်ပတ်ဝန်းကျင်ကျေးရွာများရှိ သံဃာတော်များနှင့်ဒေသခံပြည်သူများကို အဆိုပါကျေးရွာရှိ မိုးကောင်းပရိယတ္တိကျောင်းတိုက်၌ အခြေပြု၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော် ၁၁ ပါးနှင့် ဒေသခံပြည်သူ ဦးရေ ၁၆၀ တို့ကို အရိုးအကြောရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ မျက်စိရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။

အလားတူ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံ မြို့နယ် ပြည်ကြီးမျက်ရှင်ရပ်ကွက် ငါးစိုက်ကျောင်းတိုက်ရှိ ဇမ္ဗူရာဇ်ကျောင်းဆောင်၌အခြေပြု၍ အဆိုပါရပ်ကွက်ရှိ သံဃာတော် ၅၄ ပါးနှင့် ဒေသခံပြည်သူ ၁၈၇ ဦးတို့ကို သွေးတိုးရောဂါ၊ အဆစ်အမျက်ရောင်ရောဂါ၊ ဆီးချိုရောဂါ၊ အသက်ရှုလမ်းကြောင်းဆိုင်ရာရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊သွားနှင့်ခံတွင်းရောဂါ၊ ခွဲစိတ်ရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ ကလေးရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းနှင့် ကျန်းမာရေးဆိုင်ရာအသိပညာပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန်လိုအပ်သည့် လူနာများကိုနယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ဆေးကုသနိုင်ရေးစီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

# မြိတ်မြို့ပြည်သူ့ဆေးရုံကြီး၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်



ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများက ပြည်သူ့ဆေးရုံကြီး၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်စဉ်။

**နေပြည်တော် ဇူလိုင် ၂၅**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ ပြည်သူ့ဆေးရုံကြီး ပတ်ဝန်းကျင်သန့်ရှင်းသာယာလှပရေးအတွက် ယနေ့နံနက်ပိုင်းတွင် ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ကျန်းမာရေးဝန်ထမ်းများ၊ ဆရာ၊ဆရာမများနှင့် ရပ်ကွက်နေပြည်သူများစုပေါင်း၍ ဆေးရုံပတ်ဝန်းကျင်သန့်ရှင်းရေး ဆောင်ရွက်ခြင်း၊ ပေါင်းမြက်များရှင်းလင်းခြင်း၊ အမှိုက်များရှင်းလင်းခြင်း၊ ရေမြောင်းများတူးဖော်ခြင်း၊ သစ်ပင်သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်းတို့ကို စုပေါင်းလုပ်အားပေးဆောင်ရွက်ပေးခဲ့သည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဇော်နိုင်ဦး၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ကျော်ဟန်နှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)


**ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း**

၁။ ကာကွယ်ရေးဝန်ကြီးဌာန (https://www.mod.gov.mm)
၂။ ဥပဒေရေးရာဝန်ကြီးဌာန (https://www.mlis.gov.mm)
၃။ ပြန်ကြားရေးဝန်ကြီးဌာန (https://www.moi.gov.mm)
၄။ Myawady Webportal (https://myawady.net.mm)
၅။ Myanmar National Portal (https://myanmar.gov.mm)


INTERNATIONAL YOUTH DAY

2026 DIFFERENT CONTEXTS, COMMON ASPIRATIONS

၂၀၂၆ ခုနှစ် အပြည်ပြည်ဆိုင်ရာလူငယ်များနေ့ဆောင်ပုဒ်

2026 International Youth Day

“ နောက်ခံမတူငြား၊ ရည်မှန်းတူထား၊ လူငယ်အား ”

“ Different Contents, Common Aspirations ”

## ဒုတိယဝန်ကြီး ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး
အမိန့်အမှတ် ၆၁ / ၂၀၂၆
၁၃၈၈ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၁၁ ရက်
(၂၀၂၆ ခုနှစ်၊ ဇူလိုင်လ ၂၅ ရက်)
ဒုတိယဝန်ကြီး ခန့်အပ်တာဝန်ပေးခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၃၄၊ ပုဒ်မခွဲ (က)၊ (ဃ) နှင့် ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေပုဒ်မ ၁၆၊ ပုဒ်မခွဲ(ခ)၊ ပုဒ်မခွဲငယ်(၉)တို့အရ ဒေါက်တာသောင်းနိုင်အား ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

(ပုံ) မင်းအောင်လှိုင်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# မြိတ်မြို့တောင်သာဘိုးဘွားရိပ်သာမှုခ်ဦး၊ ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲနှင့် ဘိုးဘွားများကို အာဟာရပြည့် စားသောက်ဖွယ်ရာများ ပေးအပ်လှူဒါန်းပွဲကျင်းပ



ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ကျော်ဟန် ဘိုးဘွားများကို လှူဒါန်းဖွယ်ပစ္စည်းများနှင့် အလှူငွေများပေးအပ်လှူဒါန်းစဉ်။

**နေပြည်တော် ဇူလိုင် ၂၅**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ တောင်သာဘိုးဘွားရိပ်သာ မုခ်ဦး၊ ကွန်ကရစ် လမ်းသစ်ဖွင့်ပွဲနှင့်ဘိုးဘွားများအား အာဟာရပြည့်စားသောက်ဖွယ်ရာများ ပေးအပ်လှူဒါန်းပွဲကို ယနေ့နံနက်ပိုင်းတွင် အဆိုပါဘိုးဘွားရိပ်သာ၌ ပြုလုပ်ရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဇော်နိုင်ဦး၊ ကမ်းရိုးတန်းဒေသတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ကျော်ဟန်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့မှ တာဝန်ရှိသူများ၊ တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများ၊ ခရိုင်၊ မြို့နယ်မှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့်တာဝန်ရှိသူများက တောင်သာဘိုးဘွားရိပ်သာမုခ်ဦးနှင့် ကွန်ကရစ်လမ်းသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ ထို့နောက် တောင်သာဘိုးဘွားရိပ်သာ ခန်းမတွင် ဘိုးဘွားများကို အာဟာရပြည့် စားသောက်ဖွယ်ရာများ ပေးအပ်လှူဒါန်းပွဲ ဆက်လက်ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဘိုးဘွားများအတွက် ဂုဏ်ပြုအမှာစကား ပြောကြားသည်။ ယင်းနောက် ရိပ်သာတာဝန်ရှိသူတစ်ဦးက ရိပ်သာနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် ရိပ်သာနေ ဘိုးဘွားများကိုယ်စား ဘိုးဘွားတစ်ဦးက ကျေးဇူးတင်စကားပြောကြားပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက ဘိုးဘွားများကို လှူဒါန်းဖွယ်ပစ္စည်းများနှင့် အလှူငွေများ ပေးအပ်လှူဒါန်းကြသည်။

ဆက်လက်၍ မြိတ်ပြည်သူ့ဆေးရုံမှ အထူးကုဆရာဝန်ကြီးများက ဘိုးဘွားများ ကျန်းမာရေးစောင့်ရှောက်ခြင်း ဆောင်ရွက်နေမှုများကို တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့်တာဝန်ရှိသူများက လှည့်လည်ကြည့်ရှု၍ အားပေးစကားများ ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

# မော်တော်ယာဉ်သုံးသဘာဝဓာတ်ငွေ့(CNG)သုံးစွဲခွင့်ပြုထားသည့် YBS ခရီးသည်တင်ယာဉ် ၁၀ စီး သတ်မှတ်ထားသည့်လမ်းကြောင်းအတိုင်း ပြေးဆွဲမှုမရှိဘဲ စက်ရုံများတွင် ဖယ်ရီပြေးဆွဲနေသည့်အတွက် ရာသက်ပန်ဓာတ်ငွေ့ဖြည့်သွင်းခွင့်ပိတ်သိမ်းအရေးယူ

**နေပြည်တော် ဇူလိုင် ၂၅**

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် အများပြည်သူသယ်ယူပို့ဆောင်ရေးကဏ္ဍ အဆင်ပြေချောမွေ့စေရေးနှင့် ပြည်သူများ ခရီးသွားလာရာတွင် သက်သာချောင်ချိမှုရရှိစေရေးအတွက် YBS ခရီးသည်တင်ယာဉ်များနှင့် Taxi ယာဉ်များကို ဦးစားပေး၍ မော်တော်ယာဉ်သုံးသဘာဝဓာတ်ငွေ့ (CNG) အား တစ်ကီလိုဂရမ်လျှင် ၂၇၃ ကျပ် ၂၅ ပြားနှုန်းဖြင့် ရောင်းချပေးလျက်ရှိရာ အဆိုပါဈေးနှုန်းသည် နိုင်ငံတကာဈေးနှုန်းများနှင့် နှိုင်းယှဉ်ပါက လွန်စွာသက်သာမှုရှိသည့်အပြင် အာရှနိုင်ငံများထဲတွင် ဈေးနှုန်းအချိုသာဆုံးဖြစ်ပါသည်။

**အာရှနိုင်ငံများ၏ မော်တော်ယာဉ်သုံးသဘာဝဓာတ်ငွေ့(CNG)ဈေးနှုန်းများ နှိုင်းယှဉ်ချက်**

| စဉ် | နိုင်ငံအမည် | CNG 1 Kg ဈေးနှုန်း | |
|---|---|---|---|
| | | အမေရိကန်ဒေါ်လာ | မြန်မာကျပ် |
| ၁ | Myanmar | 0.0747 | 273.25 |
| ၂ | Thailand | 0.6000 | 2,194.80 |
| ၃ | Vietnam | 0.7900 | 2,889.82 |
| ၄ | China | 0.8000 | 2,926.40 |
| ၅ | India | 0.8600 | 3,145.88 |
| ၆ | Pakistan | 1.0800 | 3,950.64 |
| ၇ | Singapore | 3.8400 | 14,046.72 |

သို့ရာတွင် အချို့သော YBS ခရီးသည်တင်ယာဉ်များအနေဖြင့် သတ်မှတ်ထားသည့်လမ်းကြောင်းအတိုင်း ပြေးဆွဲခြင်းမပြုဘဲ စက်မှုဇုန်များတွင် စက်ရုံဖယ်ရီပြေးဆွဲလျက်ရှိကြောင်း သတင်းရရှိသဖြင့် တာဝန်ရှိသူများက သွားရောက်စစ်ဆေးခဲ့ရာ YBS ခရီးသည်တင်ယာဉ် ၁၀ စီးသည် စက်ရုံတွင် ဖယ်ရီပြေးဆွဲနေကြောင်း စိစစ်တွေ့ရှိရသည့်အတွက် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနက အဆိုပါ YBS ခရီးသည်တင်ယာဉ် ၁၀ စီးကို ယနေ့မှစ၍ ရာသက်ပန် ဓာတ်ငွေ့ဖြည့်သွင်းခွင့်ပိတ်သိမ်းအရေးယူခဲ့ပါသည်။ မော်တော်ယာဉ် ၁၀ စီး၏ နံပါတ်များအား CNG ဆိုင်များအားလုံးတွင် ကြေညာထားမည်ဖြစ်သည်။

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနသည် မော်တော်ယာဉ်သုံးသဘာဝဓာတ်ငွေ့အရောင်းဆိုင်များတွင် CNG ဝယ်ယူခွင့်စာအုပ်ပါရှိသည့် ယာဉ်များကိုသာ ဓာတ်ငွေ့ဖြည့်သွင်းရောင်းချပေးခြင်းနှင့် မော်တော်ယာဉ်မှတ်ပုံတင်စာအုပ်(Owner Book)တွင် CNG သုံးယာဉ်ဖြစ်ကြောင်း ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန(က.ည.န)မှ CNG တံဆိပ်တုံးမှတ်ပုံတင်ပြီးမှသာ CNG ယာဉ် နှစ်ပတ်လည် သက်တမ်းတိုးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိပါသည်။

CNG ယာဉ်များအနေဖြင့် အခြားယာဉ်များသို့ တရားမဝင် CNG ရောင်းချနေကြောင်း စစ်ဆေးတွေ့ရှိပါကလည်း ကျူးလွန်သည့်ယာဉ်များကို ရာသက်ပန်ဓာတ်ငွေ့ဖြည့်သွင်းခွင့် ပိတ်သိမ်းအရေးယူလျက်ရှိကြောင်းနှင့် အများပြည်သူသယ်ယူပို့ဆောင်ရေးကဏ္ဍ အဆင်ပြေချောမွေ့စေရေးနှင့် ပြည်သူလူထုသက်သာချောင်ချိရေးအတွက် အမှန်တကယ်ဆောင်ရွက်မည့်လုပ်ငန်းရှင်များကိုသာ CNG အသုံးပြုခွင့်ပေးသွားမည်ဖြစ်ကြောင်း လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**



သတ်မှတ်ထားသည့် လမ်းကြောင်းအတိုင်း ပြေးဆွဲမှုမရှိသည့် YBS ခရီးသည်တင်ယာဉ်များကို တွေ့ရစဉ်။

# မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မန္တလေးလူငယ်သင်တန်းကျောင်း၊ အမျိုးသမီးသက်မွေးအတတ်ပညာသင်ကျောင်း၊ အမျိုးသမီးကလေးများသင်တန်းကျောင်း၊ အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဌာန၊ ပုသိမ်ကြီးလူငယ်သင်တန်းကျောင်း၊ မြို့နယ်ရဲစခန်းအချုပ်ခန်းများနှင့် တရားရုံးအချုပ်ခန်းများကို ကြည့်ရှုစစ်ဆေး



**နေပြည်တော် ဇူလိုင် ၂၅**

မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေး ကော်မရှင်အဖွဲ့ဝင် ဦးသန်းဝင်း၊ ဦးအုန်းခိုင် နှင့် ဒေါက်တာတင်ငွေးအိတို့သည် ဇူလိုင် ၂၃ ရက်က မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ်ရှိ မန္တလေးလူငယ် သင်တန်းကျောင်း၊ အမျိုးသမီးသက်မွေး အတတ်ပညာသင်ကျောင်း၊ အောင်မြေ သာစံမြို့နယ် တရားရုံးအချုပ်ခန်းနှင့် ချမ်းအေးသာစံမြို့နယ်ရှိ မြို့နယ်တရားရုံး အချုပ်ခန်းသို့လည်းကောင်း၊ ဇူလိုင် ၂၄ ရက်က ချမ်းအေးသာစံမြို့နယ်ရှိ အမျိုး သမီးကလေးများ သင်တန်းကျောင်း၊ အမျိုးသမီး ဖွံ့ဖြိုးတိုးတက်ရေးဌာန၊ ပုသိမ်ကြီးမြို့နယ်ရှိ ပုသိမ်ကြီးလူငယ် သင်တန်းကျောင်း၊ ပုသိမ်ကြီးမြို့နယ်ရှိ မြို့မရဲစခန်း အချုပ်ခန်းနှင့် ပြည်ကြီးတံခွန် မြို့နယ်ရှိ ရဲစခန်းအချုပ်ခန်းသို့လည်း ကောင်း၊ ယနေ့တွင် အောင်မြေသာစံ မြို့နယ်၊ ချမ်းအေးသာစံမြို့နယ်၊ ချမ်းမြသာစည်မြို့နယ်ရှိ ရဲစခန်းအချုပ် ခန်းများသို့လည်းကောင်း သွားရောက် ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေးစဉ် သင်တန်းကျောင်း များတွင် လက်ခံစောင့်ရှောက်ထားသော ကလေးလူငယ်များ၏ စိတ်ဒဏ်ရာ၊ လူမှုရေးအရ အပယ်ခံရမည်ကို စိုးရိမ်စိတ် နှင့် မိမိကိုယ်ကို ယုံကြည်မှုပျောက်ဆုံး ခြင်းများလျော့ပါးစေရန် စိတ်ဓာတ်ပြုပြင် ရေးနှင့် အသက်မွေးဝမ်းကျောင်းပညာများ သင်ကြားပေးနိုင်ရေးအတွက် စနစ်တကျ ချမှတ်ဆောင်ရွက်ထားရှိမှု၊ တရားရင်ဆိုင် ဆဲအမှုများ ကြန့်ကြာမှုရှိ၊ မရှိအခြေအနေ၊ ကျန်းမာရေးစောင့်ရှောက်မှု၊ အစားအစာ ကျွေးမွေးမှု၊ သန့်ရှင်းသောသောက်သုံးရေ ရရှိအောင် ဆောင်ရွက်ပေးနေမှု၊ အိပ် ဆောင်များထားရှိမှုနှင့် နိုင်ငံသားစိစစ် ရေးကတ်ရရှိမှု၊ လူငယ်များအား စာရိတ္တပြုပြင်၍ စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်း ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်လာစေရန် လေ့ကျင့် ပြုစုပေးခြင်းဖြင့် လူမှုပတ်ဝန်းကျင်တွင် ပြန်လည်ဝင်ဆံ့နိုင်အောင် ပြုစုပျိုးထောင် ပေးမှု၊ ပညာသင်ကြားခွင့်၊ မိသားစုနှင့် ဆက်သွယ်၊ တွေ့ဆုံ၊ ပြန်လည်ပေါင်းစည်း ခွင့်၊ လွတ်လပ်စွာ ကိုးကွယ်ယုံကြည်ခွင့်နှင့် ညှဉ်းပန်းနှိပ်စက်ခံရမှု ရှိ၊ မရှိ စသည့် အခြေခံလူ့အခွင့်အရေးများ ရရှိအောင် ဆောင်ရွက်ပေးမှုတို့ကို ကြည့်ရှု စစ်ဆေးသည်။

ထို့နောက် မြို့နယ်ရဲစခန်းအချုပ်ခန်း များနှင့် တရားရုံးအချုပ်ခန်းများအား ကြည့်ရှုစစ်ဆေးစဉ် ရီမန်ကာလအခြေ အနေ၊ အချုပ်ခန်းများအတွင်း နေထိုင်စဉ် နှင့် အမှုစစ်ဆေးစဉ်ကာလအတွင်း ညှဉ်းပန်းနှိပ်စက်ခံရမှု ရှိ၊ မရှိ၊ မိသားစုနှင့် တွေ့ဆုံနိုင်မှု၊ နေထိုင်စားသောက်ရေးစီစဉ် ပေးမှု၊ အချုပ်ခန်းများအတွင်း မိလ္လာသုံးစွဲ မှုနှင့် အချုပ်ခန်းများအတွင်း သန့်ရှင်းမှု ရှိ၊ မရှိနှင့် တရားရုံးထုတ်စဉ် မိသားစုဝင်များ အကျိုးဆောင်ရှေ့နေများနှင့် တွေ့ဆုံခွင့် ရရှိမှု အခြေအနေတို့ကို အချုပ်သား၊ အချုပ်သူများနှင့် တွေ့ဆုံမေးမြန်းပြီး အချုပ်ခန်းများကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေးရေးအဖွဲ့၏ မန္တလေး လူငယ်သင်တန်းကျောင်း၊ အမျိုးသမီး သက်မွေး အတတ်ပညာသင်ကျောင်း၊ အမျိုးသမီးကလေးများ သင်တန်းကျောင်း၊ အမျိုးသမီး ဖွံ့ဖြိုးတိုးတက်ရေးဌာန၊ ပုသိမ်ကြီး လူငယ်သင်တန်းကျောင်း၊ ရဲစခန်းအချုပ်ခန်းများနှင့် မြို့နယ် တရားရုံးအချုပ်ခန်းတို့အား ကြည့်ရှု စစ်ဆေးမှု စစ်ဆေးတွေ့ရှိချက်နှင့် အကြံ ပြုချက်များကို လိုအပ်သလိုဆောင်ရွက် ပေးနိုင်ရေးအတွက် သက်ဆိုင်ရာသို့ ပေးပို့ သွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေးကော်မရှင်မှ သတင်းရရှိသည်။ **(သတင်းစဉ်)**

**● မြန်မာအသင်းမှ**

အဆိုပါပွဲစဉ်တွင် ပွဲစကတည်းက နှစ်သင်းစလုံး ခြေစွမ်းပိုင်းကွာခြားမှုမရှိခဲ့ဘဲ အပြန်အလှန်ဖိအားပေးမှုများဖြင့် အကြိတ်အနယ်ရှိခဲ့ကာ ပွဲချိန် ၁၀မိနစ်တွင် မြတ်ကောင်းခန့်က မြန်မာအသင်းအတွက် ဦးဆောင်ဂိုး သွင်းယူနိုင်ခဲ့သောကြောင့် ပထမပိုင်းတွင် မြန်မာအသင်းက တစ်ဂိုး ဂိုးမရှိဖြင့် ဦးဆောင်နိုင်ခဲ့သည်။

ထို့နောက် ဒုတိယပိုင်းပြန်လည်စတင်ချိန်တွင် မလေးရှားအသင်းက ချေပဂိုးနှင့် အနိုင်ဂိုးများအတွက် ပြန်လည်ဖိအားပေးလာခဲ့ရာမှ ပိုမိုအကြိတ်အနယ်ရှိလာခဲ့ပြီး ပွဲချိန် ၅၁မိနစ်နှင့် ၅၆မိနစ်တို့တွင် ပါဘလိုဂျိုးဆက်က မလေးရှားအသင်းအတွက် ချေပဂိုးနှင့် အနိုင်ဂိုးများသွင်းယူနိုင်ခဲ့သောကြောင့် ပွဲပြီးဆုံးချိန်တွင် မလေးရှားအသင်းက မြန်မာအသင်းကို နှစ်ဂိုး တစ်ဂိုးဖြင့်အနိုင်ရရှိခဲ့သည်။

ASEAN Hyundai Cupပြိုင်ပွဲအုပ်စု ဒုတိယပွဲစဉ်အဖြစ် မြန်မာအသင်းသည် ဇူလိုင် ၂၈ရက်တွင် ဖိလစ်ပိုင်အသင်းနှင့် အဝေးကွင်းတွင်သွားရောက်ကစားရမည်ဖြစ်ကြောင်း သိရသည်။ STA

## ၂၀၂၆ ခုနှစ် ဇူလိုင် ၂၅ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ တစ်ကျပ်သား(၁၆.၃၂၉၃၂၅ ဂရမ်) ၏ ဈေးနှုန်း ၆၉၅၀၀၀၀ကျပ်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုကို နှောင့်ယှက်ခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

■ **လျှပ်စစ်ဓာတ်အားမှ**

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနတို့အနေဖြင့် တိုင်းရင်းသားပြည်သူများ၏ နေ့စဉ်လူမှုဘဝတိုးတက်စေရေးအတွက် လျှပ်စစ်ဓာတ်အား တိုးမြှင့်ဖြန့်ဖြူးပေးနိုင်ရေးကို ဦးစားပေးနယ်ပယ်တစ်ခုအဖြစ် အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိသည်။

သို့သော်လည်း အချို့သောနယ်မြေများတွင် PDF အမည်ခံသောင်းကျန်းသူပူးပေါင်းအဖွဲ့များသည် နိုင်ငံဖွံ့ဖြိုးတိုးတက် ရေးကို အဟန့်အတားဖြစ်စေရန် ရည်ရွယ်ချက်ဖြင့် ပြည်သူလူထု၏ နေ့စဉ်ဘဝအတွက် များစွာအရေးပါသည့် လျှပ်စစ်ဓာတ်အားများကို ထုတ်လွှင့်ပေးလျက်ရှိသည့် လျှပ်စစ်အခြေခံအဆောက်အအုံများကို နည်းလမ်းပေါင်းစုံဖြင့် ယုတ်မာရိုင်းစိုင်းစွာ မိုင်းထောင်ဖောက်ခွဲဖျက်ဆီးလျက်ရှိကြသည်။ ထိုသို့လုပ်ဆောင်မှုများကြောင့် ပျက်စီးဆုံးရှုံးခဲ့ရသည့် လျှပ်စစ်အခြေခံအဆောက်အအုံများ၊ ဓာတ်အားလိုင်းများကို အမြန်ဆုံးပြန်လည်ကောင်းမွန်၍ လျှပ်စစ်ဓာတ်အားများ ပြန်လည်ပို့လွှတ်ပေးနိုင်ရေး လျှပ်စစ်ဝန်ထမ်းများနှင့် နယ်မြေခံလုံခြုံရေးတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက ကြိုးပမ်းပြင်ဆင် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ရှမ်းပြည်နယ်(မြောက်ပိုင်း)တွင် ၂၀၂၄ ခုနှစ်အတွင်း လားရှိုးမြို့နယ်၊ နောင်ချိုမြို့နယ်၊ ကျောက်မဲမြို့နယ်နှင့် သီပေါမြို့နယ်တို့ကို အကြမ်းဖက်သောင်းကျန်းသူများက ဝင်ရောက်တိုက်ခိုက်မှုများကြောင့် ဓာတ်အားခွဲရုံ ကိုးရုံ၊ ထရန်စဖော်မာ ၈၆ လုံးနှင့် ဓာတ်အားလိုင်းများ ထိခိုက်ပျက်စီးခဲ့ပြီး ဓာတ်အားပြတ်တောက်ခဲ့သည်။

လားရှိုးမြို့နှင့် နောင်ချိုမြို့တို့ကို တပ်မတော်က ပြန်လည်ထိန်းချုပ်ပြီးနောက် ဝန်ကြီးဌာနက ထိခိုက်ပျက်စီးခဲ့သည့် ဓာတ်အားခွဲရုံများ၊ ဓာတ်အားလိုင်းများနှင့် ထရန်စဖော်မာများကို အမြန်ဆုံးပြန်လည်ပြုပြင်ခဲ့ပြီး နောင်ချိုမြို့နယ်နှင့် လားရှိုးမြို့တို့ကို နိုင်ငံတော်ဓာတ်အားစနစ်မှ ဓာတ်အားပြန်လည်ဖြန့်ဖြူးပေးလျက်ရှိသည်။

သီပေါမြို့နယ်နှင့် ကျောက်မဲမြို့များတွင် ထိခိုက်ပျက်စီးခဲ့သည့် ဓာတ်အားခွဲရုံများ၊ ဓာတ်အားလိုင်းများနှင့် ထရန်စဖော်မာများ ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများဆောင်ရွက်ပြီးဖြစ်သဖြင့် ဓာတ်အားရယူသုံးစွဲရမည့် ၆၆ ကေဗွီ မန်စံ-သီပေါ ဓာတ်အားလိုင်းတိုင်အမှတ်(၂၁၀)နှင့် (၂၁၉) ကြား မြေမြှုပ်မိုင်းများရှင်းလင်းခြင်းနှင့် ဓာတ်အားလိုင်းစစ်ဆေးခြင်းများ ဆောင်ရွက်ပြီးစီးပါက သီပေါမြို့နှင့် ကျောက်မဲမြို့တို့ကို နိုင်ငံတော်ဓာတ်အားစနစ်ဖြင့် ဓာတ်အား ပြန်လည်ဖြန့်ဖြူးပေးနိုင်မည်ဖြစ်သည်။ လတ်တလောအနေဖြင့် သီပေါမြို့ကို ဒီဇယ်ဓာတ်အားပေးစက် နှစ်လုံးဖြင့် တစ်ရက်လျှင် ၆နာရီနှင့် ကျောက်မဲမြို့ကို နမ့်စောင်းငေါင်းအသေးစားရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ ၂ မဂ္ဂါဝပ်ဖြင့် မြို့ပေါ်အရေးကြီးနေရာများနှင့် အများပြည်သူအချို့ကို ဓာတ်အားဖြန့်ဖြူးပေးလျက်ရှိပြီး နိုင်ငံတော်ဓာတ်အားစနစ်ဖြင့် ပုံမှန်အတိုင်း ဓာတ်အားပြန်လည်ဖြန့်ဖြူးနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ကယားပြည်နယ် လွိုင်ကော်မြို့တွင် အကြမ်းဖက်သောင်းကျန်းသူများကြောင့် ၁၃၂ ကေဗွီ လွိုင်ကော်ပင်မဓာတ်အားခွဲရုံ၊ ၃၃ ကေဗွီ ဓာတ်အားခွဲရုံသုံးရုံ၊ ထရန်စဖော်မာ ၇၃ လုံးနှင့် ဓာတ်အားလိုင်းများ ထိခိုက်ပျက်စီးခဲ့သဖြင့် ပြန်လည်တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီး လွိုင်ကော်မြို့၊ လွိုင်လင်လေးမြို့၊ လောပိတမြို့နှင့် ကျေးရွာ ၃၀ ရှိ အိမ်ထောင်စုပေါင်း ၁၃၈၃၇ စုကို ဓာတ်အားပြန်လည်ပေးထားပြီးဖြစ်သည်။

ဒီးမော့ဆိုမြို့နယ်အတွင်း အကြမ်းဖက်များကြောင့် ၃၃ ကေဗွီ ဓာတ်အားခွဲရုံတစ်ရုံ၊ ထရန်စဖော်မာများနှင့် ဓာတ်အားလိုင်းများ ထိခိုက်ပျက်စီးခဲ့ပြီး ပြန်လည်ပြုပြင်မှု ပထမအဆင့်အနေဖြင့် ၁၁ ကေဗွီ ဓာတ်အားလိုင်းပြုပြင်ခြင်း ဆောင်ရွက်၍ မြို့နယ်အတွင်းရှိ ကျေးရွာ နှစ်ရွာနှင့် အရေးကြီးနေရာတို့ကို ဓာတ်အားပြန်လည်ပေးထားပြီးဖြစ်သည်။ လွိုင်ကော်မြို့ရှိ ၃၃ ကေဗွီ ၁၀ အမ်ဗွီအေ ရွာတန်းရှည်ဓာတ်အားခွဲရုံ ပြန်လည်ပြုပြင်ခြင်းကို နိုင်ငံတော်အစိုးရသစ်၏ ပထမရက် ၁၀၀ စီမံချက်အတွင်း ဆောင်ရွက်ပြီးစီးပြီဖြစ်၍ ဒီးမော့ဆိုမြို့နယ်ကို ရွာတန်းရှည်ခွဲရုံမှ ဓာတ်အားပြန်လည်ဖြန့်ဖြူးပေးနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သည်။

**စာမျက်နှာ ၂၂ သို့**



လားရှိုးမြို့ ၆၆ကေဗွီ ဓာတ်အားခွဲရုံနှင့် ၃၃ကေဗွီ ဓာတ်အားခွဲရုံများတွင် ဓာတ်အားခွဲရုံပစ္စည်းများ ပျက်စီးနေမှု မှတ်တမ်းဓာတ်ပုံ။



နောင်ချိုမြို့နယ် ၃၃/၁၁ကေဗွီ ၁၀ အမ်ဗွီအေ ရွှေညောင်ပင်ဓာတ်အားခွဲရုံတွင် ဓာတ်အားခွဲရုံပစ္စည်းများ ပျက်စီးနေမှု(ဝဲပုံ)နှင့် ပြန်လည်ပြုပြင်နေမှု(ယာပုံ) မှတ်တမ်းဓာတ်ပုံ။



ကျောက်မဲမြို့နယ် ၃၃/၁၁ကေဗွီ ၁၀ အမ်ဗွီအေ ကျောက်မဲ(ပန်ပေါင်း)ဓာတ်အားခွဲရုံတွင် ဓာတ်အားခွဲရုံပစ္စည်းများ ပျက်စီးနေမှု(ဝဲပုံ) နှင့် ပြန်လည်ပြုပြင်နေမှု(ယာပုံ) မှတ်တမ်းဓာတ်ပုံ။




ကယားပြည်နယ် လွိုင်ကော်မြို့ ၃၃/၁၁ ကေဗွီ ၅ အမ်ဗွီအေ ကယန်းသာယာဓာတ်အားခွဲရုံ Control Room အတွင်း ပျက်စီးနေမှု (အပေါ်ပုံ)နှင့် ပြန်လည်ပြုပြင်နေမှု(အောက်ပုံ) မှတ်တမ်းဓာတ်ပုံ။



သီပေါမြို့နယ် ၃၃/၁၁ကေဗွီ ၁၀ အမ်ဗွီအေ သီပေါဓာတ်အားခွဲရုံတွင် ပျက်စီးနေသော ဓာတ်အားခွဲရုံပစ္စည်းများ အသစ်အစားထိုးပြုပြင်တည်ဆောက်ခြင်း မှတ်တမ်းဓာတ်ပုံ။



ကယားပြည်နယ် လွိုင်ကော်မြို့ ၃၃/၁၁ ကေဗွီ ၅ အမ်ဗွီအေ ကယန်းသာယာဓာတ်အားခွဲရုံ ပြန်လည်ပြုပြင်ပြီးစီးမှု မှတ်တမ်းဓာတ်ပုံ။





၆၆/၁၁ ကေဗွီ ၅ အမ်ဗွီအေ ဖလမ်းဓာတ်အားခွဲရုံ ပျက်စီးဆုံးရှုံးခဲ့မှု မှတ်တမ်းဓာတ်ပုံများ။

# မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင် ရမည်းသင်းခရိုင်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး




**မန္တလေး ဇူလိုင် ၂၅**

မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများလိုက်ပါပြီး ယနေ့ နံနက်ပိုင်းက ရမည်းသင်းခရိုင်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်း စစ်ဆေးသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် စိုက်ပျိုးရေးဦးစီးဌာနနှင့် စက်မှုလယ်ယာဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်သော ရမည်းသင်းမြို့နယ် အင်ကြင်းကန်ကျေးရွာအုပ်စုရှိ တောင်သူဦးပေါ၏ စိုက်ခင်းတွင် 10-Role Seeder စက်ဖြင့် မိုးစပါးတိုက်ရိုက်မျိုးစေ့ချ စိုက်ပျိုးခြင်း ကွင်းသရုပ်ပြပွဲသို့ကြည့်ရှု၍ တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြချက်များနှင့် တောင်သူများ တင်ပြမှုများအပေါ် တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကျီးနီကန်သို့ရောက်ရှိပြီး ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာနမှ တာဝန်ရှိသူများက ကန်အတွင်း ရေဝင်ရောက်မှု၊ ရေလှောင်ပမာဏ၊ အကျိုးပြုဧကများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ရမည်းသင်းဘူတာသို့ ရောက်ရှိပြီး ဘူတာရုံအတွင်း လိုက်လံကြည့်ရှုစစ်ဆေးရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ဘူတာရုံနှင့် ဘူတာရုံပရဝဏ်တို့ကို အမြင်တင့်တယ် လှပရေးအလေးထားကာ စနစ်တကျ ကြပ်မတ်ဆောင်ရွက်ရန် မှာကြားပြီး လိုအပ်သည်များ ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ထို့နောက် ရမည်းသင်းခရိုင် အားကစားကွင်းသို့ရောက်ရှိပြီး အားကစားခန်းမနှင့် အားကစားကွင်းအတွင်း လိုက်လံကြည့်ရှုစစ်ဆေးရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြမှုများအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**မျိုးကျော်**

# ရန်ကုန်-မန္တလေးပြေးဆွဲလျက်ရှိသည့် DEMU လူစီးအမြန်ရထားပေါ်တွင် အခြားသူများကို စိတ်ငြိုငြင်စေရန် ပြုမူပြောဆိုနေထိုင်ခြင်း၊ အရက်သေစာသောက်စားမူးယစ်ခြင်းများပြုလုပ်ခဲ့သူ အမျိုးသား သုံးဦးကို အမှုဖွင့်အရေးယူ

**နေပြည်တော် ဇူလိုင် ၂၅**

မြန်မာ့မီးရထားအနေဖြင့် ပြည်သူများ သက်သောင့်သက်သာဘေးကင်းလုံခြုံပြီး ဈေးနှုန်းသင့်တင့်စွာ သွားလာနိုင်ရေး အတွက် အဆင့်မြင့်ရထားတွဲဆိုင်းအသစ်များဖြင့် ခရီးစဉ်များကို ပြေးဆွဲပေးလျက်ရှိရာတွင် စည်းကမ်းမလိုက်နာသည့် ခရီးသည်အချို့ကြောင့် အခြားခရီးသည်များ စိတ်အနှောင့်အယှက်ကြုံတွေ့ရမှုများရှိသည့်အတွက် ရထားစီးခရီးသည်များအနေဖြင့် ခရီးစဉ်တစ်လျှောက် သန့်ရှင်းသပ်ရပ်ပြီး အခြားခရီးသည်များအတွက် အနှောင့်အယှက်မဖြစ်စေရန်နှင့် ရထားတွင်း သန့်ရှင်းမှုကိုထိန်းသိမ်းရန်၊ ကွမ်းတံတွေးထွေးခြင်းကို ရှောင်ကြဉ်ပေးရန်၊ ထိုင်ခုံပေါ်တွင် ခြေထောက်တင်ခြင်းမပြုရန်၊ အခြားခရီးသည်များ သန့်ရှင်းစွာအသုံးပြုနိုင်ရန် ထိုင်ခုံများ စနစ်တကျ အသုံးပြုပေးပါရန် အသိပေးချက်များကို နိုင်ငံပိုင်သတင်းစာများနှင့် သက်ဆိုင်ရာ ရထားများပေါ်တွင် အသိပေးကြေညာချက်များ ထုတ်ပြန်ထားရှိပြီးဖြစ်သည်။

ထိုသို့ ထုတ်ပြန်ကြေညာထားရှိသော်လည်း ဇူလိုင် ၂၀ ရက် နံနက်ပိုင်းတွင် ရန်ကုန်မှ မန္တလေးသို့ထွက်ခွာလာသည့် အမှတ်(၃)အဆန် ရန်ကုန်-မန္တလေး DEMU လူစီးအမြန်ရထားပေါ်၌ မြန်မာ့မီးရထားနှင့် မီးရထားရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့မှ ရထားတွဲများကို လုံခြုံရေးစစ်ဆေးခြင်းများ ဆောင်ရွက်နေစဉ် ပထမတန်းတွဲ(၁) ခုံအမှတ် 1D, 3C, 4D တို့တွင် လိုက်ပါစီးနင်းလာကြသည့် မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ် ထီးတော်မိုးကျေးရွာနေ ကံကောင်း ၄၄ နှစ်၊ တံတားဦးမြို့နယ် သင်ပန်းကုန်းကျေးရွာနေ ညဏ်ပို ၄၈ နှစ်၊ မတ္တရာမြို့နယ် မင်္ဂလာသီရိကျေးရွာနေ ဇော်လင်း ၄၈ နှစ်တို့သည် အများပြည်သူ စိတ်အနှောင့်အယှက်ဖြစ်စေအောင် အရက်သေစာသောက်စားမူးယစ်ခြင်းတို့ပြုလုပ်ခဲ့ကြောင်း တွေ့ရှိရသဖြင့် ဖမ်းဆီးထိန်းသိမ်းခဲ့ပြီး ရမည်းသင်းမြို့မရဲစခန်းက (ပ)၁၆၇/၂၀၁၆၊ ရထားပို့ဆောင်ရေးလုပ်ငန်းဥပဒေပုဒ်မ ၈၈(က)



ဖြင့် အမှုဖွင့်လှစ်၍ ဥပဒေနှင့်အညီ အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



**❑ ကလေးမြို့သို့ရောက်ရှိမှ**

ချင်းပြည်နယ်ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးကော်မတီ အဖွဲ့ဝင်များသည် ချင်းပြည်နယ်သို့ အလှည့်ကျသွားရောက်၍ ချင်းပြည်နယ်အစိုးရအဖွဲ့နှင့်အတူ သက်ဆိုင်ရာနယ်မြေဒေသများ အရောက်ကွင်းဆင်းကာ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အင်တိုက်အားတိုက် ဆောင်ရွက်လျက်ရှိသည်။

ယနေ့တွင် ချင်းပြည်နယ် ပြန်လည်ထူထောင်ရေး လုပ်ငန်းများအတွက် မွန်ပြည်နယ်အစိုးရအဖွဲ့က ပေးပို့ထောက်ပံ့သော ခေါက်ဆွဲခြောက်နှင့် စားသောက်ကုန်ခြောက်မျိုးစုံပါ အထုပ် ၁၃၂ ထုပ်၊ ချပ်ဖာ ၁၄၅ ဖာ၊ စားဆီ ငါးလီတာဘူး ၃၆၈ ဘူးနှင့် နှစ်လီတာဘူး ၁၅ ဘူး စုစုပေါင်း အလေးချိန် ကီလိုဂရမ် ၇၅၉၀ သည် တပ်မတော်လေယာဉ်ဖြင့် ရန်ကုန်မြို့မှ ကလေးမြို့သို့ ရောက်ရှိသည်။

အဆိုပါထောက်ပံ့ပစ္စည်းများနှင့်အတူ ချင်းပြည်နယ် ပြန်လည်ထူထောင်ရေး လုပ်ငန်းများဆောင်ရွက်ရန် နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ကျော်စွာဦး ဦးဆောင်သော သက်ဆိုင်ရာဝန်ကြီးဌာနအဖွဲ့အစည်းများမှ တာဝန်ရှိသူများလည်း လိုက်ပါသွားကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**






**စာမျက်နှာ ၂၁ မှအဆက်**

အလားတူ ချင်းပြည်နယ် ဖလမ်းမြို့နယ်အတွင်း အကြမ်းဖက်သောင်းကျန်းသူများကြောင့် ၆၆ ကေဗွီ ဓာတ်အားခွဲရုံတစ်ရုံ၊ အသေးစားရေအားလျှပ်စစ်စက်ရုံနှစ်ရုံ၊ထရန်စဖော်မာ ၃၁ လုံးနှင့် ဓာတ်အားလိုင်းများပျက်စီးခဲ့သဖြင့် လိုအပ်သောပစ္စည်းများပို့ဆောင်၍ ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်သည်။ လတ်တလောတွင် ဖလမ်းမြို့ ယာယီဆေးရုံ၌ ၁၂ ကီလိုဝပ် ဆိုလာမီးဖြင့်လည်းကောင်း၊ အရေးကြီးနေရာများ၌ ခြောက်ကီလိုဝပ် ဆိုလာမီးများဖြင့်လည်းကောင်း ယာယီဓာတ်အားပေးနိုင်ရန် ပြည်နယ်အစိုးရအစီအစဉ်ဖြင့် ဆောင်ရွက်လျက်ရှိပြီး အရေးကြီးနေရာများကို ယာယီဓာတ်အားပေးနိုင်ရန်အတွက် ၃၀၀ ကေဗွီအေ ဒီဇယ်ဓာတ်အားပေးစက်အား ပြန်လည်ပြုပြင်ထားရှိပြီးဖြစ်သည်။

တွန်းဇံမြို့ကို ဓာတ်အားပြန်လည်ပေးနိုင်ရေးအတွက် ၂၀၁၆ ခုနှစ် ဇွန် ၁၈ ရက်တွင် လျှပ်စစ်ဝန်ထမ်း ၁၂ ဦး ရောက်ရှိ၍ ပျက်စီးမှုစာရင်းများ ကောက်ယူခြင်းနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ စတင်ဆောင်ရွက်လျက်ရှိသည်။ လတ်တလောတွင် ၃၀၀ ကေဗွီအေ ဒီဇယ်ဓာတ်အားပေးစက်ကို ပြန်လည်ပြုပြင်ပြီး ဌာနဆိုင်ရာရုံး ၁၁ ရုံးနှင့် ဓာတ်အားသုံးစွဲသူ ၃၁၀ ခန့်အား ညစဉ် တစ်နေ့ ၃ နာရီ ဓာတ်အားပေးလျက်ရှိပြီး ကီလိုဝပ် ၂၀၀ တွီးဆောင်းရေအားလျှပ်စစ် စက်ရုံမှ ဓာတ်အားပြန်လည်ရရှိ သုံးစွဲနိုင်ရေး အတွက် သွားရောက်စစ်ဆေးနိုင်ရန် အုပ်ချုပ်ရေးအဖွဲ့များနှင့် ညှိနှိုင်းဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော်အစိုးရနှင့် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၏ အားသွန်ခွန်စိုက်ကြိုးပမ်းမှုကြောင့် လျှပ်စစ်ဓာတ်အားပြတ်တောက်ခဲ့ရသည့် ဒေသများတွင် လျှပ်စစ်ဓာတ်အားများ ပြန်လည်ရရှိလာသည်နှင့်အညီ ဒေသခံပြည်သူများ၏ နေ့စဉ်လူမှုဘဝ သွားလာနေထိုင်မှုများ ပြန်လည်အဆင်ပြေ ချောမွေ့လာခြင်း၊ အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းများ၊ ဒေသတွင်းကုန်ထုတ်လုပ်မှုများနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပြန်လည်လည်ပတ်နိုင်ခြင်း၊ ဆေးရုံ၊ ဆေးခန်းများတွင် ပြည်သူများအတွက် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ခြင်းနှင့် ကျောင်းသား၊ ကျောင်းသူများ၏ ပညာသင်ကြားရေးကဏ္ဍများတွင် များစွာအကျိုးဖြစ်ထွန်းလာခဲ့ပြီဖြစ်သည့်အတွက် ပြည်သူလူထု၏ လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို တိုးမြှင့်ဖြည့်ဆည်းပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**(၅၀၁)**

## အီတလီနိုင်ငံ စစ္စလီကျွန်းတွင် တောမီးလောင်ကျွမ်းမှုဖြစ်ပေါ်နေပြီး အရေးပေါ်အခြေအနေအဖြစ် သတ်မှတ်



ရောမ ဇူလိုင် ၂၅

အီတလီနိုင်ငံ စစ္စလီကျွန်းတွင် တောမီးလောင်ကျွမ်းမှု ဖြစ်ပေါ်နေပြီး တောမီးမှာ လူနေအိမ်များဆီသို့ ကူးစက်လောင်ကျွမ်းနေသဖြင့် တောမီးလောင်ကျွမ်းမှုကို အရေးပေါ် အခြေအနေအဖြစ် သတ်မှတ်လိုက်ကြောင်း စစ္စလီကျွန်းမီးသတ်တပ်ဖွဲ့က ထုတ်ပြန်ခဲ့သည်ဟု ဇူလိုင် ၂၄ ရက် သတင်းများတွင် ဖော်ပြထားသည်။

တောမီးသည် ကာတာနီးယားမြို့အနီးတွင် လောင်ကျွမ်းနေခြင်းဖြစ်ကြောင်း၊ တောမီးကူးစက်လောင်ကျွမ်းမှုကြောင့် ဒေသခံဦးရေ ၁၀၀ ကျော် ဘေးလွတ်ရာ ရွှေ့ပြောင်းခဲ့ရပြီး ထပ်မံရွှေ့ပြောင်းရမည့် ဒေသခံရာနှင့်ချီ၍ ရှိနေကြောင်း၊ လေတိုက်နှုန်းမြင့်မားမှုကြောင့် တောမီးကူးစက်လောင်ကျွမ်းမှုနှုန်း မြန်ဆန်နေခြင်းဖြစ်ပြီး အရေးပေါ် အခြေအနေသတ်မှတ်ထားသည့်ကာလအတွင်း တောမီးလောင်ကျွမ်းနေသည့် ဇရိယာကို ဖြတ်သန်းသွားလာခြင်း မပြုရန် တားမြစ်ချက် ထုတ်ပြန်ထားကြောင်း သိရ သည်။

"ကာတာနီးယားမြို့အနီးမှာ တောမီးလောင်ကျွမ်းမှုတွေ ဖြစ်ပေါ်နေပါတယ်။ တောမီးဟာ လူနေအိမ်တွေဆီကို ကူးစက်လောင်ကျွမ်းနေပြီး ဒေသခံ ၁၀၀ ကျော် ဘေးလွတ်ရာရွှေ့ပြောင်းနေတယ်။ နောက်ထပ်လဲရွှေ့ပြောင်းရမဲ့ ဒေသခံတွေရှိနေပါသေးတယ်။ လိုအပ်လာရင် ဘေးလွတ်ရာ ရွှေ့ပြောင်းဖို့ ကြိုတင်ပြင်ဆင်ထားဖို့ ညွှန်ကြားထားပါတယ်။ တောမီးကို အမြန်ဆုံးထိန်းချုပ်ပေးနိုင်အောင် ကြိုးစားပေးနေပါတယ်။ တောမီးကို ထိန်းချုပ်ပေးဖို့ကြိုးစားရင်း မီးသတ်တပ်ဖွဲ့ဝင်တစ်ဦး မတော်တဆမှုကြောင့် အသက်ဆုံးရှုံးခဲ့ရပါတယ်"ဟု စစ္စလီကျွန်းမီးသတ်တပ်ဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

Ref : Russia Today
Trs : Sai Sat

## အိန္ဒိယ၊ ပါကစ္စတန်နှင့် အာဖဂန်နစ္စတန် နိုင်ငံတို့တွင် မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုနှင့် မြေပြိုကျမှုများဖြစ်ပေါ်ခဲ့

ဂျီနီဗာ ဇူလိုင် ၂၅

အိန္ဒိယနိုင်ငံ၊ ပါကစ္စတန်နိုင်ငံနှင့် အာဖဂန်နစ္စတန်နိုင်ငံတို့တွင် ပြီးခဲ့သော ရက်သတ္တပတ်မှစတင်၍ မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုနှင့် မြေပြိုကျမှုများ ဖြစ်ပေါ်ခဲ့ကြောင်း ကမ္ဘာ့ကုလသမဂ္ဂ အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု ဇူလိုင် ၂၄ ရက် သတင်းများတွင် ဖော်ပြထားသည်။

ရေကြီးရေလျှံမှုနှင့် မြေပြိုကျမှုတို့ကြောင့် လူနေအိမ်များ၊ အခြေခံ အဆောက်အအုံများနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးကဏ္ဍတို့တွင်လည်း ကြီးမားသည့်ပျက်စီးဆုံးရှုံးမှုဖြစ်ပေါ်ခဲ့ကြောင်း၊ အိန္ဒိယနိုင်ငံ အာသံပြည်နယ်တွင် ပြီးခဲ့သော ရက်ပိုင်းက ရေကြီးရေလျှံမှုနှင့် မြေပြိုကျမှုဖြစ်ပေါ်ခဲ့ပြီး အာသံပြည်နယ်တွင် လူ ၁၀ ဦး ထက်မနည်း သေဆုံးခဲ့ကြောင်း အာသံပြည်နယ် ဝန်ကြီးချုပ်ရုံးက အတည်ပြုထုတ်ပြန်ခဲ့သည်ဟု သိရသည်။

"ကျွန်တော့်ဘဝတစ်သက်မှာ ဒီလောက်ကြောက်စရာကောင်းတဲ့ ရေကြီးရေလျှံမှုမျိုးနဲ့ မကြုံဖူးသေးဘူး။ ဟိုတယ်တွေ၊ အိမ်တွေ တော်တော်များများ ပျက်စီးသွားတယ်။ အသက်ဆုံးရှုံးလိုက်ရတဲ့သူတွေအတွက်လဲ စိတ်မကောင်းဖြစ်မိပါတယ်" ဟု နူရီစတန်ပြည်နယ်မှ ရေဘေးသင့်ပြည်သူ ရာမန်က နိုင်ငံပိုင်းသတင်းဌာနသို့ ပြောကြားခဲ့သည်။

ပါကစ္စတန်နိုင်ငံ ခိုင်ဘာပက်ခ်ထွန်ခွာပြည်နယ်တွင် ရေကြီးရေလျှံမှုနှင့် မြေပြိုကျမှုတို့ဖြစ်ပေါ်ကာ သေဆုံးသူ ၂၆ ဦးရှိခဲ့ပြီး ထိခိုက်ဒဏ်ရာရရှိသူ အမြောက်အမြားရှိခဲ့သည်ဟု ပါကစ္စတန် အစိုးရက အတည်ပြုထုတ်ပြန်ခဲ့ကြောင်း၊ အာဖဂန်နစ္စတန်နိုင်ငံ နူရီစတန်ပြည်နယ်တွင် ရေကြီးရေလျှံမှုဖြစ်ပေါ်ခဲ့ပြီး လူ ၄၆ ဦး သေဆုံးကာ ထိခိုက်ဒဏ်ရာရရှိသူ ဦးရေ ၁၀၀ ထက်မနည်းရှိခဲ့သည်ဟု အာဖဂန်နစ္စတန်အစိုးရက အတည်ပြုထုတ်ပြန်ခဲ့ကြောင်း သိရသည်။

Ref : Russia Today
Trs : Sai Sat

## တရုတ်နိုင်ငံ အနောက်တောင်ပိုင်းတွင် မြေပြိုမှုဖြစ်ပွားပြီး သေဆုံးသူ ၁၁ ဦးထိရှိလာကာ ဦးရေ ၃၀ ပျောက်ဆုံးနေဆဲဖြစ်

ပေကျင်း ဇူလိုင် ၂၅

တရုတ်နိုင်ငံ အနောက်တောင်ပိုင်း ချုံကင်းမြို့ရှိ ပန်ရှုံးခရိုင်တွင် မြေပြိုမှုဖြစ်ပွားပြီး သေဆုံးသူ ၁၁ ဦးထိရှိလာကာ ဦးရေ၃၀ ပျောက်ဆုံးနေဆဲဖြစ်ကြောင်း ဇူလိုင် ၂၄ ရက် သတင်းများအရ သိရသည်။

အဆိုပါ မြေပြိုမှုမှာ ဇူလိုင် ၁၇ ရက် နံနက်ပိုင်းက မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး ချုံကင်းမြို့လယ်မှ ကီလိုမီတာ ၂၇၀ ခန့်အကွာ ပန်ရှုံးခရိုင်ရှိ တောင်စောင်းတစ်ခု၏ အစိတ်အပိုင်းကြီးမားစွာပြိုကျခဲ့ခြင်းဖြစ်ကြောင်း၊ ပြိုကျလာသော ကျောက်တုံးများနှင့် မြေစာများသည် မြစ်ကမ်းဘေးရှိ လူနေအိမ်များနှင့် အဆောက်အအုံများပေါ်သို့ ကျရောက်ကာ အဆောက်အအုံအများအပြား ပျက်စီးပြိုကျခဲ့ကြောင်း၊ သေဆုံးသူ၊ ပျောက်ဆုံးသူများရှိသည့်အပြင် ဒဏ်ရာရရှိသူ ၁၀ ဦးလည်း ရှိကြောင်း သိရသည်။



အာဏာပိုင်များက ကယ်ဆယ်ရေးအဖွဲ့များနှင့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကို အကြိမ်ကြိမ်ဆောင်ရွက်ခဲ့သော်လည်း အသက်ရှင်ကျန်ရစ်သူများ၏ လက္ခဏာတစ်စုံတစ်ရာ မတွေ့ရှိရကြောင်း၊ လက်ရှိတွင် မြေပြိုကျရာမြေစာပုံအတွင်းပိုင်းထဲထိ စက်ယန္တရားများ အသုံးပြု၍ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေကြောင်း သိရသည်။

လက်ရှိအချိန်ထိ ဒေသတွင်း၌ မိုးရွာသွန်းမှုများ ဆက်လက်ဖြစ်ပေါ်နေသဖြင့် မြေပြိုမှုနှင့် သဘာဝဘေးအန္တရာယ်များ ထပ်မံဖြစ်ပွားနိုင်ခြေကို သက်ဆိုင်ရာအာဏာပိုင်များက စောင့်ကြည့်လျက်ရှိကြောင်း သိရသည်။

Ref : Sputnik News
Trs : KZ

## စပိန်နိုင်ငံ မက်ဒရစ်မြို့တွင် တောမီးများကြောင့် လူဦးရေ ၁၀၀၀၀ ခန့် ဘေးလွတ်ရာရွှေ့ပြောင်းခဲ့ရ

မက်ဒရစ် ဇူလိုင် ၂၅

စပိန်နိုင်ငံ မက်ဒရစ်မြို့၌ လောင်ကျွမ်းနေသော တောမီးများကြောင့် လူဦးရေ ၁၀၀၀၀ ခန့်ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့ရကြောင်း ဒေသဆိုင်ရာ အာဏာပိုင်များက ဇူလိုင် ၂၄ ရက်တွင် ပြောကြားခဲ့သည်။

အဆိုပါ တောမီးများသည် အိမ်နီးချင်း တိုလီဒိုပြည်နယ်မှ စတင် ကူးစက်လာခဲ့ခြင်းဖြစ်ပြီး မက်ဒရစ်မြို့ရှိ ဗီလာဒယ်လ်ပရာဒို၊ အယ်လ်ဒီယာဒယ်လ်ဖရက်စ်နိုနှင့် ဆန်မာတင်ဒီဗယ်ဒီဂလီးရှား မြူနီစီပယ်တို့သို့ ပျံ့နှံ့လောင်ကျွမ်းခဲ့ကြောင်း သိရသည်။

တောမီးများသည် လူနေထူထပ်သည့် ရပ်ကွက်များဘက်သို့ ဦးတည်ရွေ့လျားလာသဖြင့် အာဏာပိုင်များက အယ်လ်ဒီယာဒယ်လ်ဖရက်စ်နိုမြို့ တစ်မြို့လုံးကို ဘေးလွတ်ရာသို့ ချက်ချင်းရွှေ့ပြောင်းရန် ထုတ်ပြန်ခဲ့ပြီးနောက် ဒေသခံ ၃၅၀၀ ခန့်ကို ရွှေ့ပြောင်းပေးခဲ့ရကြောင်း၊ ထို့ပြင် အနီးပတ်ဝန်းကျင်ရှိ သက်ကြီးရွယ်အို စောင့်ရှောက်ရေးဂေဟာများနှင့် ကျန်းမာရေးစောင့်ရှောက်မှုဌာနများမှ လူများကိုလည်း ဘေးကင်းရာသို့ ရွှေ့ပြောင်းပေးခဲ့ကြောင်း သိရသည်။

တောမီးငြိမ်းသတ်ရေးလုပ်ငန်းများကို အရှိန်မြှင့်ဆောင်ရွက်နိုင်ရန် စပိန်နိုင်ငံ၏ စစ်ဘက်အရေးပေါ်တပ်ဖွဲ့ (UME) ကို ဖြန့်ကြက်စေလွှတ်ထားပြီး မြေပြင်မီးသတ်တပ်ဖွဲ့များ၊ မီးသတ်လေယာဉ်များနှင့် အရေးပေါ်ကယ်ဆယ်ရေးဝန်ထမ်းများ ပူးပေါင်းကာ တောမီးကို ငြိမ်းသတ်လျက်ရှိသည်။

အပူချိန်မြင့်မားခြင်းနှင့် လေပြင်း တိုက်ခတ်မှုတို့ကြောင့် မီးငြိမ်းသတ်ရေး လုပ်ငန်းများမှာ အခက်အခဲများနှင့် ရင်ဆိုင်နေရပြီး ပျက်စီးမှုဖြစ်ပွားသည့် ဒေသများရှိ လမ်းအများအပြားကိုလည်း ယာယီပိတ်ထားရကြောင်း အာဏာပိုင်များက ပြောကြားသည်။

အာဏာပိုင်များက ထုတ်ပြန်ထားသော ညွှန်ကြားချက်များနှင့် အရေးပေါ် သတိပေးချက်များကို တိတိကျကျ လိုက်နာကြရန် ထပ်မံ တိုက်တွန်းထားကြောင်း သိရသည်။

Ref : Russia Today
Trs : KZ

## အမေရိကန်နိုင်ငံ အနောက်ဗာဂျီးနီးယားပြည်နယ် ပလဲဆန့်ကောင်တီတွင် လေဆင်နှာမောင်း ဝင်ရောက်တိုက်ခတ်ခဲ့ပြီး လူနေအိမ်များပျက်စီး

ဝါရှင်တန် ဇူလိုင် ၂၅

အမေရိကန်နိုင်ငံ အနောက်ဗာဂျီးနီးယားပြည်နယ် ပလဲဆန့်ကောင်တီတွင် ဇူလိုင် ၂၃ ရက်က အားကောင်းသည့် လေဆင်နှာမောင်း ဝင်ရောက်တိုက်ခတ်ခဲ့ပြီး လူနေအိမ်များ ပျက်စီးခဲ့ကြောင်း အမေရိကန်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု ဇူလိုင် ၂၄ ရက် သတင်းများတွင် ဖော်ပြထားသည်။

လေဆင်နှာမောင်းဖြတ်သန်း တိုက်ခတ်ရာ လမ်းကြောင်း တစ်လျှောက် ပျက်စီးဆုံးရှုံးမှုများ ပြားခဲ့ကြောင်း၊ လူနေအိမ်တချို့မှာ အသေးစား ပျက်စီးမှုသာဖြစ်သော်လည်း လူနေအိမ်တချို့မှာ ရာနှုန်း ပြည့်ပျက်စီးခဲ့ကြောင်း၊ လေဆင်နှာမောင်းကြောင့် သစ်ပင်ကြီး တချို့နှင့် ဓာတ်တိုင်တချို့ လဲကျခဲ့သည့်အတွက် လျှပ်စစ်မီးပြတ်တောက်မှု ဖြစ်ပေါ်နေကြောင်း၊ အပျက်အစီးများကို ရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်ပြီးမှသာ လျှပ်စစ်မီး ပြန်လည်ရရှိရေး ဆောင်ရွက် ပေးနိုင်မည်ဖြစ်ကြောင်း အမေရိကန်သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းရေးအဖွဲ့ အစည်းက ထုတ်ပြန်ခဲ့သည်။

"ပလဲဆန့်ကောင်တီမှာ လေဆင်နှာမောင်း တိုက်ခတ်ခဲ့ပါတယ်။ လေဆင်နှာမောင်း ဖြတ်သန်း တိုက်ခတ်ရာ လမ်းကြောင်း တစ်လျှောက် အပျက်အစီးတွေ များခဲ့တယ်။ လူနေအိမ်တွေ ပျက်စီးခဲ့ပါတယ်။ တချို့အိမ်တွေက ရာနှုန်းပြည့်ပျက်စီးပြီး တချို့အိမ်တွေကတော့ အိမ်ခေါင်မိုးလန်တာလောက်ပါပဲ" ဟု အမေရိကန် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအဖွဲ့အစည်းမှ တာဝန်ရှိသူ တစ်ဦးက ပြောကြားခဲ့သည်။

Ref : Sputnik News
Trs : Sai Sat

ဝတ္ထုတိုကဏ္ဍ

# ဆုံမှတ်ဟာတစ်ခုတည်း

## နွေကုံကျော်(မြို့လှ)



(၁)

မိုးဦးကျတစ်နေ့။ နံနက် ၉ နာရီခန့်။

"ဆရာမ ဒေါ်ကြင်ကြင်ဆုံးသွားပြီတဲ့"

မြို့ထဲမှာနေသည့် အစ်မဖြစ်သူက ဖုန်းဆက်လာသည်။

"သူ့မီးခံသေတ္တာကိုဖွင့်တော့မှ စုဆောင်းထားတဲ့ ရွှေတွေနဲ့ ငွေတွေ တွေ့ရတယ်။ သိန်းနှစ်ရာကျော် တောင်ရှိတယ်တဲ့ဟယ်"

"မေမေတို့ကို စာသင်ပေးခဲ့တဲ့ဆရာမကြီးပေါ့ သားရယ်။ တရားတွေလဲအင်မတန်ရဖို့ ကောင်းပါတယ်။ စားတော့လဲ ဟင်းရယ်လို့ဖြစ်ရုံ၊ အလှူခံတွေ ဘာတွေသွားရင်လဲ အလွန်ဆုံး ငါးရာတစ်ထောင်ပဲ သားရေ။ အခုသေသွားတော့လဲ သူ့နောက်ဘာမှ မပါသွားဘူး။ သူ့ဆန္ဒအရ မြေးမလေးကပဲ အကုန်ရမှာ၊ ဒီရွှေငွေတွေကို တစ်သက်လုံး စုဆောင်းထားတာများ မေမေတော့ဖြင့် အံ့ဩလိုက်တာကွယ်"

မမနှင့်ပြောနေတုန်း အမေက ကြားဝင်ပြောသည်။ နာရေးပို့မည့်ရက်အသိပေးပြီးနောက် ဖုန်းချသွားသည်။ သူလည်း လိုက်ပို့ရဦးမည်ပေါ့။

အမေတို့နှင့်ဖုန်းပြောပြီး မကြာ အင်တာနက်လေးဖွင့်ကြည့်လိုက်စဉ်–

"ဟင် ဦးထွန်းကျော် ဆုံးပြီဆိုပါလား"

တကယ်တော့ သူနှင့်ဦးထွန်းကျော်တို့သည် မိတ်ဆွေရင်းများမဟုတ်ကြ။ ကြားလူမှတစ်ဆင့် သွယ်ဝိုက်ပတ်သက်နေသည့်အဆင့်သာ။ ရုတ်တရက်ကြီး ဆုံးပါးသွားကြောင်း မိတ်ဆွေ ဒေါ်သက်သက်က အသိပေးရေးသားထားသည်။ ဦးထွန်းကျော်သည်ကား မိတ်ဆွေဒေါ်သက်သက်နှင့် ခမည်းခမက်ဖြစ်၏။

စောစောက ဆရာမကြီး ဒေါ်ကြင်ကြင်၊ အခု ဦးထွန်းကျော် တစ်မနက်တည်း ရှေ့ဆင့်နောက်ဆင့် လွန်ဆန်ခွင့်မရှိသော မရဏလမ်းဆီသွားကြလေပြီ။ သူ စိတ်မသက်မသာ သက်ပြင်းချနေစဉ်မှာပဲ–

"ဟယ်လို ကိုနေသစ်၊ ကျွန်မ ဒေါ်ဝင်းပါ"

ဇေယျာသီရိမှာနေသည့် ဒေါ်ဝင်းဆီက ဖုန်းဝင်လာသည်။

"ဒေါ်ဝင်းရေ အမိန့်ရှိပါဗျ"

"ဦးအောင်နိုင်ကြီး ဆုံးသွားပြီတဲ့၊ အခုမနက်က"

"ဟောဗျာ..."

သူဘာမျှ စကားမဆက်နိုင်။ မနက်တစ်ပိုင်းတည်းမှာကိုပဲ နာရေးသတင်းသုံးခု။ ဒီနေ့ ကိုယ့်အတွက် ပြဿဒါးလား၊ သူများတွေရဲ့ ပြဿဒါးလားပင် မသဲကွဲချင်တော့။ လူတွေဆုံးပါးကြတာ မဆန်းပေမဲ့ သူနှင့်သိကျွမ်းနေသူများရော၊ ဆက်စပ်နေသူများပါ တစ်ရက်တည်း တိုက်ဆိုင်နေသည်ကတော့ ထူးဆန်းနေသလိုလို။

"ကိုနေသစ်သိအောင် အသိပေးတာပါ၊ သန်ဘက်ခါတော့ ကွေ့ကြီးကို နာရေးပို့မယ်လို့ သိရတယ်"

"ပို့ရမှာပေါ့ ဒေါ်ဝင်းရယ်၊ ပို့ရမှာပေါ့ဗျာ။ အချိန်သိရရင် ထပ်ပြောပေးပါအုံး ကျွန်တော့်ကို"

"ဟုတ်ကဲ့" ဟုဆိုကာ ဒေါ်ဝင်းဖုန်းချသွားသည်။

ဒီနေ့က ကြာသပတေးနေ့။ တော်သေးသည် စနေ သို့မဟုတ် တနင်္ဂနွေပဲ နာရေးကိစ္စများပြုလုပ်ကြပေလိမ့်မည်။ အားလုံးက ပို့သင့်ပို့ထိုက်သည့် မိတ်ဆွေတွေ တိုက်ရိုက်ဖြစ်ဖြစ်၊ သွယ်ဝိုက်ပြီးတော့ပဲဖြစ်ဖြစ်လူမှုရေးအရ မကင်းကြသူတွေသာ။ ညနေပိုင်းမှာတော့ နာရေးပို့မည့်အချိန်များ အသီးသီး ထွက်ပေါ်လာသည်။

ဆရာမကြီး ဒေါ်ကြင်ကြင်ကို သူ့အိမ်ကပို့မည်။ ကျန်သူနှစ်ဦးကိုတော့ မတူညီသည့်ဆေးရုံနှစ်ရုံမှ ပို့ဆောင်ကြမည်။ လိုက်ပို့ရမည့်သူ့အနေနဲ့ကတော့ ကိုယ့်ဘာသာအစီအစဉ်ဆွဲရပေတော့မည်။

(၂)

မိုးက မနက်လင်းသည်ထိ အုံ့ကောင်းနေဆဲ။ ညကလည်း သဲသဲမဲမဲရွာသည်။ မနက်အစောပိုင်းကျမှ တိတ်သွားသည်။ တော်သေးသည် သူအိမ်ကထွက်လာစဉ် မိုးမရွာ။ ပုဗ္ဗသီရိမီးပွိုင့်အနီး လက်ဖက်ရည်ဆိုင်မှာ ထိုင်စောင့်နေရင်း မနက် ၉ နာရီခွဲမှာ ဒေါ်ဝင်းဆီက ဖုန်းဝင်လာသည်။

"ကျွန်မတို့ထွက်လာပြီ ကိုနေသစ်"

ဒေါ်ဝင်းဆီက ဖုန်းဝင်လာပြီး ၁၅ မိနစ်မျှအကြာတွင် ဦးအောင်နိုင်ကို လိုက်ပို့သည့်နိဗ္ဗာန်ယာဉ်တန်း ရောက်လာသည်။ အဆိုပါ ယာဉ်တန်းနောက်မှ သူလိုက်လာခဲ့သည်။ လိုက်ထရပ်ပေါ်မှ ဒေါ်ဝင်းက သူ့ကို လက်ပြသည်။ တကယ်တော့ ယာဉ်တန်းဟုသာ ဆိုရသည် နိဗ္ဗာန်ယာဉ်အပါမှ ကားသုံးစီးသာရှိသည်။ သူကတော့ ဆိုင်ကယ်နှင့်။

ဦးအောင်နိုင်။ အသက်က ၆၅ နှစ်။ ကျောက်ကပ်ရောဂါဖြင့် ဆေးကုသမှုခံနေရသည်မှာ ၁၀ နှစ်ရှိနေပြီဖြစ်၏။ အရပ်ပုပု၊ ခန္ဓာကိုယ် ပိန်ပိန်နှင့် ဒီလောက်အကြာကြီးကုသမှုခံနိုင်တာမို့ အစကသူတို့အားလုံး အံ့ဩနေခဲ့ကြသည်။ ယခုတော့ ဆုံးရှာလေပြီ။

ဒေါ်ဝင်းအမျိုးသား တစ်ပတ်မှာ နှစ်ရက် ကျောက်ကပ်ရောဂါ ကုသမှုခံနေရသူ။ နေသစ်အမျိုးသမီးက ကျောက်ကပ်အစားထိုးထားသည်မှာ မကြာသေး။ ကျောက်ကပ်အစားမထိုးရခင်တုန်းက သူတို့လည်း တစ်ပတ်လျှင် နှစ်ရက် ဆေးရုံဆီသွား၍ ကုသမှုခံရသည်။ ထိုသို့ကုသမှုခံရင်း ဘဝတူလူနာများ၊ လူနာစောင့်များ ခင်မင်ရင်းနှီးသွားခဲ့ကြခြင်းဖြစ်သည်။

အခုတော့ နေသစ် စနောက်နေခဲ့သည့်အတိုင်း ဦးအောင်နိုင်သည် နတ်ပြည်ခုနစ်ထပ်သို့ တက်သွားပါလေပြီ။ နတ်ပြည်ခြောက်ထပ်တွင် ကျောက်ကပ်ရောဂါသည်များအတွက် တစ်ထပ် ထပ်တိုးပေးထားကြောင်း နေသစ်စနောက်ခဲ့စဉ် လူနာများရော လူနာစောင့်များပါ သဘောကျစွာ ရယ်မောခဲ့ကြသေးသည်။

ဇေန်စင်စစ် ကုရာနတ္ထိ ဆေးမရှိသည့် ရောဂါမဟုတ်သော ကျောက်ကပ်ရောဂါသည် ရှိသမျှ ပြောင်တလင်းခါသော ရောဂါဖြစ်မှန်းကိုယ်တွေ့ကြုံမှ နေသစ် သိခဲ့ရသည်။

ကံအကြောင်းသင့်စွာ ငွေကြေးပြေလည်ခဲ့သဖြင့် ဇနီးဖြစ်သူကို အစားထိုးပေးနိုင်ခဲ့ခြင်းဖြစ်သည်။ ကိုယ့်လစာတစ်ခုတည်းနှင့်ဆိုလျှင် ဇနီးသည်လည်း အမြန်နှင့်အမြန်ဆိုသလို အရင်သွားနှင့်ပြီဖြစ်သော ဒေါ်ယဉ်ယဉ်၊ ဒေါ်နီလာ၊ ဦးလှမင်းတို့ရှိရာ ထပ်တိုးထားသော ခုနစ်ထပ်သို့ ရောက်မည်မှာမလွဲ။ အခုတော့ ဦးအောင်နိုင်အလှည့်ရောက်ခဲ့ချေပြီ။

**❖ "ကဲ ဒကာ ဒကာမတို့ ဒီလောက်ဆို စိတ်ကျေနပ်ကြတော့မှာပေါ့၊ အနိုင်နဲ့ပိုင်းကြပါလို့ ဆရာတော် ဟောခဲ့ပြီးပြီလေ" ဟု ဆရာတော်က ထပ်မံမိန့်ဆိုမှ အခေါင်းကိုလွှတ်ကြသည်။ ဝန်ထမ်းများက သူတို့ လုပ်စရာရှိတာဆက်လုပ်သည်။ ရှေ့နေကြီးနာရေးကို လိုက်ပါပို့ဆောင်သည့် ဧည့်ပရိသတ်များကတော့ မိသားစုဝင်များကို နှုတ်ဆက်ကာ အလျှိုအလျှို ပြန်လည်ထွက်ခွာကုန်ကြသည်။ ❖**

(၃)

ကွေ့ကြီးသုသာန်။

နေပြည်တော်မြောက်ဘက် မြို့ဧရိယာအတွင်း မြို့ပတ်လမ်းဘေးတွင်ရှိ၏။ သုသာန်အတွင်းသို့ ရောက်သော် ဦးအောင်နိုင်အလောင်းကို ချက်ချင်းဇရပ်ပေါ်မတင်နိုင်သေး။ ရှေ့တွင် နာရေးတစ်ခုမပြီးသေးပုံရသည်။ နေသစ် ဆိုင်ကယ်ထားဖို့ နေရာရှာလိုက်သည်။ ကားပါကင်မှာ ထိုးဖို့မလွယ်။ ကားပါကင်ထဲမှာ အရောင်အသွေးစုံ ကားအတော်များများ ထိုးထားသည်။

ရုံးဘေးနား ဆိုင်ကယ်ထားသည့်နေရာမှာ သူသွားရပ်လိုက်သည်။ ထိုစဉ် မိုးကဖွဲဖွဲကျလာသည်မို့ ရုံးထဲခဏဝင်ခိုရသည်။

"ကွယ်လွန်သူ ရှေ့နေကြီး ဦးဘကျော်အတွက် ရည်စူးအလှူပါ၊ ကျွန်တော်တို့ ဆရာ့အတွက် ဒီသုသာန်မှာ လိုအပ်တာအသုံးပြုနိုင်အောင် ကုသိုလ်ပြုတဲ့သဘောပါ"

ကွယ်လွန်သည့်ဆရာဖြစ်သူအတွက် ကောင်းမှုပြုပေးနေကြသော တပည့်များကိုမြင်ရသည့်အတွက် နာရေးရောက်ခိုက် ကြည်နူးပီတိဖြစ်ခွင့်ရပါ၏။ တစ်လက်စတည်း သာဓု သုံးကြိမ်ပါခေါ်ပေးလိုက်မိသည်။

"မရှိဆင်းရဲသားတွေဘက်က အမြဲရပ်တည်ပေးတဲ့ ရှေ့နေကြီးကောင်းရာဘုံဘဝကို ရောက်မှာပါတော်"

မိုးဖွဲဖွဲကြား ခမောက်လေးဆောင်း၊ တဘက်လေးခြုံထားသော အသက် ၆၀ အရွယ် အမျိုးသမီးကြီး တစ်ဦး။ သူ့ရှေ့လမ်းမှ ဖြတ်လျှောက်သွားသည်။ အမျိုးသမီးကြီး၏မျက်ဝန်းမှာ မိုးရေတို့နှင့် ရောနေသည့်မျက်ရည်စများက ကွယ်လွန်သူ ရှေ့နေကြီး အပေါ်ထားသည့် မေတ္တာတရား၏ ပြယုဂ်များဖြစ်ကြောင်း ညွှန်းဆိုနေသည်။

ငါးမိနစ်မျှကြာသော် ဇရပ်အတွင်းမှ လူအုပ်ကြီး ထွက်လာသည်။ တာဝန်ကျဝန်ထမ်းလေးတွေက ရှေ့နေကြီး၏ အလောင်းကို တွန်းလျက်ထုတ်လာကြချေပြီ။

ဝန်ထမ်းတွေအတွက်တော့ မထူးဆန်းတော့သော နာရေးအခင်းအကျင်း။ မိသားစုဝင်များအတွက်တော့ ပြင်းထန်သော ပရိဒေဝမီး ကိုယ်စီတောက်လောင်မှု။

"ကဲ ဒကာ ဒကာမတို့ ဒီလောက်ဆို စိတ်ကျေနပ်ကြတော့မှာပေါ့၊ အနိုင်နဲ့ပိုင်းကြပါလို့ ဆရာတော်ဟောခဲ့ပြီးပြီလေ" ဟု ဆရာတော်က ထပ်မံမိန့်ဆိုမှ အခေါင်းကိုလွှတ်ကြသည်။ ဝန်ထမ်းများက သူတို့ လုပ်စရာရှိတာဆက်လုပ်သည်။

ရှေ့နေကြီးနာရေးကို လိုက်ပါပို့ဆောင်သည့် ဧည့်ပရိသတ်များကတော့ မိသားစုဝင်များကို နှုတ်ဆက်ကာ အလျှိုအလျှို ပြန်လည်ထွက်ခွာကုန်ကြသည်။

ကားသေး၊ ကားလတ် ရှေ့ဆင့်နောက်ဆင့် ပြန်လည်ထွက်ခွာချိန်တွင် လိုက်ထရပ်တစ်စီးနှင့် ကားသေးတစ်စီးတို့သာကျန်ရစ်၏။ ရှေ့နေကြီးနာရေးနှင့်လားလားမျှမဆိုင်၊ ကားနှစ်စီးပေါ်မှ လူ ၁၀ ယောက်ပင်မပြည့်ချင်။ နေသစ်လည်း ဒေါ်ဝင်းတို့နှင့် ပူးပေါင်းကာ ဇရပ်ထဲဝင်၏။

ဆက်လက်ဖော်ပြပါမည်။

## တန့်ဆည်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၂၉၃၃၅ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



တန့်ဆည် ဇူလိုင် ၂၅

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် တန့်ဆည်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ၂၉၃၃၅ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း တန့်ဆည်မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

တန့်ဆည်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲဧက ၃၅၇၁၀ စိုက်ပျိုးရန် လျာထားပြီး အဆိုပါစိုက်ပျိုးမှုကို ယခုနှစ်မေလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၂၉၃၃၅ဧကထိစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ တန့်ဆည်မြို့နယ်မှာ မြေပဲဧက ၃၅၀၀၀ ကျော် လျာထားစိုက်ပျိုးခဲ့ပါတယ်။ လက်ရှိမှာ ၂၉၃၃၅ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ရေးအတွက် ဆောင်ရွက်ပေးနေပါတယ်။ ဆီထွက်သီးနှံအနေနဲ့ကော မြေပဲစိုက်ပျိုးမှုအနေနဲ့ကော တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်"ဟု တန့်ဆည်မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအုန်းကျော်မြင့်က ပြောပြသည်။

တန့်ဆည်မြို့နယ်တွင် မြေပဲစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းနိုင်ရန်၊ ပိုးမွှားရောဂါကျရောက်မှု မရှိစေရန်၊ ပေါင်းမြက်ကင်းစင်စေရန်အတွက် စိုက်ခင်းများအတွင်း ကွင်းဆင်း စစ်ဆေးပြီးကင်းထောက်မှတ်တမ်းများ ယူခြင်းတို့ကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက ကွင်းဆင်း၍ ဆောင်ရွက် ပေးလျက်ရှိကြောင်း သိရသည်။

မြေပဲကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်၍ မြေပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေးကြိုးပမ်းသင့်ကြောင်း တန့်ဆည်မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအုန်းကျော်မြင့်က ပြောပြ၍ သိရသည်။

(၂၀၆)

## မြောင်းမြမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း ငါးတန်ပိဿာချိန် ၅၃၀၀၀ ထိတင်ပို့ရောင်းချနိုင်ခဲ့

မြောင်းမြ ဇူလိုင် ၂၅

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း ငါးတန်ပိဿာချိန် ၅၃၀၀၀ ထိတင်ပို့ ရောင်းချနိုင်ခဲ့ကြောင်း မြောင်းမြမြို့နယ် ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ခင်ခင်ဌေးက ပြောပြသည်။

မြောင်းမြမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မေလအတွင်းက ငါးတန်ပိဿာချိန် ၄၀၀၀၀ ထိသာတင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇွန်လအတွင်း ငါးတန်ပိဿာချိန် ၅၃၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ပြီးခဲ့တဲ့ ဇွန်လအတွင်းငါးတန်ပိဿာချိန် ၅၃၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ ဒီမြို့နယ်ကနေထွက်တဲ့ ရေထွက်ကုန်မှန်သမျှကို ရန်ကုန်ဈေးကွက်ကို တင်ပို့ ရောင်းချလျက်ရှိပါတယ်။ ငါးတန်တွေက ပြည်တွင်း ဈေးကွက်မှာကို အရောင်းအဝယ် သွက်နေပါတယ်။ အခုလိုတင်ပို့အားတက်လာတော့ ငါးတန်မွေးမြူသူတွေ၊ ရေလုပ်သားတွေ အဆင်ပြေလာပါတယ်" ဟု မြောင်းမြမြို့နယ် ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ခင်ခင်ဌေးက ပြောပြသည်။



မြောင်းမြမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချသည့် ငါးတန် ၁၀ ပိဿာလျှင် ငွေကျပ် ၂၁၅၀၀၀ ပေါက်ဈေးရှိကြောင်း၊ အဆိုပါငါးတန်များ တင်ပို့ရောင်းချနေရခြင်းကြောင့် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များ၊ ငါးတန်မွေးမြူသူများ၊ ရေလုပ်သားများ၊ ကုန်တင်ကုန်ချလုပ်သားများ ကုန်တင်ယာဉ်အငှားလိုက်သူများ အလုပ်အကိုင်အခွင့်အလမ်း အဆင်ပြေလျက်ရှိကြောင်း မြောင်းမြမြို့နယ်ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ခင်ခင်ဌေးက ပြောပြ၍ သိရသည်။

ကျော်ကျော်လင်း

## နတ်တလင်းမြို့နယ် သံကြိုးကံကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

နတ်တလင်း ဇူလိုင် ၂၅

ပဲခူးတိုင်းဒေသကြီး နတ်တလင်းခရိုင် နတ်တလင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက သံကြိုးကံကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်း ရန်ပုံငွေထုတ်ချေးခြင်းကို ဇူလိုင် ၂၄ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ နတ်တလင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဟိန်းဇော်က မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကို ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေး လုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ထုတ်ချေးပေးခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်စီမံကိန်း တာဝန်ခံဝန်ထမ်းက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ၊ နည်းဥပဒေပါ ကျေးလက်နေပြည်သူများလိုက်နာရမည့် တာဝန်များ၊ရပိုင်ခွင့်များ၊ ပြစ်မှုနှင့်ပြစ်ဒဏ်များကို အသေးစိတ်ရှင်းလင်း ပြောကြားခဲ့သည်။

ထို့နောက် သံကြိုးကံကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၅၈ ဦးကို ငွေကျပ်၂၂ သန်း၊ မွေးမြူရေး လုပ်ငန်း လုပ်ကိုင်သူ ၁၀၁ ဦးကို ငွေကျပ်၂၂ ဒသမ ၅ သန်း စုစုပေါင်း အသင်းသား၊အသင်းသူ ၁၅၉ ဦးကို ရန်ပုံငွေကျပ် ၄၄ ဒသမ ၅ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

အေးမြတ်

## ကြိုးပမ်းကြပါစို့

- နိုင်ငံနှင့် ပြည်သူ့အကျိုး
သယ်ပိုးကြ တို့တာဝန်၊
နိုင်ရာဝန် တစ်ဖက်တစ်လမ်းက
ဝန်ထမ်းကျေပွန်၊
ကြိုးစားကြ လူကောင်းလူမွန်
လူရည်ချွန် တံဆိပ်ကပ်၊
ပြည်မြန်မာ အလှလွှမ်းဖို့
ဖြည့်စွမ်းပေါင်းစပ်။

- အဖျက်ရန်စွယ် တို့မကြောက်
လျှောက်ကြစို့ တို့ပန်းတိုင်၊
ညီညာစေ လက်ချင်းယှက်
ဆက်လက်တူပြိုင်၊
သွေးချင်းတို့ အသည်းစိုင်
ခိုင်မာသည့် ချစ်ကြည်မှု၊
ဘုံရန်သူ အမြစ်ပြုတ်အောင်
တိုက်ထုတ်မည်ခု။

- သမိုင်းစဉ်လာ ခေတ်ဆက်ဆက်
ချစ်ခင်လျက် နေထိုင်ကာ၊
တို့နိုင်ငံ တို့လူမျိုး
ဖွံ့ဖြိုးသာယာ၊
တည်တံ့လျက် ခေတ်မီစွာ
ညီညာသော တွဲလက်များ၊
တို့ခေတ်မှာ လက်ဆင့်ကမ်း
ကြိုးပမ်းလို့သွား။ ။

အဝေရာကိုကို

## မိုင်းဖြတ်မြို့နယ် ဟာကြားဟုန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

မိုင်းဖြတ် ဇူလိုင် ၂၅

ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်ခရိုင် မိုင်းဖြတ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဟာကြားဟုန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေဖြင့် ဆောင်ရွက်ထားသောလုပ်ငန်းများကို ဇူလိုင် ၂၄ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိုင်းဖြတ်မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မေလွင်နှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက ဟာကြားဟုန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေဖြင့်ဆောင်ရွက်ထားသော စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ် လုပ်ငန်းများနှင့် လအလိုက်ပြည့်သွင်းရမည့် ငွေစာရင်းဇယားပုံစံများ ပြည့်စုံမှု ရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ဟာကြားဟုန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်က စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပြီး ယခုအခါစိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ဦးရေ ၂၀ ကို မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေ ကျပ် ၃၆၈ သိန်းထုတ်ချေးပေး ထားပြီး စီမံကိန်းလုပ်ငန်းများ အောင်မြင်စွာ လည်ပတ်ဆောင်ရွက်လျက်ရှိကြောင်း မိုင်းဖြတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနမှ သိရသည်။


ဇင်မာ

# သဘာဝဂေဟစနစ် အကျိုးပြုသောငှက်များအကြောင်း

သဘာဝလောကကြီးထဲမှာ အရောင်အသွေးစုံလင်ပြီး ထူးခြားလှပတဲ့ ငှက်မျိုးစိတ်ပေါင်းများစွာ ရှိပါတယ်။ ဒီငှက်တွေက လူတွေရဲ့ မျက်စိကို ဖမ်းစားနိုင်တဲ့ အလှတရားတွေ ပိုင်ဆိုင်ထားရုံတင်မကဘဲ သဘာဝဂေဟစနစ်ကိုလဲ အကျိုးပြုနေတဲ့ သက်ရှိတွေဖြစ်ပါတယ်။ ငှက်တွေဟာ အပင်မျိုးပွားမှု၊ ပိုးမွှားထိန်းချုပ်မှု၊ ဝတ်မှုန်ကူးမှုနဲ့ အစာကွင်းဆက် ဟန်ချက်ညီမှုတို့မှာ အရေးပါတဲ့အခန်းကဏ္ဍကနေ ပါဝင်နေကြပါတယ်။

ဒါကြောင့် ငှက်တွေကို သဘာဝပတ်ဝန်းကျင်ရဲ့ အလှဆင်သူတွေ အဖြစ်သာမက ဂေဟစနစ်ကို ထိန်းသိမ်းပေးနေတဲ့အရေးကြီး သက်ရှိတွေအဖြစ်လဲ သတ်မှတ်ကြပါတယ်။ အခုတစ်ခါမှာတော့ ကမ္ဘာတစ်ဝန်းလူသိများပြီး လှပသလို သဘာဝအတွက်လဲ အရေးပါတဲ့ ငှက်ငါးမျိုးအကြောင်းကို ဖော်ပြပေးလိုက်ပါတယ်။

**ဒေါင်းငှက် (Peacock)**



ဒေါင်းငှက်ဆိုတာ ကမ္ဘာပေါ်မှာ အလှဆုံးငှက်တွေထဲက တစ်မျိုးလို့တောင် သတ်မှတ်ခံထားရပါတယ်။ အထူးသဖြင့် ဒေါင်းထီးရဲ့ အပြာ၊ အစိမ်း၊ ရွှေရောင်နဲ့ ကြေးဝါရောင်တွေ တောက်ပနေတဲ့အမြီးအမွေးတွေက မြင်သူတိုင်းကို အံ့အားသင့်စေပါတယ်။ မိတ်ဖက်ရှာတဲ့ ရာသီရောက်ရင် အမြီးကိုဖြန့်ကားပြီး အလှပြတတ်တာကလဲ ဒေါင်းငှက်ရဲ့ထူးခြားချက်တစ်ခုပါ။

ဒါ့ပြင် အိန္ဒိယနိုင်ငံရဲ့ အမျိုးသားငှက်လဲဖြစ်တာကြောင့် ယဉ်ကျေးမှုနဲ့ အနုပညာလက်ရာတွေမှာ မကြာခဏ တွေ့မြင်ရပါတယ်။ သဘာဝဂေဟစနစ်အတွက်လဲ ဒေါင်းငှက်ဟာ အရေးပါတဲ့ငှက်တစ်မျိုးဖြစ်ပါတယ်။ သစ်သီး၊ အစေ့၊ အပင်ငယ်တွေအပြင် အင်းဆက်ပိုးမွှား၊ မြွေငယ်နဲ့ တိရစ္ဆာန်ငယ်တွေကိုလဲ စားသုံးတာကြောင့် ပိုးမွှားအရေအတွက်ကို သဘာဝအတိုင်း ထိန်းညှိပေးနိုင်ပါတယ်။ ဒါ့ပြင် သစ်သီးစားသုံးပြီးနောက် အစေ့တွေကိုနေရာအနှံ့ ဖြန့်ဝေပေးတာကြောင့် သစ်ပင်၊ သစ်တောဖြစ်ထွန်းမှုကိုလဲ အထောက်အကူဖြစ်စေပါတယ်။

**စကားလက်ကြက်တော (Scarlet Macaw)**



စကားလက်ကြက်တောဟာ ကြက်တူရွေးနွယ်ဝင် ငှက်မျိုးစိတ်ဖြစ်ပါတယ်။ ဒီငှက်ကို အလယ်ပိုင်းနဲ့ တောင်အမေရိကရဲ့ အပူပိုင်းမိုးသစ်တောတွေမှာ အများဆုံးတွေ့ရပါတယ်။ အနီ၊ အဝါနဲ့ အပြာရောင်တွေပေါင်းစပ်ထားတဲ့ အမွေးအတောင်တွေကြောင့် အလွန်လှပပြီး ပျံသန်းတဲ့အချိန်ဆိုရင် ပိုပြီး လှပနေတာကို မြင်နိုင်ပါတယ်။ ဉာဏ်ရည်မြင့်မားသလို လူတွေရဲ့အသံတွေကိုလဲ အတုယူပြောဆိုနိုင်ပါတယ်။ ဒီငှက်ဟာ သစ်သီးမျိုးစုံကိုစားသုံးပြီး အစေ့တွေကို သစ်တောအနှံ့ ဖြန့်ဝေပေးတာကြောင့် မိုးသစ်တောတွေ ရှင်သန်ဖွံ့ဖြိုးလာစေဖို့ အရေးပါတဲ့အခန်းကဏ္ဍကနေ ပါဝင်နေပါတယ်။ ဒါပေမဲ့ သစ်တောပြုန်းတီးလာတာ၊ တရားမဝင်ဖမ်းဆီးရောင်းဝယ်မှုနဲ့ အစာရေစာရှားပါးလာတာတွေကြောင့် ၎င်းတို့ရဲ့ နေထိုင်ရာဒေသတွေ လျော့နည်းလာပြီး မျိုးသုဉ်းနိုင်ခြေကို ရင်ဆိုင်နေရပါတယ်။

**မန်ဒါရင်ဘဲ (Mandarin Duck)**

မန်ဒါရင်ဘဲဟာ ငှက်မျိုးနွယ်ဝင်ဖြစ်ပြီး ကမ္ဘာပေါ်က အလှဆုံးရေငှက်တွေထဲမှာ ပါဝင်ပါတယ်။ အထီးမန်ဒါရင်ဘဲရဲ့ ကိုယ်ပေါ်မှာ လိမ္မော်၊ အဖြူ၊ အစိမ်း၊ ခရမ်းနဲ့ အပြာရောင်တွေ ပေါင်းစပ်ထားတာကြောင့် အလွန်ဆွဲဆောင်မှုရှိပါတယ်။ တရုတ်၊ ဂျပန်နဲ့ ကိုရီးယားနိုင်ငံတွေမှာတော့ ဒီငှက်ကို သစ္စာရှိတာ၊ အိမ်ထောင်ရေးသာယာပျော်ရွှင်တာနဲ့ ချစ်ခြင်းမေတ္တာရဲ့သင်္ကေတအဖြစ် သတ်မှတ်ထားကြပါတယ်။ မန်ဒါရင်ဘဲတွေဟာ အများအားဖြင့် ရေကန်တွေနဲ့ သစ်တောအနီးက ရေပြင်တွေမှာ နေထိုင်လေ့ရှိပါတယ်။



မန်ဒါရင်ဘဲတွေဟာ ရေထဲက အင်းဆက်ပိုးမွှားငယ်တွေ၊ ခရု၊ ငါးပေါက်နဲ့ အပင်မျိုးစေ့တွေကို စားသုံးတာကြောင့် ရေဂေဟစနစ်ရဲ့ ဟန်ချက်ညီမှုကို ထိန်းညှိပေးနိုင်ပါတယ်။ ရေကန်နဲ့ စိုစွတ်မြေဒေသတွေရဲ့ ကျန်းမာရေးကို ဖော်ပြပေးနိုင်တဲ့ အညွှန်းငှက် (Indicator Species)အဖြစ်လဲ သတ်မှတ်ကြပါတယ်။

**ရွှေရောင်ရစ်ငှက် (Golden Pheasant)**



ရွှေရောင်ရစ်ငှက်ဟာ အရောင်အသွေး အလွန်တောက်ပလှပတဲ့ ငှက်တစ်မျိုးဖြစ်ပြီး တရုတ်နိုင်ငံဟာ ၎င်းတို့ရဲ့ မူလကျက်စားရာဒေသဖြစ်ပါတယ်။ ရွှေရောင်ရစ်ငှက်ရဲ့ ဦးခေါင်းမှာ ရွှေရောင်အမွေးတွေ၊ ကိုယ်ခန္ဓာမှာ အနီ၊ အစိမ်းနဲ့ အပြာရောင်တွေ ပေါင်းစပ်ထားတာကြောင့် မြင်သူတိုင်းရဲ့အမြင်အာရုံကို ဆွဲဆောင်နိုင်ပါတယ်။ အမြီးရှည်ရှည်နဲ့ လှပတဲ့ပုံသဏ္ဌာန်ကြောင့်လဲ လူသိများပါတယ်။ မိတ်ဖက်ရှာတဲ့အချိန်မှာ အမွေးအတောင်တွေကိုဖြန့်ကားပြီး အလှပြတတ်တာကလဲ ရွှေရောင်ရစ်ငှက်ရဲ့ ထူးခြားတဲ့အပြုအမူတစ်ခုဖြစ်ပါတယ်။

ရွှေရောင်ရစ်ငှက်ဟာ မြေပြင်ပေါ်မှာ ကျက်စားလေ့ရှိပြီး အင်းဆက်ပိုးမွှား၊ အစေ့အဆန်နဲ့ သစ်သီးတွေကို စားသုံးပါတယ်။ ဒါဟာ အင်းဆက်ပိုးမွှားကို ထိန်းချုပ်ပေးနိုင်သလို သစ်တောအတွင်း အစေ့ဖြန့်ဝေမှုကိုလဲ ပြုလုပ်တတ်ပါတယ်။

**ကီဘီကော့ယင်ငှက် (Keel-billed Toucan)**



ကီဘီကော့ယင်ငှက်ဟာ အလယ်ပိုင်းအမေရိကရဲ့ အပူပိုင်းသစ်တောတွေမှာ နေထိုင်ကျက်စားပါတယ်။ ကီဘီကော့ယင်ငှက်ရဲ့ အထူးခြားဆုံးကတော့ အစိမ်း၊ အဝါ၊ လိမ္မော်နဲ့ အနီရောင်တွေ ရောစပ်ထားတဲ့ ကြီးမားလှပတဲ့ နှုတ်သီးပါပဲ။ နှုတ်သီးက ကြီးပေမဲ့ အတွင်းပိုင်း ဖွဲ့စည်းပုံကြောင့် အလေးချိန်ပေါ့ပါးပြီး သစ်သီးတွေကို အလွယ်တကူစားသုံးနိုင်ပါတယ်။ ကီဘီကော့ယင်ငှက်တွေဟာ အသီးတွေကို အဓိကစားသုံးတဲ့ ငှက်ဖြစ်တာကြောင့် သစ်သီးစားပြီးနောက် အစေ့တွေကိုသစ်တောအနှံ့ ဖြန့်ကြဲပေးပါတယ်။

ဒါဟာ သစ်ပင်မျိုးစိတ်တွေ ဖြစ်ထွန်းရှင်သန်ဖို့အလွန်အရေးပါတာကြောင့် ၎င်းကို သဘာဝအစေ့ဖြန့်ဝေပေးသူ(Seed Disperser) အဖြစ် လူသိများပါတယ်။ သစ်သီးတွေကို အများဆုံးစားပေမဲ့ အချို့အချိန်တွေမှာ အင်းဆက်ပိုးမွှားနဲ့ တိရစ္ဆာန်ငယ်တွေကိုလဲ စားသုံးတာကြောင့် သဘာဝအစာကွင်းဆက်ကို ဟန်ချက်ညီစေဖို့ ကူညီပေးပါတယ်။

အခုဖော်ပြပေးခဲ့တဲ့ ငှက်တွေဟာ မျက်စိပသာဒဖြစ်စေရုံသာမက သဘာဝဂေဟစနစ်အတွက်လဲ အလွန်အရေးပါတဲ့ သက်ရှိတွေဖြစ်ပါတယ်။ အသီးအစေ့တွေကို နေရာအနှံ့ ဖြန့်ဝေပေးတာ၊ ပိုးမွှားတွေကိုစားသုံးပြီး သဘာဝရဲ့ဟန်ချက်ညီမှုကို ထိန်းသိမ်းပေးတာ၊ ရေဝပ်ဒေသနဲ့ သစ်တောဂေဟစနစ်တွေ ကျန်းမာစေတာတို့ကို အဓိကဆောင်ရွက်ပေးနေကြတဲ့ ငှက်တွေပဲဖြစ်ပါတယ်။

ငှက်မျိုးစိတ်တစ်မျိုး ပျောက်ကွယ်သွားတိုင်း သဘာဝအစာကွင်းဆက်နဲ့ ဂေဟစနစ်အပေါ် ထိခိုက်မှုတွေဖြစ်ပေါ်လာနိုင်ပါတယ်။ ဒါကြောင့် သဘာဝဂေဟစနစ်ကို အကျိုးပြုတဲ့ငှက်မျိုးစိတ်တွေ မျိုးသုဉ်းပျောက်ကွယ်မသွားစေဖို့ တရားမဝင်ငှက်ဖမ်းဆီးရောင်းဝယ်မှုတွေကို တားဆီးတာ၊ သဘာဝနယ်မြေတွေကို ကာကွယ်စောင့်ရှောက်တာနဲ့ ဇီဝမျိုးစုံမျိုးကွဲတွေကို ထိန်းသိမ်းတာတို့ကို ကမ္ဘာ့သူ၊ ကမ္ဘာ့သားအားလုံးက အလွန်အရေးကြီးတဲ့တာဝန်တစ်ရပ်အနေနဲ့ခံယူကာ ဝိုင်းဝန်းဆောင်ရွက်ကြပါစို့လို့ တိုက်တွန်းရေးသားလိုက်ရပါတယ်။

**ကိုးကား**


- BirdLife International. (n.d.). BirdLife International. https://www.birdlife.org


ခိုင်ဇင်

# မုံရွာမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲစင်းငုံဧကအားလုံး ရာနှုန်းပြည့်စိုက်ပျိုးပြီးစီး



မုံရွာ ဇူလိုင် ၂၅

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် မုံရွာမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲစင်းငုံဧကအားလုံး ရာနှုန်းပြည့်စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မုံရွာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မုံရွာမြို့နယ်တွင် ပဲစင်းငုံ ၁၂၃၅၅ ဧက စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် မေလပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ဧကအားလုံး ရာနှုန်းပြည့်စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ မုံရွာမြို့နယ်မှာ ပဲစင်းငုံ ၁၂၃၅၅ ဧက စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီနေ့မှာတော့ ဧကအားလုံး ရာနှုန်းပြည့်စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးခဲ့ပါတယ်။ ပဲစင်းငုံစိုက်ပျိုးရာမှာ အထွက်နှုန်းကောင်းမွန်ဖို့လဲ ဆောင်ရွက်ပေးခဲ့ပါတယ်။ ပဲစင်းငုံကို သီးသန့်စိုက်ပျိုးကြသလို သီးထပ်သီးညှပ်အနေနဲ့လဲ စိုက်ပျိုးကြပါတယ်"ဟု မုံရွာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးသက်အောင်က ပြောပြသည်။

ယခုနှစ် မုံရွာမြို့နယ်တွင် ပဲစင်းငုံစိုက် တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် မျိုးကောင်းမျိုးသန့်ရွေးချယ်စိုက်ပျိုးရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားရောဂါကင်းရှင်းရေး၊ အထွက်နှုန်းကောင်းမွန်ရေးအတွက် အသိပညာပေးလျက်ရှိကြောင်း သိရသည်။

ပဲစင်းငုံကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ပဲစင်းငုံကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း မုံရွာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးသက်အောင်က ပြောပြ၍ သိရသည်။ (၂၀၆)

# ညောင်ရွှေမြို့နယ် ကျွန်းကြီးတောင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

ညောင်ရွှေ ဇူလိုင် ၂၅

ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောခရိုင် ညောင်ရွှေမြို့နယ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေများတိုးပွားလာပြီး ဆင်းရဲမှုလျှော့ချစေရန် ရည်ရွယ်၍ ကျွန်းကြီးကျေးရွာအုပ်စု ကျွန်းကြီးတောင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ထားရှိသော လုပ်ငန်းများကို ဇူလိုင် ၂၄ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကလောခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်ဇော်လင်း၊ ညောင်ရွှေမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ယုယုနှင့် ဝန်ထမ်းများက ကျွန်းကြီးတောင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေများနှင့် လအလိုက်ပြန်သွင်းရမည့် ငွေစာရင်းဇယားပုံစံများပြည့်စုံမှု ရှိ၊ မရှိ စစ်ဆေးပြီး ခရိုင်ဦးစီးမှူး ဦးအောင်ဇော်လင်းက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ကျွန်းကြီးတောင်ကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၃၁၉ ဦးကို ငွေကျပ် ၆၆ ဒသမ ၄ သန်း ထုတ်ချေးပေးထားပြီး စီမံကိန်းလုပ်ငန်းများလည်ပတ် ဆောင်ရွက်လျက်ရှိကြောင်း ညောင်ရွှေမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ယုယုထံမှ သိရသည်။

ဟိန်းထက်စိုး(မလှိုင်)

# ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း ငါးမုတ်ပိဿာချိန်အများအပြား တင်ပို့ရောင်းချနိုင်ခဲ့

ဖျာပုံ ဇူလိုင် ၂၅

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း ငါးမုတ်ပိဿာချိန်အများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဖျာပုံမြို့နယ် ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ကေသီထွန်းက ပြောပြသည်။

ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ယခုနှစ်မေလက ငါးမုတ်ပိဿာချိန် ၄၁၀၀၀သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇွန်လ တစ်လအတွင်း ငါးမုတ်ပိဿာချိန် ၅၄၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ ငါးမုတ်များကို ရန်ကုန်ဈေးကွက်မှ ဝယ်ယူမှုအားကောင်းလာခြင်းကြောင့် တင်ပို့အားတက်လာခြင်း ဖြစ်ကြောင်း သိရသည်။



"ငါးမုတ်တွေ ရန်ကုန်ကို တင်ပို့ရောင်းချအား ကောင်းခဲ့ပါတယ်။ ပြီးခဲ့တဲ့ ဇွန်လအတွင်း ငါးမုတ်ပိဿာချိန် ၅၄၀၀၀ ထိ တင်ပို့ ရောင်းချနိုင်ခဲ့ပါတယ်။ ငါးမုတ်တွေအပါအဝင် ရေထွက်ကုန်ပစ္စည်းတွေ တင်ပို့အားတက်လာတော့ ရေလုပ်ငန်းနဲ့ဆက်စပ်သူတွေ အလုပ်အကိုင်အဆင်ပြေနေတာတွေ့ရပါတယ်"ဟု ဖျာပုံမြို့နယ် ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ကေသီထွန်းက ပြောပြသည်။

ဖျာပုံမြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်များသည် ငါးမုတ်များအပါအဝင် ဒေသထွက် ရေထွက်ကုန်များကို ဝယ်ယူပြီး စနစ်တကျစစ်ဆေး သန့်စင်ကာ ရန်ကုန်ဈေးကွက်သို့ အဓိက တင်ပို့ရောင်းချလျက်ရှိကြောင်း၊ ငါးမုတ်တစ်ပိဿာလျှင် ငွေကျပ် ၁၉၅၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

ကျော်ကျော်လင်း

# ဒေးဒရဲမြို့နယ် ဒေါင့်ကြီးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

ဒေးဒရဲ ဇူလိုင် ၂၅

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဒေးဒရဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဒေါင့်ကြီးကျေးရွာအုပ်စု ဒေါင့်ကြီးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေးခြင်းကို ဇူလိုင် ၂၄ ရက်က အဆိုပါ ကျေးရွာ အုပ်ချုပ်ရေးမှူးရုံး၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဒေးဒရဲမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးအေးသန့်က မြစိမ်းရောင်ကျေးရွာစီမံကိန်း လက်စွဲစာစောင်ပါအကြောင်းအရာများ၊ ရရှိလာမည့် အကျိုးကျေးဇူးများ၊ အတိုးအရင်းနှင့် စီမံကိန်းစက်ဝန်းကာလ သတ်မှတ်ချက်များ၊ ကျေးလက်နေပြည်သူများ ထားရှိရမည့် ကျေးရွာစိတ်ဓာတ်များနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ၊ နည်းဥပဒေပါ ကျေးလက်နေပြည်သူများ၏ တာဝန်နှင့် ရပိုင်ခွင့်များကို အသေးစိတ်ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်း တာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း ဆောင်ရွက်ရခြင်းကြောင့် မိသားစုဝင်ငွေတိုးလုပ်ငန်းများ ဆောင်ရွက်နိုင်ခြင်း၊ အတိုးရငွေများဖြင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ခြင်း စသည့်စီမံကိန်းအကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၄၁၁ ဒသမ ၅ သိန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များက ဒေါင့်ကြီးကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၁၁၅ ဦးကို ငွေကျပ် ၂၆၄ ဒသမ ၅ သိန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၁၈ ဦးကို ငွေကျပ် ၂၃ ဒသမ ၄ သိန်း၊ ရေလုပ်ငန်းလုပ်ကိုင်သူ ၁၂ ဦးကို ငွေကျပ် ၁၆ ဒသမ ၁ သိန်း၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ ၂၆ ဦးကို ငွေကျပ် ၃၃ ဒသမ ၈ သိန်း၊ အခြားလုပ်ငန်းလုပ်ကိုင်သူ ၆၇ ဦးကို ငွေကျပ် ၇၃ ဒသမ ၇ သိန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၂၃၈ ဦးကို စီမံကိန်းရန်ပုံငွေကျပ် ၄၁၁ ဒသမ ၅ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

တေဇာလင်း

# သနပ်ပင်မြို့နယ် ကလိုင်ကျေးရွာ၌ ဂဝံမြေလမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

သနပ်ပင် ဇူလိုင် ၂၅

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် သနပ်ပင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကလိုင်ကျေးရွာအုပ်စု ကလိုင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းအတိုးရငွေဖြင့် ကျေးရွာတွင်း ဂဝံမြေလမ်းခင်းခြင်းလုပ်ငန်း ရာနှုန်းပြည့်ပြီးစီးမှုအခြေအနေများကို ဇူလိုင် ၂၄ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သနပ်ပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ကေသီထွန်းနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး ကော်မတီဝင်များနှင့်အတူ ကလိုင်ကျေးရွာ၌ ကျေးရွာတွင်း ဂဝံမြေလမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဒေါ်ကေသီထွန်းက လမ်းရေရှည်တည်တံ့ခိုင်မြဲစေရေး ကျေးရွာသူ၊ ကျေးရွာသားများက ဝိုင်းဝန်းထိန်းသိမ်းကြစေလိုကြောင်း ဆွေးနွေးပြောကြားသည်။

အဆိုပါ ကလိုင်ကျေးရွာ၌ လမ်းအရှည် ၈၆၅ ပေ၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကျေးရွာတွင်း ဂဝံမြေလမ်းခင်းခြင်းလုပ်ငန်းကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေမှ ငွေကျပ် ၁၇၆ သိန်း အသုံးပြုကာ မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများက အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် ယခုနှစ်ဇူလိုင်လ ပထမပတ်မှ စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

နွံ့ယဉ်

ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ရန်

နှာချေ ချောင်းဆိုးရာတွင် ပါးစပ်နှင့် နှာခေါင်းတို့ကို ပဝါ တစ်ရှူးတို့ဖြင့် လုံအောင်ဖုံးအုပ်ပါ (သို့မဟုတ်) တံတောင်ဆစ်ကွေးနှင့် ဖုံးအုပ်ပြီး နှာချေချောင်းဆိုးပါ။



# ဆောင်ဓားတစ်လက် ပျားတစ်စက်

မြင်းမူမောင်နိုင်မိုး

ကျွန်တော့်အဖေသည် ခေတ်ပညာ၊ အတန်းပညာတွေကို ပြီးဆုံးအောင် မသင်ခဲ့ရရုံမျှမက လုံးဝပင် အတန်းကျောင်းကို နေခဲ့ဖူးသူမဟုတ်ချေ။ သို့သော်လည်း အဖေသည် ရွာဦးဘုန်းတော်ကြီးကျောင်းမှာတော့ ဆရာတော်သင်ကြားပေးသမျှ စာများကို ကောင်းစွာလိုက်နာသင်ယူခဲ့ဖူး၏။

ထို့ပြင် အဖေသည် စာရေး၊ စာဖတ်၊ ကဗျာစပ်၊ စာစပ်ခြင်းအမှုတွင် ဝါသနာကြီးလှသည်။ အဖေ၏အဖေ ကျွန်တော့်အဘိုး ဦးအောင်ပွင့်သည် သူ့ခေတ်သူ့အခါက လူသိများထင်ရှားလှသော ရုပ်သေးမင်းသမီး ရွှေခြေကျဉ်းဟူ၍ နာမည်ကြီးလှသည်။ အဘိုးသည် ရုပ်သေးမင်းသမီးအဖြစ် အပြောအဆိုအငို အလွန်ကောင်းလှသည်ဟု ဦးကြီး၊ ဒေါ်ကြီးများက ပြောကြသည်ကို အမှတ်ရမိပါသည်။

အဖေသည် ပုံတိုပတ်စများနှင့် စကားပြောကောင်းခြင်း၊ ကာရန်နဘေများဖြင့် ကဗျာစပ်ခြင်း၊ စာစပ်ခြင်းများကို အဘိုးထံမှ အမွေရခဲ့သည်ထင်ပါ၏။ အဖေ့ထံမှ မှတ်လောက်သားလောက်သော စကားများကို ကျွန်တော်မကြာခဏ ကြားနာမှတ်သားခဲ့ဖူးပါသည်။ **"မျိုးစေ့မမှန်၊ ပင်မသန်၊ ဖူးတံငုံကင်း၊ အသီးဖျင်းသတဲ့ကွ။ လူမှာလဲ ဒီအတိုင်းပဲ။ စရိုက်ဗီဇကောင်းဖို့လိုတယ်။ မျိုးရိုးဗီဇ မှန်ဖို့လိုတယ်"**

**"မြို့သူဆန်းတော့ ဇွန်းဖျားလောက်။ တောသူဆန်းတော့ အိုးလုံးမှောက်တဲ့မောင်ရေ။ ဆန်းချင်တဲ့သူက ဘယ်နေရာမှာနေနေ ဆန်းကြတာပဲ"**

"လူပြောမသန် လူသန်မပြောတဲ့။ အလုပ်ထက်အပြောသာလွန်တဲ့ လူကို ဝေးဝေးကရှောင်ရမယ်"

ထိုသို့မှတ်သားဖူးသော စကားများအနက် အကြောင်းတိုက်ဆိုင်၍ တင်ပြလိုသော စကားတစ်ခွန်းရှိသည်။

"ငါ့သား မှတ်ထားကွဲ့။ တိုကောက်ချိုကောက်၊ ထိုနှစ်ယောက် ချိုကောက်အမှန် စိတ်ဖောက်ပြန်တဲ့။ လောကမှာ နှုတ်ချိုပြီး ဝမ်းတွင်းကောက်တတ်တဲ့လူကို ချိုကောက်လို့ခေါ်တယ်။ နှုတ်ဖျားက စကားအပြောအဆိုတိုတောင်းပြီး စိတ်တိုတတ်၊ စိတ်ကောက်တတ်တဲ့လူကို တိုကောက်လို့ခေါ်တယ်"

"တိုကောက် ကောက်တတ်တဲ့လူဟာ ပြောပြီးဆိုပြီးရင် ပြီးသွားတတ်ပေမဲ့ ချိုကောက် ကောက်တတ်တဲ့လူကိုတွေ့ရင်တော့ သတိထား ငါ့သားရေ။ သူက သူတစ်ပါးကို အငြိုးအတေးထားတတ်တယ်။ သူနိုင်တဲ့အကွက်ထဲကို ရောက်သွားရင် ကောင်းကောင်း ဒုက္ခပေးတတ်တယ်"

အဖေ့စကားများမှာ တန်ဖိုးရှိလှသည်။ ငယ်ငယ်တုန်းကတော့ "အဖေကလဲဘာမှန်းလဲမသိ၊ စကားတစ်ခွန်းတစ်ခွန်းပြောရင် လိုရင်းကိုမရောက်နိုင်ဘူး၊ လေသိပ်ရှည်တာပဲ"ဟု ကွယ်ရာမှာ အဖေ့ကိုပြစ်မှားခဲ့ဖူးသည်။ တကယ်တော့အဖေ့စကားတွေက တကယ့်ဘဝအတွေ့အကြုံတွေထဲက ရလာတဲ့အနှစ်သာရရှိလှတဲ့စကားတွေပါ။

အချိန်တန်အရွယ်ရောက်၍ လူလားမြောက်သည့်အချိန်မှာတော့ အဖေပြောတဲ့ နှုတ်ချိုပြီး နှလုံးသားမချိုသာသောသူတွေ များစွာရှိသည်ကို တွေ့ရှိခဲ့ရလေသည်။

မိမိနှင့် ခင်မင်ရင်းနှီးလှသော သူငယ်ချင်းတစ်ယောက်က သူ့အတွေ့အကြုံကို ပြောပြသည်။ သူသည် ကုမ္ပဏီလုပ်ငန်းတစ်ခုမှာ ညွှန်ကြားရေးမှူး အဆင့်ခန့်အပ်ထားခြင်းခံရသူဖြစ်၏။

"သူငယ်ချင်းရာ၊ ငါတို့ဆရာကြီးက စကားပြောလဲချိုပါရဲ့။ ဆက်ဆံရေးလဲ ညက်ညောပါရဲ့။ ဒါပေမဲ့ အငြိုးအတေးတော့ သိပ်ကြီးတာကွ။ သူ့စိတ်နဲ့အခန့်သင့်ရင် အဲဒီလူကို ပစားပေးချီးမြှောက်သလောက်၊ သူ့စိတ်နဲ့ အခန့်မသင့်ရင်၊ သူ့ကိုကြောတယ်လို့ထင်ရင်တော့ အဲဒီလူ မသက်သာဘူးဟေ့။ သွားရော့လဟယ်၊ သေဟဲ့နန္ဒိယဆိုတဲ့အတိုင်းပဲ"

**❖ သူငယ်ချင်းက ရယ်ကာမောကာဖြင့် သူတို့ကုမ္ပဏီ၏ အထက်လူကြီးအကြောင်းကို ပြောပြနေသည်။ ကျွန်တော့်မျက်စိထဲမှာလည်း နှုတ်ခမ်းဖျားမှာ ပျားရည်ဆမ်းထားသော်လည်း နှလုံးသားကတော့ ဓားထက်ထက်လို တလက်လက်တောက်ပနေသူအချို့ကို မြင်ယောင်နေမိပါသည်။ အချို့သောသူတို့သည် လူမှုဆက်ဆံရေးနယ်ပယ်တွင် ချိုသာညက်ညောသော အပြောအဆို၊ နှစ်လိုဖွယ်သော အမူအရာဟန်ပန်တို့ဖြင့် တကယ့်လူယဉ်ကျေးတစ်ယောက်အသွင် သရုပ်ဆောင်ထင်ဟပ်ပြတတ်ကြပါသော်လည်း အတွင်းမနောက မချိုမြချေ။ မချိုမြရုံမချိုမြလျှင် တော်ပါသေး၏။ တမာခါးခါးလို ခါးသက်ခြင်းအတိ ပြည့်နေသူများလည်းရှိပါ၏။ ❖**

သူငယ်ချင်းက ရယ်ကာမောကာဖြင့် သူတို့ကုမ္ပဏီ၏အထက်လူကြီးအကြောင်းကို ပြောပြနေသည်။ ကျွန်တော့်မျက်စိထဲမှာလည်း နှုတ်ခမ်းဖျားမှာ ပျားရည်ဆမ်းထားသော်လည်း နှလုံးသားကတော့ ဓားထက်ထက်လို တလက်လက်တောက်ပနေသူအချို့ကို မြင်ယောင်နေမိပါသည်။

အချို့သောသူတို့သည် လူမှုဆက်ဆံရေးနယ်ပယ်တွင် ချိုသာညက်ညောသော အပြောအဆို၊ နှစ်လိုဖွယ်သောအမူအရာဟန်ပန်တို့ဖြင့် တကယ့်လူယဉ်ကျေးတစ်ယောက်အသွင် သရုပ်ဆောင်ထင်ဟပ်ပြတတ်ကြပါသော်လည်း အတွင်းမနောကမချိုမြချေ။ မချိုမြရုံ မချိုမြလျှင်တော်ပါသေး၏။ တမာခါးခါးလို ခါးသက်ခြင်းအတိ ပြည့်နေသူများလည်းရှိပါ၏။

"နှုတ်ချို သျှိုတစ်ပါး"၊ "နှုတ်ကောင်းလျှင် ပြည်စိုး"ဟူသောစကားများရှိပါသည်။ တကယ်တော့ဖြင့် နှုတ်လည်းချိုသင့်သည်။ နှလုံးသားလည်းချိုသင့်ပါသည်။ မိမိနှင့်သဘောထားအယူအဆမတူရုံမျှဖြင့် တစ်ဖက်သားကို တေးမှတ်ထားခြင်း၊ အခွင့်သာလျှင် ထိုးနှက်တိုက်ခိုက်ခြင်းသည် ယဉ်ကျေးသူတို့၏ အပြုအမူမဟုတ်ပါချေ။ မယဉ်ကျေးရုံသာမက ရိုင်းပျသော၊ ရုန့်ရင်းသောအပြုအမူပင်ဖြစ်သည်ဟု ဆိုရမည်သာဖြစ်သည်။

ယနေ့တိုင် ထင်ရှားကျော်ကြားလှသော စာရေးဆရာမကြီးတစ်ဦး မကြာခဏ ရေးဖွဲ့တတ်သည့် အရေးအသားလေးကို သတိရမိသည်။

**"လူဆိုတာ ကိုယ့်အတွက်တော့ တစ်ကွက်ချန်တတ်ကြတာချည်းပါပဲ"...တဲ့။**

အမှန်တော့ တစ်ကွက်ချန်တတ်သော လူများရှိသလို တစ်ကွက်မှမချန်ဘဲ အရိုးခံသဘာဝအတိုင်း နေတတ်ထိုင်တတ် ပြောဆိုတတ်သောသူများလည်း ရှိပါသည်။

တစ်ခုတော့ဖြင့်ရှိပါ၏။ လူ့လောကမှာ လူရယ်လို့ ဖြစ်လာပြီဆိုလျှင် ပတ်ဝန်းကျင်ကိုလည်း အမှန်အတိုင်းရှုမြင်သုံးသပ်နိုင်စွမ်းရှိရန်လိုသည်။ မိမိကိုယ်ကိုလည်း အမှန်အတိုင်းရှုမြင်သုံးသပ်နိုင်စွမ်းရှိရန်လိုသည်။ သူတစ်ပါးအပြစ်တွေ၊ သူတစ်ပါး၏ အမှားတွေကိုမြင်တတ်၊ ပြောတတ်ပြီး မိမိ၏အမှား မိမိ၏အပြစ်များကိုတော့ ဖော့နိုင်သလောက်ဖော့၊ လျှော့နိုင်သလောက်လျှော့ပြီး မသိကျိုးကျွံပြုမူမည်ဆိုလျှင်တော့ ဖြောင့်မတ်မှန်ကန်သူတစ်ဦး ဖြစ်နိုင်ဖွယ်ရာ အကြောင်းမရှိပါချေ။ မည်သို့ပင်ရှိစေကာမူ လူဆိုသည်မှာ အသိုင်းအဝိုင်းနှင့် ပတ်ဝန်းကျင်နှင့်စုဖွဲ့နေထိုင်ရသည်သာဖြစ်၏။

မိမိအကျိုးအတွက် ကြည့်ရမည်ဖြစ်သလို အခြားသူတစ်ပါးတို့ အကျိုးအတွက်လည်း ကြည့်ရပေလိမ့်မည်။ တစ်နည်းအားဖြင့် လောကကောင်းကျိုးကို သယ်ပိုးဆောင်ရွက်နိုင်ပါမှ လူဖြစ်ရကျိုးနပ်သူဖြစ်ပေလိမ့်မည်။

ထိုသို့ဖြစ်စေရန်အတွက် နှုတ်အပြောအဆိုချိုသာရန်လိုသလို နှလုံးသားလည်းဖြူစင်မှုရှိရန်လိုပေသည်။

ရှေ့တစ်မျိုး ကွယ်ရာတစ်မျိုး ပြုမူပြောဆိုတတ်ခြင်းသည် မိမိတန်ဖိုးကို မိမိကိုယ်တိုင်နှိမ့်ချခြင်းပင် ဖြစ်ပေသည်။

အထူးသဖြင့် နှုတ်ခမ်းဖျားတွင် ပျားရည်လိမ်းကျံလျက် နှလုံးသားတွင်မူ သူတစ်ပါးကို ထိုးခုတ်ဖြတ်တောက်ရန် ဆောင်ဓားတစ်လက် သို့ဝှက်သိမ်းဆည်းထားမည်ဆိုလျှင် ထိုသူသည် သူတော်ကောင်းမဖြစ်၊ လူကောင်းလည်းမဖြစ်နိုင်ပါချေ။ သူတော်ကောင်းမဖြစ်လူကောင်းမဖြစ်မှတော့ ဘာများဖြစ်နိုင်ပါမည်နည်း။ စဉ်းစားကြည့်လျှင်သိနိုင်သည်မို့ စာရေးသူကျွန်တော့်အနေနှင့် အဖြေထုတ်မပေးလိုပါချေ။

ဤသို့ဖြင့်ပင် ကျွန်တော်သည် ငယ်စဉ်ကာလက အဖေဆုံးမခဲ့သောစကားများကို ပြန်လည်သတိရ တမ်းတရင်း အောက်ပါကဗျာတစ်ပုဒ်ကို ရေးဖွဲ့ခဲ့မိပါတော့သည်။

**ဆောင်ဓားတစ်လက် ပျားတစ်စက်**

- တိုကောက် ချိုကောက် ထိုနှစ်ယောက်တွင်
  ချိုကောက်သည်သာ ကြောက်စရာဟု
  ငယ်ခါ မွေးဖ တဖွဖွနှင့်
  ဆုံးမသတိပေးခဲ့၏။
- အဖေဆုံးမ စကားလှကို
  ကြားရထပ်ထပ် ရှိပေလတ်လည်း
  အမှတ်တမဲ့ နေမိခဲ့၏။
  တကယ့်ဘဝ လူ့လောကတွင်
  ကြုံရသည့်ခါ အံ့စရာပင်
  မာယာနှုတ်ခမ်း ပျားရည်ဆမ်းလျက်
  ဝမ်းတွင်းသိုဝှက် စားလက်လက်ဖြင့်
  ရက်စက်စွာကို ချေမှုန်းလိုကြ
  ကိုယ်နှင့်ခွန်အား မမျှငြားလည်း
  သနားမဖက် နိုင်ချင်ကြက်သို့
  အမျက်သိုမှီး အတ္တမီးနှင့်
  အားကြီးသူတွေ မြင်ရလေမှ
  အဖေပြောကြား တစ်ရုံသားက
  စကားအနှစ် တရားစစ်ကို
  သားချစ်သတိရမိ၏။
- မိမိမှာမူ တစ်ပါးသူကို
  ထပ်တူကိုယ်နှင့် စာနာချင့်၍
  ခွင့်ရေးရှိလျှင် ဖေးမချင်၏
  ငြိငြင်ခဲ့သော ဖြူသဘောဖြင့်
  ပြောစရာရှိ ပြောခဲ့ဘိ၏
  ပြုံးစရာရှိ ပြုံးခဲ့ဘိ၏
  ပေးစရာရှိ ပေးခဲ့ဘိ၏
  ရှိရင်းနဂို စိတ်ရင်းကိုလျှင်
  ချိုအောင်သရုပ် ဟန်မလုပ်ဘဲ
  တုတ်ထိုးအိုးပေါက် လိုရင်းရောက်အောင်
  မကောက်မစောင်း ဆိုတတ်ကြောင်းမို့
  ချိုပျောင်းသည့်ခါ ချိုပျောင်းပါလိမ့်
  တိုတောင်းသည့်ခါ တိုတောင်းပါလိမ့်
  သေချာသည်ကား နှလုံးသားဝယ်
  ဆောင်ဓားမသိုဝှက်ခြင်းတည်း။
- ဩော်...ဆောင်ဓားတစ်လက်
  ပျားတစ်စက်ဖြင့်
  ခါးသက်ခြင်းကို မာယာပိုကာ
  ချိုအောင်အတု ဟန်ဆောင်ပြုလျက်
  လူမှုဝန်းကျင် လူ့ရပ်ခွင်ဝယ်
  တွင်ကျယ်လှုပ်ရှား နေသူများနှင့်
  ရှောင်ရှားမရ ကြုံဆုံရတိုင်း
  ငယ်ကဖအို ဆုံးမဆိုသည့်
  တိုကောက်ချိုကောက်
  ထိုနှစ်ယောက်၏
  ကောက်ကြောင်းဖော်ကာ ရုပ်ပုံလွှာကို
  မာယာစစ်တမ်းထုတ်မိတကား။ ။

**မှတ်ပုံတင်မော်တော်ယာဉ်များအားလုံး ယာဉ်စစ်ဆေးပြီးမှသာ ယာဉ်မှတ်ပုံတင်လုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာ**

၁။ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် မှတ်ပုံတင်ထားသည့် မော်တော်ယာဉ်များအနက် Road Safety အရေးကြီးသည့် အများပြည်သူသယ်ယူပို့ဆောင်ရေးခရီးသည်တင်ယာဉ်များ၊ ယာဉ်မှန်၊မမှန် စစ်ဆေးခြင်း၊ ပြောင်းလဲခြင်းများအတွက် ယာဉ်စစ်ဆေးခြင်း၊ နယ်ဝင်ယာဉ်များကို စစ်ဆေးခြင်းတို့နှင့်အကျုံးဝင်သည့်ယာဉ်များ၊ Taxi အငှားယာဉ်များ၊ School Bus ယာဉ်များနှင့် နှစ်တန်နှင့်အထက် အငှားယာဉ်များကို ယာဉ်စစ်ဆေး၍ သက်တမ်းတိုးဆောင်ရွက်ပေးလျက်ရှိသည်။

၂။ ယခုအခါယာဉ်များကြံ့ခိုင်မှုကောင်းမွန်စေရေးနှင့် အများပြည်သူဆိုင်ရာလမ်းများပေါ်တွင် အန္တရာယ်ကင်းစွာသွားလာနိုင်ရေးအတွက် မှတ်ပုံတင်မော်တော်ယာဉ်များအားလုံးကို ၁-၁-၂၀၂၅ ရက်မှစ၍ ယာဉ်သက်တမ်းတိုးခြင်းအပါအဝင် ယာဉ်မှတ်ပုံတင်လုပ်ငန်းများအတွက် ယာဉ်စစ်ဆေးပြီးမှသာ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**

# ချစ်စရာ့အရွယ် စာဖတ်မယ်

ကလေး စာပေကဏ္ဍ

## နွားညီနောင်နဲ့ ဝက်ကလေး

ကလေးတို့ရေ ဒီတစ်ပတ် ဦးဦးပြောပြမဲ့ ပုံပြင်လေးကတော့ **"နွားညီနောင်နဲ့ ဝက်ကလေး"** ဆိုတဲ့ ပုံပြင်လေးပဲဖြစ်ပါတယ်ကွယ်။

ဟိုး ရှေးရှေးတုန်းက ရွာတစ်ရွာမှာ ပစ္စည်းဥစ္စာ ကြွယ်ဝချမ်းသာတဲ့ လယ်ရှင်ကြီးတစ်ယောက်ရှိသတဲ့။ အဲဒီလယ်ရှင်ကြီးဟာ ချောမောလှပတဲ့ သမီးလေးတစ်ယောက်ကိုလဲ ပိုင်ဆိုင်ထားသတဲ့ကွယ်။


လယ်ရှင်ကြီးရဲ့ သမီးရတနာလေးကို ချစ်ခင်စုံမက်တဲ့သူတွေကလဲ အများအပြားရှိနေတာပေါ့ကွယ်။ လယ်ရှင်ကြီးနဲ့ဂုဏ်ရည်တူ သူဌေးသူကြွယ်တွေကလဲ သူတို့ရဲ့သားနဲ့ လယ်ရှင်ကြီးရဲ့ သမီးလေးကို နေရာချထိမ်းမြားပေးဖို့ ကမ်းလှမ်းကြသတဲ့။ ဒါပေမဲ့ လယ်ရှင်ကြီးက ပြေလည်အောင်ပြောပြီး အချိန်ဆွဲထားသတဲ့။ သင့်တော်တဲ့သူတွေ့မှသာ လက်ထပ်ပေးဖို့ စိတ်ကူးထားခဲ့တာပေါ့။ အဲဒီလိုနဲ့ပဲ လယ်ရှင်ကြီးဟာ မိမိရဲ့လယ်ယာလုပ်ငန်းကိုပဲ တစိုက်မတ်မတ်လုပ်ဆောင်ခဲ့သတဲ့။

လယ်ရှင်ကြီးရဲ့အိမ်နောက်က တဲကလေးထဲမှာတော့ ခွန်အားဗလပြည့်စုံပြီး လှပတဲ့နွားညီနောင်နဲ့ ဝက်ကလေးတစ်ကောင်ကို မွေးမြူထားသတဲ့။ နွားအစ်ကိုကြီးရဲ့နာမည်က မဟာလောဟိတဖြစ်ပြီး နွားညီလေးရဲ့နာမည်ကတော့ စူဠလောဟိတလို့ လယ်ရှင်ကြီးက အမည်ပေးထားသတဲ့။ ဝက်ကလေးရဲ့ နာမည်ကတော့ သာလူကလို့ အမည်ပေးထားခဲ့သတဲ့။ နွားညီနောင်နေထိုင်တဲ့ တဲကလေးထဲမှာ သာလူကဆိုတဲ့ ဝက်ကလေးကောနေရတာမို့ တစ်ကောင်နဲ့တစ်ကောင် နေ့တိုင်းတွေ့မြင်နေရတာပေါ့ကွယ်။ လယ်ရှင်ကြီးရဲ့ အခိုင်းအစေတွေ လာကျွေးတဲ့ အစားအစာတွေကိုလဲ ဘယ်သူ့ကို ဘယ်အစားအစာကျွေးတယ်ဆိုတာ မြင်နေတွေ့နေရတာပေါ့ကွယ်။

လယ်ရှင်ကြီးရဲ့အခိုင်းအစေတွေက နွားညီနောင်ကို မြက်ကျွေးတယ်။ ကောက်ရိုးခြောက်ကျွေးတယ်။ တစ်ခါတလေကျတော့ ဖွဲနဲ့ရောထားတဲ့ ပြောင်းရိုးတို့၊ မြက်ခြောက်တို့ကို ကျွေးတယ်။

အဲဒါကိုမြင်တဲ့ ဝက်ကလေးက "နွားညီနောင် သင်တို့က ဝေးလံတဲ့လယ်ထဲ၊ ကိုင်းထဲကိုသွားရတယ်။ နေပူထဲမှာ ပင်ပန်းကြီးစွာလုပ်ရတယ်။ ကျွန်ုပ်ကတော့ မပင်ပန်းဘူး။ အစားအစာကောင်းတွေကိုစားရပြီး သက်သောင့်သက်သာရှိတယ်။ သင်တို့ကတော့ ပင်ပန်းတဲ့အလုပ်ကိုလုပ်ရသလို အရသာမပြည့်စုံတဲ့ မြက်တွေကိုလဲ စားရတယ်။ သင်တို့ကိုကြည့်ပြီး ကျွန်ုပ်စိတ်မချမ်းသာလိုက်တာ"လို့ ပြောတာပေါ့။

အဲဒီစကားကိုကြားတော့ နွားညီလေးဖြစ်တဲ့ စူဠလောဟိတက စိတ်မကောင်းဖြစ်ရှာတာ



ပေါ့ကွယ်။ ဝက်ကလေး သာလူကကို လာကျွေးတိုင်း ငေးပြီးကြည့်နေခဲ့ရသတဲ့။ လယ်ရှင်ကြီးရဲ့ အစေခံတွေကလဲ သာလူကဝက်ကလေးကို လူတွေစားပြီးသား အကြွင်းအကျန်မှန်သမျှကျွေးတာပေါ့။ အဲဒါကို အမြဲတမ်းမြင်နေရတဲ့ နွားညီလေး စူဠလောဟိတက အစ်ကိုဖြစ်သူ မဟာလောဟိတကို "အစ်ကိုကြီး ကျွန်တော်တို့ဟာ လယ်ရှင်ကြီးရဲ့ အကျိုးစီးပွားတိုးတက်အောင် နေပူမရှောင်၊ မိုးရွာမရှောင် လယ်ထဲကိုင်းထဲမှာ ပင်ပင်ပန်းပန်း လုပ်ကိုင်ပေးရပြီး ကျွေးတဲ့အခါကျတော့ မြက်တို့ကိုသာကျွေးတယ်။ သာလူကဝက်ကိုတော့ သက်သောင့်သက်သာထားပြီး စားကောင်းသောက်ဖွယ်တွေနဲ့ ကျွေးမွေးထားတယ်"လို့ ပြောသတဲ့။

အဲဒီအခါ အစ်ကိုကြီး မဟာလောဟိတက အများကြီးပြန်မပြောဘဲ စူဠလောဟိတကို "ညီငယ် ကိုယ်နဲ့သင့်တင့်တဲ့အနေအထိုင် အစားအသောက်တို့သာ သင့်မြတ်ပါပေတယ်။ ညီငယ်စောင့်ကြည့်ပါအုံး"လို့ဆိုသတဲ့။ အစ်ကိုကြီး မဟာလောဟိတ စကားကြောင့် ညီဖြစ်သူစူဠလောဟိတမှာ ဘာမှပြန်မပြောတော့ဘဲငြိမ်နေသတဲ့။ သာလူကဝက်ကလေးကတော့ စားကောင်းသောက်ဖွယ်တွေ စားပြီး တစ်နေ့တစ်နေ့ ဝဖြိုးလာတာပေါ့ကွယ်။

တစ်နေ့မှာတော့ အချိုးအကွေ့၊ အလှည့်အပြောင်းလေးတစ်ခုဖြစ်လာသတဲ့။ လယ်ရှင်ကြီးရဲ့ အိမ်မှာ လူပရိသတ်စုံစုံညီညီနဲ့ ပွဲကြီးတစ်ပွဲကျင်းပသတဲ့။ နွားအစ်ကိုကြီး မဟာလောဟိတကတော့ လယ်ရှင်ကြီးရဲ့သမီးလှရတနာလေးအတွက် ခမ်းနားလှပလွန်းတဲ့ မင်္ဂလာပွဲကြီးကျင်းပတယ်ဆိုတာ သိထားတာပေါ့။

အဲဒီအချိန်မှာပဲ တဲထဲမှာ အခံ့သားထားထားတဲ့ ဝဝဖြိုးဖြိုး သာလူကဝက်ကလေးကို ဖမ်းခေါ်သွားပြီး သတ်ဖြတ်လိုက်ကြသတဲ့။ အားလုံးကို မြင်လိုက်ရတဲ့ နွားညီလေးစူဠလောဟိတက အလွန်ပဲကြောက်ရွံ့သွားတာပေါ့ကွယ်။ အဲဒီအခါ စူဠလောဟိတက "အစ်ကိုကြီး သာလူကဝက်ကို မင်္ဂလာပွဲ ကျွေးမွေးဖို့ ဖမ်းဆီးသတ်ဖြတ်လိုက်ကြတယ်" လို့ ပြောတဲ့အခါ အစ်ကိုကြီး မဟာလောဟိတက "ဟုတ်တယ် ညီတော်။ သာလူကကို မွေးထားတာကလဲ လယ်ရှင်ကြီးရဲ့သမီး လက်ထပ်မင်္ဂလာပွဲ ကျင်းပတဲ့အခါ အသားအဖြစ်ကျွေးမွေးဖို့ စီမံထားခဲ့တာပဲ။ အဲဒါကြောင့် ခန္ဓာကိုယ်ဝဖြိုးအောင် စားကောင်းသောက်ဖွယ်အစုံနဲ့ ပြုစုကျွေးမွေးထားခဲ့တာပေါ့"လို့ ရှင်းပြတာပေါ့။

ဒီစကားကိုကြားတဲ့အခါ စူဠလောဟိတ ပိုပြီးကြောက်သွားရသလို အတုမယူသင့်တာကို အတုယူချင်စိတ်၊ အားမကျသင့်တာကို အားကျနှစ်သက်တဲ့စိတ်၊ မိမိဘဝနဲ့သင့်တင့်တဲ့ အနေအထိုင် အလုပ်အကိုင်အစားအသောက်တို့ကို အထင်သေးတဲ့စိတ်တွေကြောင့် နောင်တကြီးစွာရလိုက်သတဲ့။

နောက်ရက်တွေမှာတော့ မဟာလောဟိတနဲ့ စူဠလောဟိတတို့က လယ်ရှင်ကြီးရဲ့ အလုပ်တွေကို တက်ညီလက်ညီနဲ့ ကြိုးစားလုပ်ကိုင်ပေးသတဲ့။ လယ်ရှင်ကြီးကလဲ နှစ်သက်သဘောကျပြီး နွားညီနောင်ကို အလုပ်ကပြန်ရောက်တာနဲ့ မြက်နု၊ ပြောင်းနုကို ကျွေးစေတယ်။ ရေကိုလဲ ဖွဲနုနဲ့ရောပြီး ကောင်းမွန်စွာကျွေးမွေးစေတယ်။ ဒါကြောင့် နွားညီနောင်တို့က အရင်ထက် လှပတဲ့ခန္ဓာကိုယ်ကို ပိုင်ဆိုင်လာရတာပေါ့ကွယ်။ ဒီလိုနဲ့ပဲ လယ်ရှင်ကြီးရဲ့ အိမ်မှာ အသက်ရှည်ကျန်းမာစွာ နေထိုင်သွားခဲ့ရသတဲ့ကွယ်။

ကလေးတို့ရေ ပုံပြင်လေးကတော့ ဒါပါပဲကွယ်။ ကလေးတို့လဲ ဒီပုံပြင်လေးကိုဖတ်ကာ မိမိကတိုးတက်ရာလမ်းကြောင်းကိုသွားတဲ့အခါ အတုယူမမှားဖို့၊ ကိုယ့်ကိုယ်ကိုယ် မာန်မာနတွေ မထားဖို့၊ မကြွားဝါဖို့၊ မိမိနဲ့သင့်တင့်တဲ့ အနေအထိုင် အပြောအဆိုအပြုအမူတွေနဲ့ ယဉ်ကျေးသိမ်မွေ့စွာ နေထိုင်ပြီး အနာဂတ်ကို ထုဆစ်ပုံဖော်နိုင်ဖို့ လိုပါတယ်ကွယ်။

**ကိုမျိုး(ပွင့်ဦး)**

## ငှက်တေးသဘင်ပွဲ

- ချိုးကလေးက သံချိုချို
  တကူ ကူး ကူး ဆို။

- စာကလေးဆို ကျိကျိကျိ
  အေးချမ်းလိုက်ပါဘိ။

- ငှက်ကလေးတို့ တေးသံစဉ်
  ဂီတပြိုင်ပွဲဝင်။

- သူ့ထက်ငါပင် အပြိုင်နွှဲ
  ငှက်တေးသဘင်ပွဲ
  အေးငြိမ့်သာယာမြဲ။ ။



**သုတလင်း(ဆင်ပေါင်ဝဲ)**

## မြန်မာ့ကျောင်းဝတ်စုံ

- နှလုံးသားတို့ ဖြူစင်ကြယ်
  စိတ်ဓာတ်လည်းဖြူတယ်။

- အင်္ကျီကကွယ် ဖြူလွလွ
  လိုက်ဖက်တင့်တယ်လှ။

- လုံချည်စိမ်းက ယဉ်သကို
  လှပစိမ်းစိုစို။

- ကြွယ်ဝခြင်းကို ရည်ညွှန်းလို့
  တက်ကြွလန်းဆန်းဖို့။



**တေးရတု(ညောင်လေးပင်)**

# ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၄၅၆၈ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်



ပွင့်ဖြူ ဇူလိုင် ၂၅

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၄၅၆၈ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၆၀၆၁ ကေ စိုက်ပျိုးရန် လျာထားပြီး ယခုနှစ်မေလပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၄၅၆၈ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ပွင့်ဖြူမြို့နယ်မှာ မြေပဲ ၆၀၆၁ ကေ စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ၄၅၆၈ ကေ စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားကေ ပြည့်မီအောင်စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်နေပါတယ်။ မြေပဲစိုက်ကေတွေ တိုးချဲ့စိုက်ပျိုးနိုင်ဖို့၊ အထွက်နှုန်းတွေ ကောင်းမွန်ဖို့၊ GAPနည်းစနစ်တွေနဲ့ စိုက်ပျိုးဖို့အတွက် စိုက်ပျိုးရေးဦးစီးဌာနက ဆောင်ရွက်ပေးနေပါတယ်" ဟု ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောပြသည်။

ပွင့်ဖြူမြို့နယ်တွင် မြေပဲစိုက်တောင်သူများကို စိုက်ပျိုးရေးဦးစီးဌာနက အထွက်နှုန်းနှင့် အရည်အသွေး တိုးတက်ကောင်းမွန်စေရန် မျိုးကောင်းမျိုးသန့်များ ရွေးချယ်စိုက်ပျိုးရေး၊ စိုက်နည်းစနစ်များမှန်ကန်စေရေး၊ ပိုးမွှားရောဂါကင်းရှင်းရေး တောင်သူအသိပညာပေး လုပ်ငန်းများကို ကွင်းဆင်း ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

မြေပဲကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှုကို ဖူလုံစေရုံမျှမက ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် မြေပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းဆောင်ရွက် ကြရမည်ဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောပြ၍ သိရသည်။

ရဲဝင်းနိုင်(ညောင်ဦး)

# ရမည်းသင်းမြို့နယ် သာစည်ကျေးရွာ၌ ခေတ်မီစံပြကျေးရွာ ထူထောင်ရေးစီမံကိန်း မိတ်ဆက်ရှင်းလင်း၍ ကော်မတီဖွဲ့စည်း

ရမည်းသင်း ဇူလိုင် ၂၅


မန္တလေးတိုင်းဒေသကြီး ရမည်းသင်းခရိုင် ရမည်းသင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရွှေဒါးသာစည်ကျေးရွာအုပ်စု သာစည်ကျေးရွာ၌ ခေတ်မီစံပြကျေးရွာ ထူထောင်ရေးစီမံကိန်း (Smart Village) မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ဇူလိုင် ၂၄ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ရမည်းသင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးအေးဝင်းက ခေတ်မီစံပြကျေးရွာထူထောင်ရေး စီမံကိန်း (Smart Village) ၏ ရည်ရွယ်ချက်များ၊ အကောင်အထည်ဖော်မည့် လုပ်ငန်းစဉ်များ၊ ကော်မတီဖွဲ့စည်းရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များနှင့် ကျေးရွာမှ ပူးပေါင်းဆောင်ရွက်ရမည့် အချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်ဦးစီးမှူးနှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများ၊ သာစည်ကျေးရွာမှ ရပ်မိရပ်ဖများနှင့် ကျေးရွာသူ၊ ကျေးရွာသားများက ခေတ်မီစံပြကျေးရွာထူထောင်ရေးစီမံကိန်း ကော်မတီဝင်ခုနစ်ဦးကို အများသဘောဆန္ဒနှင့်အညီ ရွေးချယ် ဖွဲ့စည်းပေးခဲ့ကြောင်း ရမည်းသင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးအေးဝင်းထံမှ သိရသည်။

မောင်ခိုင်

## ဗလငါးတန်ဖွံ့ဖြိုးဖို့ စာအုပ်စာပေဖတ်ကြစို့






## ဖခင်အမည်မှန်

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ လေ့ကျင့်ရေးအလယ်တန်းကျောင်း၊ Grade-3 တွင် ပညာသင်ကြားနေသော မယူမီနားနား၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်အရ **ဦးနော်ဒါး** ဖြစ်ပါကြောင်း။ **ဦးနော်ဒါး(၁/ပတအ(နိုင်)၀၃၃၂၂၇)**

## အမည်မှန်

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ အမှတ်(၂၉)အခြေခံပညာမူလတန်းကျောင်း၊ Grade-5 တွင် ပညာသင်ကြားနေသော (ဘ) ဦးကျော်သူထက်၏သား မောင်အာကာဘုန်းပြည့်အား အိမ်ထောင်စုလူဦးရေစာရင်းအရ **မောင်အာကာလျှမ်းထက်** ဖြစ်ပါကြောင်း။

**မောင်အာကာလျှမ်းထက်**

## ဖခင်အမည်မှန်

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ မျိုးညွန့်ကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade-10 တွင် ပညာသင်ကြားနေသော မရွှေဝတ်လွှာ၏ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ **ဦးစိုးသူအောင်** ဖြစ်ပါကြောင်း။

**ဦးစိုးသူအောင်(၉/ခအဇ(နိုင်)၀၁၈၁၈၃)**

## အမည်ပြောင်း

မြစ်သားမြို့နယ်၊ သပြေတောင်းအခြေခံပညာအထက်တန်းကျောင်း၊ Grade-9 တန်းခွဲ(B)တွင် ပညာသင်ကြားနေသော (ဘ) ဦးအောင်ကြိုင်၏သမီး မအေးစုဝင်းအား အိမ်ထောင်စုလူဦးရေစာရင်းအရ **မနှင်းပွင့်စံ** ဟု အမည်ပြောင်းလဲခေါ်ဆိုပါရန်။ **မနှင်းပွင့်စံ**

## ပျောက်ဆုံးကြောင်း

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ တန့်ယန်းမြို့နယ်၊ အမှတ်(၅) ရပ်ကွက်နေ နန်းမြအုံ (ဘ) ဦးခမ်းလူး(၁၃/တယန(နိုင်)၀၀၀၁၆၈)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **09-693229366**

## အသိပေးအကြောင်းကြားခြင်း

မန္တလေးတိုင်းဒေသကြီး၊ စဉ့်ကိုင်မြို့နယ်၊ ပလိပ်ကျေးရွာအုပ်စု၊ ကားဆိပ်ရပ်နေ ဦးမြင့်ထွန်းမော် (ခ) ဦးတင်ထွန်းထံမှ ဦးအောင်ကျော်ဦး (ဘ) ဦးလှသော်(၁၁/မတန(နိုင်)၀၀၀၃၉၄)သည် ငွေကျပ် သိန်း (၃၈၀)အား ချေးယူပြီး ပြန်လည်ပေးဆပ်နိုင်ခြင်းမရှိသည့်အတွက် ဦးအောင်ကျော်ဦး ရောင်းချခဲ့သည့် ဦးဇော်ဦးနှင့် ဦးမြင့်ထွန်းမော်တို့၏ ဝိုင်းမြေ၏ ကြားပေ (၁၀၀)အား ရက်ပေါင် (၃၀) အတွင်း ပြန်လည်ရယူလိုပါက လာရောက်ဆက်သွယ်ပါရန်နှင့် ရက်ပေါင်း (၃၀) ကျော်လွန်ပါက ဦးအောင်ကျော်ဦးနှင့်ပတ်သက်ခြင်းမရှိတော့ဘဲ ဦးမြင့်ထွန်းမော် လက်ဝယ်ပိုင်ဆိုင်ကြောင်း အသိပေး အကြောင်းကြားအပ်ပါသည်။

**ဦးမြင့်ထွန်းမော် (ခ) ဦးတင်ထွန်း**
**၉/အမရ(နိုင်)၀၁၇၁၃၂**
**ပလိပ်ကျေးရွာအုပ်စု၊ ကားဆိပ်ရပ်။**

## မိခင်အမည်မှန်

စဉ့်ကိုင်မြို့နယ်၊ အထက(ဆည်ရွာ)၊ Grade-10(A)မှ မကျော့ကျော့သီရိစံ၊ Grade-7(A)မှ မရှင်းရှင်းသီရိစံနှင့် Grade-4(A)မှ မောင်ဇော်ထက်နိုင်တို့၏ မိခင်အမည်မှန်မှာ နိုင်ငံသားစိစစ်ရေးကတ်အရ **ဒေါ်စီ** ဖြစ်ပါကြောင်း။

**ဒေါ်စီ(၉/စကတ(နိုင်)၁၁၂၈၆၁)**

## ပျောက်ဆုံးကြောင်း

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ကွတ်ခိုင်မြို့နယ်၊ မန်ပြိန်းကျေးရွာနေ အိုက်ပန် (ဘ) ဦးအိုက်ပေါက်(၁၃/ကခန(နိုင်)၀၉၈၉၁၈)၏ နိုင်ငံကူးလက်မှတ်အမှတ်(MK-123712)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **09-403168084**




"အဂတိပယ်ခွာ ပြည်သာယာ"

Remove Corruption, Promote Prosperity

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက်လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဥပဒေပုဒ်မ ၅၉ အရ အရေးယူခံရနိုင်သည်ကိုလည်း သတိပြုရမည်။

---

## လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျာဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address – accm@accm.gov.mm၊
Website Address – http://www.accm.gov.mm

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။



ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများကို အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများက ဂုဏ်ပြုကြိုဆိုစဉ်။

## နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် စစ်ဆင်ရေးတာဝန်များ ထမ်းဆောင်ခဲ့သည့် ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများကို ဂုဏ်ပြုကြိုဆိုပွဲအခမ်းအနား ကျင်းပ

နေပြည်တော် ဇူလိုင် ၂၅

နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် နယ်မြေလုံခြုံရေးတာဝန်များ ထမ်းဆောင်၍ ပြန်လည်ရောက်ရှိလာသော ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများ ဂုဏ်ပြုကြိုဆိုခြင်းအခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းတွင် ရှမ်းပြည်နယ်(တောင်ပိုင်း) ဆီဆိုင်မြို့ရှိ နယ်မြေခံတပ်ရင်း၌ ပြုလုပ်ရာ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများ၊အရာရှိ၊စစ်သည်၊မိသားစုဝင်များ၊ ဆရာ၊ ဆရာမများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအကအဖွဲ့များနှင့်

စာမျက်နှာ ၁၇ ကော်လံ ၄ ☆


## နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်

နေပြည်တော် ဇူလိုင် ၂၅

ယနေ့နံနက် ၆ နာရီခွဲအချိန် တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းလာနိုင်ခြင်းကြောင့်လည်းကောင်း၊ ဘင်္ဂလားပင်လယ်အော်တွင် လေထုမငြိမ်မသက်မှုများဖြစ်ပေါ်လာနိုင်ခြင်းကြောင့်လည်းကောင်း ဇူလိုင် ၂၆ ရက်မှ ဩဂုတ် ၂ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊

စာမျက်နှာ ၁၇ ကော်လံ ၁ ❖

မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန WRF မော်ဒယ်လ်၏ ဇူလိုင် ၂၄ ရက် မြန်မာစံတော်ချိန် ၆ နာရီခွဲအချိန်ကို အခြေခံတွက်ထုတ်ထားသည့် ဇူလိုင် ၂၆ ရက်မှ ၂၉ ရက်ထိ မိုးရွာသွန်းမှုခန့်မှန်းချက်ပြပုံ။




## ဝါစိုက်ပျိုးထုတ်လုပ်မှုမှ ပြည်တွင်းကုန်ထုတ်လုပ်မှုသို့

ဆောင်းပါး စာမျက်နှာ - ၁၀

## အကြမ်းဖက်သောင်းကျန်းသူများ၏ အဖျက်အမှောင့်လုပ်ရပ်များကြောင့် ပျက်စီးဆုံးရှုံးခဲ့ရသည့် လျှပ်စစ်အခြေခံအဆောက်အအုံများ ပြန်လည်တည်ဆောက်ရေး ဆောင်ရွက်လျက်ရှိမှုကြောင့် ဒေသတွင်း လျှပ်စစ်ဓာတ်အားများ ပြန်လည်ရရှိ



လားရှိုးမြို့ ၆၆ ကေဗွီ ဓာတ်အားခွဲရုံနှင့် ၃၃ ကေဗွီ ဓာတ်အားခွဲရုံများ ပြုပြင်နေမှု မှတ်တမ်းဓာတ်ပုံ။

နေပြည်တော် ဇူလိုင် ၂၅

လျှပ်စစ်စွမ်းအားကဏ္ဍသည် နိုင်ငံတစ်နိုင်ငံအတွက် များစွာအကျိုးဖြစ်ထွန်းပြီး လူမှုစီးပွားဘဝများဖွံ့ဖြိုးတိုးတက်ရန်၊ပြည်သူလူထု၏လူနေမှုဘဝမြင့်မားစေရန်နှင့်လူမှုစီးပွားဘဝ လုံခြုံတိုးတက်စေရန်အတွက် အဓိကမရှိမဖြစ်လိုအပ်သော အသက်သွေးကြောဖြစ်ပြီး နိုင်ငံတော်အစိုးရနှင့်

စာမျက်နှာ ၂၁ ကော်လံ ၁ ■

## သံလွင်မြစ်ရေ နောက်တစ်ရက်အတွင်း ဘားအံမြို့၏ စိုးရိမ်ရေမှတ်ရောက်ရှိနိုင်

နေပြည်တော် ဇူလိုင် ၂၅

ယနေ့နံနက် ၆ နာရီခွဲအချိန် တိုင်းထွာချက်အရ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ပေ၀ကျော်အလိုတွင် ရောက်ရှိနေပြီး နောက်တစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ဘားအံမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ကြိုတင်သတိပြုနိုင်ရန်နှင့် မြစ်ရေမြင့်တက်လာပါက အချိန်မီရှောင်ရှားနိုင်ရန် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတိပေးနှိုးဆော်ထားသည်။

## ASEAN Hyundai Cup ဘောလုံးပြိုင်ပွဲ အုပ်စုအဖွင့်ပွဲစဉ်တွင် မြန်မာအသင်းက မလေးရှားအသင်းကို နှစ်ဂိုး တစ်ဂိုးဖြင့် ရှုံးနိမ့်



ရန်ကုန် ဇူလိုင် ၂၅

ASEAN Hyundai Cup ဘောလုံးပြိုင်ပွဲ အုပ်စုအဖွင့်ပွဲစဉ်အဖြစ် ယနေ့ညနေ ၄ နာရီခွဲက ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်းတွင် မြန်မာအသင်းနှင့် မလေးရှားအသင်းတို့ယှဉ်ပြိုင်ကစားခဲ့ရာ မြန်မာအသင်းက နှစ်ဂိုး တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့ကြောင်း သိရသည်။

စာမျက်နှာ ၂၀ ကော်လံ ၁ ●

မြန်မာအသင်းနှင့် မလေးရှားအသင်းတို့ ယှဉ်ပြိုင်ကစားနေမှုကို တွေ့ရစဉ်။



## မုံရွာမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲစင်းငုံ ကေအားလုံး ရာနှုန်းပြည့် စိုက်ပျိုးပြီးစီး

သတင်း စာမျက်နှာ - ၂၇